# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ပညာရှိကိုဆည်းကပ်**

အပြစ်ဖော်ပြ နှိမ်ချဆုံးမလေ့ရှိသော ထိုသို့သဘောရှိသော ပညာရှိကို မြှုပ်ထားသော ရွှေအိုးကို ပြောကြားလာသကဲ့သို့ ထင်မှတ်ရှုကြည့်၍ ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို ဆည်းကပ်သောသူမှာ မြတ်၏။ မယုတ်ညံ့ပေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)


၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁ ရက်၊ စနေနေ့။ 30, Saturday July 2016 (၈၆၃၈)


## နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မက္ကဆီကို၊ နယ်သာလန်နှင့် ပေါ်တူဂီနိုင်ငံတို့မှ သံအမတ်ကြီးများခန့်အပ်လွှာပေးအပ်


သတင်း စာမျက်နှာ - ၃




မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒများ ရှင်းလင်းပြောကြားသည့် အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## စီးပွားရေးမူဝါဒကိုအခြေခံသည့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးမရရှိဘဲ ရှေ့ဆက်၍မရနိုင်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြား

နေပြည်တော် ဇူလိုင် ၂၉

**ပြည်ထောင်စုတစ်ဝန်းလုံး၌ တတ်နိုင်သမျှ ညီတူညီမျှဖွံ့ဖြိုးမှုရရှိရန် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အခြေခံသည့် စီးပွားရေးမူဝါဒကို အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး အလုပ်အကိုင်ဖန်တီးရေးကို စီးပွားရေးမူဝါဒ၏ အခြေခံဖြစ်ရမည်ဟု ဆုံးဖြတ်ထားကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ၏စီးပွားရေးမူဝါဒများ ရှင်းလင်းပြောကြားခြင်း အခမ်းအနားတွင် ပြောကြားလိုက်သည်။**


စာမျက်နှာ ၈ ကော်လံ ၁ သို့ ✱


## (၂၁)ရာစုပင်လုံညီလာခံသည် လုံခြုံမှုနှင့် လွတ်လပ်မှုပေးနိုင်သည့် ခိုင်မာသော ပြည်ထောင်စုဖြစ်ပေါ်လာရေး ဆွေးနွေးကြမည့် ပထမခြေလှမ်းဖြစ်

**နေပြည်တော် ဇူလိုင် ၂၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် “ဝ”အထူး ဒေသ(၂)မှ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ ဗဟိုပေါလစ်ဗျူရိုအမြဲတမ်း ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်ယူယိ ဦးဆောင်သည့်အဖွဲ့ဝင်များ၊ အထူးဒေသ(၄)(မိုင်းလား)ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလင်း ဦးဆောင်သည့်အဖွဲ့ဝင်များအား ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ အတွင်းရေးမှူး ဦးခင်ဇော်ဦးနှင့် ငြိမ်းချမ်းရေးကော်မရှင်မှ ဦးမိုးဇော်ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။


**စာမျက်နှာ ၈ ကော်လံ ၁ သို့ ◆**





ကြေးမုံ

# အိမ်တိုင်ရာရောက် အသိပညာပေးဝေ

ယခင်က စာအုပ်အငှားဆိုင်များသည် ထိုခေတ်ထိုကာလက ပြည်သူများအား စာပေအသိပေးဝေရာဌာနငယ်လေးများဟုဆိုနိုင်သည်။ စာအုပ်ဆိုင်လေးများမှာ ငယ်ပင်ငယ်ငြားသော်လည်း မြို့နယ်၊ ရပ်ကွက်အနှံ့တည်ရှိနေသဖြင့် အသိပညာပေးဝေရေး၊ စာပေပြန့်ပွားရေးအတွက် များစွာထိရောက်မှုရှိခဲ့သည်။ ယခုအခါ အဆိုပါစာအုပ်ဆိုင်များ နည်းပါးလာခြင်း၊ နယ်မြို့များ၌ စာအုပ်အသစ်များကို အချိန်ကိုက်မရရှိနိုင်ခြင်း စသည့်အခက်အခဲတို့ကြောင့် စာအုပ်ဆိုင်ကြီးအချို့ ရန်ကုန်မြို့တွင်းနှင့် နယ်မြို့များသို့ အိမ်တိုင်ရာရောက်ပို့ဆောင်သည့်စနစ်ကို စတင်စမ်းသပ်လုပ်ဆောင်လာကြသည်ဟု သိရသည်။

အိမ်တိုင်ရာရောက်ပို့ဆောင်သည့်စနစ်ကို ငါတို့စာပေ၊ ကံ့ကော်ဝတ်ရည်စာအုပ်တိုက်၊ စိတ်ကူးချိုချိုစာအုပ်တိုက်နှင့် စာပေနန်းတော်စာအုပ်ဆိုင်တို့မှဦးဆောင် ဆောင်ရွက်ပေးလျက်ရှိသည်။ ကိုယ်တိုင်အိမ်တိုင်ရာရောက်ပို့ဆောင်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများနှင့်ချိတ်ဆက်ကာ ပို့ဆောင်ပေးသည့်စနစ်ကို ကျင့်သုံးကြသည်။ စေတနာမှန်သော လုပ်ဆောင်ချက်ဖြစ်၍ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိလိမ့်မည်ဟု ယုံကြည်ပါသည်။

အိမ်တိုင်ရာရောက် လုပ်ဆောင်မှုစနစ်တစ်ခု အောင်မြင်မှုကို ကျွန်ုပ်တို့နိုင်ငံတွင် စာမတတ်သူပပျောက်ရေး အသုံးလုံးလှုပ်ရှားမှုများတွင် အထင်အရှားတွေ့မြင်နိုင်ပါသည်။ လုပ်အားပေးဆရာများကိုယ်တိုင် သင်တန်းနယ်မြေ ဒေသအောက်ခြေအထိ လှည်းတစ်တန်၊ လှေတစ်တန် သွားရောက်ကာ ဒေသခံစာသင်သားများနှင့် ရင်းရင်းနှီးနှီး အကျွမ်းတဝင် လက်ဆင့်ကမ်းအသိပညာမျှဝေပေးခဲ့သည်။ စာမတတ်သူများထံ ထိုသို့ အသိပညာပေးဝေနိုင်ခဲ့ခြင်းကြောင့် ၁၉၆၄ ခုနှစ်မှစတင်ခဲ့သော ၎င်းအကျိုးဆက်သည် နောင်သောအခါ နိုင်ငံ၏လူဦးရေ၏ ၉၀ ရာခိုင်နှုန်းကျော် စာတတ်မြောက်သူများ ဖြစ်လာခဲ့သည်။

တစ်ဖန် ထိုစာတတ်သူများ စာဖတ်နိုင်အောင် စာမဖတ်သူပပျောက်ရေးကို ရည်ရွယ်လျက် ကျေးလက်မြို့ပြ တစ်နိုင်ငံလုံးအနှံ့တွင် စာကြည့်တိုက်ပေါင်း ငါးသောင်းကျော်ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ သို့သော် ရာနှုန်းပြည့်အောင်မြင်မှု မရရှိခဲ့ပါ။ ထိုစာကြည့်တိုက်များအနက် လက်ရှိဖွင့်လှစ်ထားသော စာကြည့်တိုက်ပေါင်းမှာ ရှစ်ထောင်ကျော်သာရှိတော့ကြောင်း သိရသည်။ ကျေးလက်စာကြည့်တိုက်များသည် အိမ်တိုင်ရာရောက် ထောက်ကူမှုပြုပေးနိုင်သည့် စာအုပ်ဖြန့်ဝေရာ နေရာများဟုဆိုနိုင်သည်။

အဘယ်ကြောင့် စာကြည့်တိုက်များပိတ်ထားရသနည်း။ အဖြေမှာ အနစ်နာခံစေတနာ့ဝန်ထမ်းလုပ်ဆောင်ပေးမည့် စာကြည့်တိုက်မှူးကောင်းများ မရနိုင်၍ဟု သုံးသပ်ရပါသည်။ စာကြည့်တိုက်တစ်ခု၏ အောင်မြင်မှုတွင် B ငါးလုံးမှာ အခရာဖြစ်သည်။ Building, Books, Budjet, Brain, Borrower ဟူ၍ ငါးမျိုးရှိရာ Brain ဟူသည့် စာကြည့်တိုက်မှူးက အဓိကကျပါသည်။ (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများညီလာခံ ပထမအကြိမ် အမှုဆောင်အဖွဲ့အစည်းအဝေးကျင်းပမည်ဖြစ်ရာ ယင်းမှ မြန်မာနိုင်ငံရှိ စာကြည့်တိုက်များ၏ အဓိကအားနည်းချက်ကို ကုစားပေးနိုင်ရန် အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်ပါသည်။

မြို့နယ်တိုင်းရှိ လူအများစည်ကားရာနေရာများတွင် စာပေရေချမ်းစင်များ ဖွင့်လှစ်ပေးခဲ့သည်။ ယခုအခါ တဖြည်းဖြည်းနှင့်မှေးမှိန်သယောင်ရှိလာသည်။ ယခုတစ်ဖန် နိုင်ငံအနှံ့အပြားတွင် အများပြည်သူ အပန်းဖြေနိုင်ရန် ရုပ်ရှင်ရုံတစ်ရာစီမံချက်ကို အကောင်အထည်ဖော်နေပြီး ထိုရုပ်ရှင်ရုံသစ် အဝန်းအဝိုင်းတွင် စာအုပ်စင်တာများပါ ရှိလာမည်ဆိုပါက အကျိုးနှစ်ခု ဖြစ်ထွန်းလာနိုင်သည်ဟု ယူဆပါသည်။

ယခုစာဖတ်သူပြည်သူများထံသို့ အိမ်တိုင်ရာရောက် စာအုပ်ဖြန့်ဝေပေးသော စေတနာလုပ်ဆောင်ချက်များကို တွေ့လာရသည်။ တစ်ဖက်တွင် စီးပွားရေးအရ တွက်ခြေကိုက်အောင်ကြိုးပမ်းရသလို တစ်ဖက်တွင် ပြည်သူများ လက်ဝယ်သို့ စာကောင်းပေမွန်များ ဆောလျင်စွာ ရောက်ရှိနိုင်ရေး ကြိုးပမ်းချက်တစ်ရပ်ဟုလည်းဆိုရမည်။ မြင်းကို မြစ်ဆိပ်သို့ အတင်းဆွဲခေါ်နိုင်သော်လည်း အတင်းရေသောက်ခိုင်း၍မရ ဆိုသကဲ့သို့ မြင်းကို ရေသောက်ချင်လာအောင် လုပ်ဆောင်ရမည်။ မည်သို့လုပ်ယူရမည်ကို စာပေအသိုင်းအဝိုင်းက အဖြေထုတ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ။

## ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး ဦးဆောင်သည့်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၉**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Pisanu Suvanajata ဦးဆောင်သော အဖွဲ့အား ဇူလိုင် ၂၇ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၁) ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ နယ်စပ်ဖွံ့ဖြိုးရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ ရှမ်းပြည်နယ်တို့ကို ဆက်သွယ်မည့် လမ်းကြောင်းသစ် ဖောက်လုပ်ရေး၊ နှစ်နိုင်ငံလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေးကိစ္စများ၊ ဝန်ကြီးဌာနမှလိုအပ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အကူအညီပေးရေးဆိုင်ရာ ကိစ္စများ၊ ငါးနှစ်တာကာလအတွင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## မိုးရွာသွန်းမှုများသော်လည်း အလွန်မအေးသဖြင့် ပိုးစာပင်ဖြစ်ထွန်း ပိုးမွေးရာတွင် မိုးများသောလများကို ရှောင်ခြင်းဖြင့် ပိုမိုအောင်မြင်မည်

**နေပြည်တော် ဇူလိုင် ၂၉**

ကရင်ပြည်နယ်သည် မိုးရွာသွန်းမှုများသော်လည်း အလွန်အေးသောဒေသမဟုတ်သဖြင့် ပိုးစာပင်ဖြစ်ထွန်းမှုကောင်းမည်ဖြစ်သည်။ ပိုးမွေးရာတွင်လည်း မိုးများသောလများကို ရှောင်၍ မွေးမြူမည်ဆိုပါက အောင်မြင်မည်ဖြစ်သည်။ မြေအမျိုးအစားအရ ရေမဝပ်သော pH ၅. ၅-၇ အတွင်းရှိ မြေမျိုးများတွင် စိုက်ပျိုးနိုင်မည်ဖြစ်သည်။ တောင်စောင်းကုန်းမြင့်ဖြစ်ပါက ရေတိုက်စားခြင်းမဖြစ်ရန် ကွန်တိုဖြင့်လည်းကောင်း၊ ကန်သင်းကန့်ဖြင့်လည်းကောင်း စိုက်ပျိုးနိုင်သည်။

မိုးရေချိန်ဇယားအရ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် မိုးလုံးဝမရွာခြင်း၊ အနည်းငယ်သာ (တစ်လတွင် တစ်ရက်မှ လေးရက်ခန့်) ရွာသောလများဖြစ်သဖြင့် ပိုးမွေးမြူနိုင်သောလများဖြစ်သည်။ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများမှာ မိုးရွာသွန်းမှုများသော လများဖြစ်သဖြင့် အပင်ပေါင်းရှင်းခြင်း၊ မြေဩဇာထည့်ခြင်း၊ ကိုင်းဖြတ်ခြင်းစသည့်လုပ်ငန်းများကို ဆောင်ရွက်သင့်သည်။ ပိုးမွေးမြူခြင်းကို အောက်တိုဘာမှစ၍ နိုဝင်ဘာ၊ ဒီဇင်ဘာလလယ်ထိ အပူချိန်ကိုလိုက်၍ မွေးမြူနိုင်မည်ဖြစ်သည်။ သို့ပါ၍ တစ်နှစ်တွင် ခြောက်လခန့် ပိုးမွေးနိုင်မည်ဖြစ်သည်။ မိုးရေချိန်နှင့် အပူချိန်အရ ပိုးစာရွက်အထွက်ကောင်းမည့် အခြေအနေဖြစ်သဖြင့် ပိုးစာတစ်ဧကမှ ပျမ်းမျှပိုး ငါးကတ်မွေးမြူနိုင်မည်ဖြစ်သည်။ ပိုးတစ်ကတ်လျှင် ပျမ်းမျှပိုးအိမ် ပေါင် ၅၀ ထွက်ပါက အနည်းဆုံးပေါင် ၂၅၀ ရရှိမည်ဖြစ်သဖြင့် ပိုးအိမ်တစ်ပေါင်လျှင် ငွေကျပ် ၁၈၀၀ နှုန်းဖြင့် ဝင်ငွေကျပ် ၄၅၀၀၀၀ ရရှိနိုင်သဖြင့် စီးပွားရေးအရလည်း တွက်ခြေကိုက်မည်ဖြစ်သည်။

ပိုးမွေးရန် ပိုးစာပင်စိုက်ပျိုးရမည်ဖြစ်သဖြင့် ပိုးစာတစ်ဧကစိုက်ပါက ခုနစ်သိန်းမှ ရှစ်သိန်းကုန်ကျမည်ဖြစ်ပြီးပိုးတစ်ကတ် မွေးမည်ဆိုပါက ငွေကျပ် ၅၉၀၀၀ ကုန်ကျမည်ဖြစ်သည်။ ပိုးစာငါးဧက စိုက်ပျိုးလျှင် တစ်ပြိုင်တည်း ပိုးကတ် ၁၀ ကတ်မွေးမြူ၍ ပိုးအိမ် (၅၀၀-၇၀၀)ပေါင် ထုတ်လုပ်နိုင်မည်ဖြစ်သည်။ (မြစ်ကြီးနားပိုးစာခြံ၏ ရာသီဥတုနှင့် အပင်ဖြစ်ထွန်းမှု တူနိုင်သဖြင့်) ပိုးဥကတ်များများမွေးပါက ကုန်ကျစရိတ်မှာလည်း အချိုးကျ နည်းသွားမည်ဖြစ်သည်။ ပိုးမွေးချိန်တွင် Over Lap မွေးမြူပါက တစ်ရာသီလျှင် ၁၅ ကတ်နှုန်းဖြင့် တစ်နှစ်လျှင် နှစ်ရာသီပိုးကတ် ၃၀ မွေးမြူနိုင်မည်ဖြစ်သည်။ တစ်နှစ်လျှင် ပိုးအိမ် ၁၅၀၀ မှ ၂၀၀၀ ပေါင် ထွက်နိုင်ပါသည်။ ပိုးငါးဧကမှ ပိုးဥကတ် (၂၅-၃၀)မွေးမြူ၍ ပိုးအိမ်ဖိုးငွေကျပ် (၂၇ သိန်းမှ ၃၆ သိန်းခန့်) ရရှိနိုင်မည်ဖြစ်ပြီး ပိုးချည်ထုတ်လုပ်ရောင်းချပါက ပိုမိုအကျိုးအမြတ်ရရှိနိုင်မည်ဖြစ်သည်။

ပိုးစာပင်သည် နှစ်ရှည်သီးနှံပင်ဖြစ်သဖြင့် စိုက်ပျိုးပြီးနောက်နှစ်များတွင် ပြုစုထိန်းသိမ်းမှုသာ ပြုလုပ်ရမည်ဖြစ်သဖြင့် လုပ်ခစရိတ်များ သက်သာသွားမည် ဖြစ်သည်။ ကရင်ပြည်နယ်သည် အမြင့်ဆုံးပျမ်းမျှအပူချိန် (၃၃. ၂၉°C)ရှိကြောင်း သိရသဖြင့် ပိုးမွေးမြူရန်လည်း သင့်တော်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

○



## ရေကြီးနစ်မြုပ်ခဲ့သော ရေကန်များအားပြန်လည်ပြုပြင်

**မြောက်ဦး ဇူလိုင် ၂၉**

မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးနစ်မြုပ်ခဲ့သော ချောင်းသစ်ကျေးရွာ၊ ကျီရာပြင်၊ အိုးထိမ်း၊ ရန်အောင်မြင်၊ သားတော်၊ င/မဲပြင်၊ လင်ဂျာကျေးရွာများရှိ သောက်သုံးရေကန်များတွင် ရေဆိုးအညစ်အကြေးများ ကင်းရှင်းစေရန်အတွက် မြောက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့်ဝန်ထမ်းများနှင့်UNICEF တို့ ပူးပေါင်း၍ ဇူလိုင် စတုတ္ထပတ်က ပြုပြင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၅၂၂)**

**အိမ်တိုင်းမှာ သစ်ပင်၊ ရွာစဉ်မှာ တောတန်း၊ တစ်တောဝင်၊ တစ်တောဆက်၊ မြို့တက်မယ့်လမ်း**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မက္ကဆီကို၊ နယ်သာလန်နှင့် ပေါ်တူဂီနိုင်ငံတို့မှ သံအမတ်ကြီးများခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မက္ကဆီကို ပြည်ထောင်စုနိုင်ငံသံအမတ်ကြီး မစ္စတာ ရိုဂယ်လီရိုဂရန် ဂေလ်ဟုမ်းမော်ဖင်းသည် ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ နယ်သာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဝေါင်တာရောဘတ်မာရီရာဂန်စ်သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ ပေါ်တူဂီနိုင်ငံ သံအမတ်ကြီး မစ္စတာ ဖရန်စစ္စကိုဗာ့စ် ပါတိုကိုသည် ယနေ့ နံနက် ၁၁ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်းတို့၏သံအမတ်ခန့်အပ်လွှာများကို ပေးအပ်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ နယ်သာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဝေါင်တာရောဘတ်မာရီရာဂန်စ် ၎င်း၏သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပေါ်တူဂီနိုင်ငံ သံအမတ်ကြီး မစ္စတာ ဖရန်စစ္စကိုဗာ့စ်ပါတိုကို ၎င်း၏သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။ (သတင်းစဉ်)

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၃။)**
**၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်**
**( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅ တွင် ပါရှိသော "အဖွဲ့ဝင် ၅ ဦးစီကို" ဆိုသည့် စကားရပ်ကို "ငါးဦးစီထက်မပိုသော အရေအတွက်တူညီသည့်အဖွဲ့ဝင်များကို" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "ရွေးချယ်ထားသည့်အဖွဲ့ဝင် စုစုပေါင်း ၁၅ ဦး၏" ဆိုသည့် စကားရပ်ကို "ရွေးချယ်ထားသည့် အဖွဲ့ဝင်များ၏" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၄။)**
**၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်**
**( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ (၁၉၉၀ ပြည့်နှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၁) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၅။)**
**၁၃၇၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်**
**( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေ (၂၀၀၂ ခုနှစ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၈) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## သံလွင်မြစ်ရေအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၉**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

**(ကြေးမုံ)**

# မြန်မာနိုင်ငံဆိုင်ရာ ဘူတန်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘူတန်ဘုရင့်နိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ရှိဝမ် ရှော့ဖယ်(လ်) ဒိုဂျီအား ခန့်အပ်ရန်အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရက သဘောတူညီပြီးဖြစ်သည်။ ၎င်းသည် ဗန်ကောက်မြို့တွင်အခြေစိုက်၍ တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

### တာဝန်ထမ်းဆောင်လျက်ရှိ

မစ္စတာ ရှိဝမ် ရှော့ဖယ်(လ်) ဒိုဂျီကို ၁၉၆၉ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၅ ခုနှစ်တွင် ဘူတန်ဘုရင့်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နှစ်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာဆက်ဆံရေးဌာန၌ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခြင်းမပြုမီ ၁၉၉၁ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ဘူတန်ဘုရင့်တပ်မတော်တွင် ဒုဗိုလ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဌာနအသီးသီးတွင် ရာထူးအဆင့်ဆင့်ကို တာဝန်ယူခဲ့ရာ နယူးဒေလီမြို့ရှိ ဘူတန်ဘုရင့်သံရုံးတွင် လည်းကောင်း၊ နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ ဘူတန်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် လည်းကောင်း တာဝန်များထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် မစ္စတာ ရှိဝမ် ရှော့ဖယ်(လ်) ဒိုဂျီသည် ဘူတန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဒေသတွင်းအဖွဲ့အစည်းများဌာနနှင့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု ပေါင်းစပ်ညှိနှိုင်းရေးရုံးတို့၏အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့်အပြင် ဘူတန်အသံလွှင့်မှုဆိုင်ရာလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ်လည်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်ဖြစ်ပြီး သမီးတစ်ဦးရှိသည်။

# အင်ဒိုနီးရှား၌ လူလေးဦးကို မူးယစ်ကုန်ကူးမှုဖြင့် ကွပ်မျက်



**ဂျကာတာ ဇူလိုင် ၂၉**
အင်ဒိုနီးရှားနိုင်ငံ၌ မူးယစ်ဆေးဝါးကုန်ကူးသူ နိုင်ဂျီးရီးယားနိုင်ငံသား သုံးဦးအပါအဝင် လူလေးဦးကို ဇူလိုင် ၂၉ ရက် အစောပိုင်းတွင် သေဒဏ်စီရင်ချက်အရ ကွပ်မျက်လိုက်ကြောင်း၊ သို့ရာတွင် နောက်ထပ်ကွပ်မျက်ခံရမည့် မူးယစ်ဆေးဝါး ကုန်ကူးသူ ၁၀ ဦးကို အဆုံးမစီရင်သေးဘဲ ဆိုင်းငံ့ထားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကနဦးအနေဖြင့် လူ ၁၄ ဦး အထိကို လက်မရွံ့ အာဏာပါးကွက်သားများက သေနတ်ဖြင့် ပစ်ခတ်၍ ကွပ်မျက်ရန် စီစဉ်ခဲ့သည်။ သို့ရာတွင် လူ ၁၀ ဦး၏ အမှုများနှင့်ပတ်သက်၍ မှားယွင်းသော ဆုံးဖြတ်ချက် တစ်စုံတစ်ရာ ဖြစ်ပေါ်နိုင်သည့်အတွက် ၎င်းတို့ကို ကွပ်မျက်ခြင်း မပြုသေးဘဲ ဆိုင်းငံ့ထားရန်နှင့် အမှုများကို အပြည့်အဝ ပြန်လည် သုံးသပ်ရန် ညွှန်ကြားလိုက်ကြောင်း ရှေ့နေချုပ် မိုဟာမက် ပရာဆက်ယိုက ပြောကြားသည်။

၁၀ ဦးပါအဖွဲ့မှ ပါကစ္စတန်တစ်ဦးနှင့် အင်ဒိုနီးရှား အမျိုးသမီးတစ်ဦးတို့က သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့် ရရှိရန် အယူခံတင်သွင်းထားကြသည်။

**ရိုက်တာ။**

# အိုကီနာဝါကျွန်းရှိ အမေရိကန်တပ်ဖွဲ့က ထိန်းချုပ်သည့် မြေရာကို လွှဲပြောင်းပေးအပ်ရန် ပြင်ဆင်

တိုကျို ဇူလိုင် ၂၉
**အမေရိကန်စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများသည် ဂျပန်နိုင်ငံ အိုကီနာဝါကျွန်း၌ အမေရိကန်စစ်ဘက်က ထိန်းချုပ်ထားသော မြေရာအချို့ကို ဂျပန်အစိုးရအဖွဲ့ထံ ပြန်လည်ပေးအပ်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။**




အိုကီနာဝါကျွန်း၌ အမေရိကန်စစ်ဘက်က ငှားရမ်းထားသော အရပ်သား ကန်ထရိုက်လုပ်ငန်းရှင်တစ်ဦးက ဒေသခံ အမျိုးသမီးတစ်ဦးကို သတ်ဖြတ်ခဲ့သည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့၏ စစ်ရေးတည်ရှိမှုကို ဒေသခံပြည်သူတို့က ကန့်ကွက်မှုများကို တိုးမြှင့်ပြုလုပ်လာနေချိန်တွင် အမေရိကန်တပ်ဖွဲ့၏ ထိန်းချုပ်မှုအောက်ရှိ မြေရာကို လွှဲပြောင်းပေးအပ်ရန် စီစဉ်ခြင်းဖြစ်သည်။

အိုကီနာဝါကျွန်းသည် အာရှရှိ အမေရိကန် စစ်စခန်းများအနက် အရေးအပါဆုံး စစ်စခန်းဖြစ်သည်။ အိုကီနာဝါကျွန်းရှိ အမေရိကန်တပ်စခန်းများသည် ကျွန်း၏ နယ်မြေငါးပုံတစ်ပုံအထိ နေရာယူထားပြီး အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀၀ ရှိသည်။

အိုကီနာဝါကျွန်းရှိ ဒေသခံပြည်သူများ၏ ခံစားချက်များကို မိမိတို့လေးစားကြောင်း၊ မိမိတို့၏ စစ်ရေးတည်ရှိမှုကို လျှော့ချရမည်ဖြစ်ကြောင်း အိုကီနာဝါ အခြေစိုက် အမေရိကန်တပ်မှူးကြီး ဒုတိယဗိုလ်ချုပ်ကြီး နီကိုဆန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

စစ်ရဟတ်ယာဉ် ဆင်းသက်ရာ ကွင်းသစ်များ တည်ဆောက်ပြီးစီးသည်နှင့် တစ်ပြိုင်နက်တည်း အမေရိကန်စစ်ဘက်က အိုကီနာဝါရှိ တပ်ဖွဲ့သုံးမြေရာ ဟက်တာ ၄၀၀၀ ကို ဂျပန်အစိုးရအဖွဲ့ထံပြန်လည်လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း၊ ယင်းနယ်မြေပမာဏမှာ အမေရိကန်တပ်ဖွဲ့က ထိန်းချုပ်ထားသော နယ်မြေအကျယ်အဝန်း၏ ၁၇ သန်းနှုန်းရှိပြီး ၁၉၇၂ ခုနှစ်အောက်ပိုင်း မြေရာလွှဲပြောင်းပေးမှုများအနက် အကြီးကျယ်ဆုံးဖြစ်ကြောင်း အမေရိကန်တပ်မှူးကြီးက ပြောကြားသည်။

**ရိုက်တာ။**

# အာဖရိကတိုက်၌ တန်ပြန်အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးအတွက် ကန်ဒေါ်လာ သန်း ၁၂၀ ဂျပန် ပံ့ပိုးကူညီမည်

**တိုကျို ဇူလိုင် ၂၉**
အာဖရိကတိုက်အတွင်း တန်ပြန်အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးကြိုးပမ်းမှုများကို ထောက်ခံအားပေးရန် ဘဏ္ဍာရေးအကူအညီအဖြစ် ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ သန်း ၁၂၀ ထောက်ပံ့ပေးမည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီအိုကီရှီဒါက ပြောကြားသည်။

ကီရှီဒါက အဆိုပါကြေညာချက်ကို နယူးယောက်မြို့တော်ရှိ ကုလသမဂ္ဂဌာနချုပ်တွင် ဇူလိုင် ၂၈ ရက်က ကျင်းပသော ၎င်းသဘာပတိအဖြစ် ဆောင်ရွက်သည့် အာဖရိကတိုက်တွင် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပတ်သက်သည့် အစည်းအဝေး၌ ပြောကြားခဲ့ခြင်းဖြစ်သည်။ ယင်းအစည်းအဝေးတွင် အာဖရိကတိုက်၌ ကူးစက်ရောဂါများ ကြုံတင်ကာကွယ်ရေးအတွက် ဥက္ကဋ္ဌတစ်ဦး တောင်းဆိုထားသည့် ကျန်းမာရေးစနစ်တစ်ရပ် ဖြစ်ပေါ်လာရေး ထုတ်ပြန်ချက်တစ်ရပ်ကို ချမှတ်ခဲ့သည်။



အဆိုပါထုတ်ပြန်ချက်က အကြမ်းဖက်ဝါဒကို ဖြစ်ပေါ်စေနိုင်သော စိတ်ကူးအကြံညဏ်များကို လူငယ်များ တွေးခေါ်ခြင်းမှ ကြိုတင်တားဆီးရန် ၎င်းတို့အတွက် အရည်အသွေးမြင့်မားသော ပညာရေး၏ အရေးပါမှုကို ညွှန်ပြနေသည်။ ဂျပန်နိုင်ငံက ထောက်ပံ့မည့်ငွေကြေးကို လာမည့်နှစ်နှစ်အတွင်း အာဖရိကတိုင်းပြည်များရှိ လူပေါင်း ၃၀၀၀၀ ခန့်အား လေ့ကျင့်ပေးမှုအပြင် အခြားလုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက် သုံးစွဲသွားမည်ဖြစ်ကြောင်း ကီရှီဒါက ဆိုသည်။

ထုတ်ပြန်ချက်က အာဖရိကတိုက်တွင် ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအတွက် ပံ့ပိုးကူညီရန် ဂျပန်နိုင်ငံက သံန္နိဋ္ဌာန်ချမှတ်ထားသည်ဆိုသော သတင်းစကားကို ပေးပို့သည့်အပြင် ယခုအစည်းအဝေးက ဩဂုတ်လအတွင်း ကင်ညာနိုင်ငံ၌ကျင်းပမည့် အာဖရိကဖွံ့ဖြိုးရေးဆိုင်ရာ တိုကျိုအပြည်ပြည်ဆိုင်ရာညီလာခံအောင်မြင်ရေးကို အထောက်အကူပြုစေမည်ဟု မျှော်လင့်ကြောင်း ၎င်းက သတင်းထောက်များသို့ ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

## ဩစတြေးလျနိုင်ငံ၏ အကြီးမားဆုံးသော မူးယစ်ဆေးဝါးဖမ်းဆီးမှုပါသင်္ဘောအား အွန်လိုင်းလေလံတင်

**ဆစ်ဒနီ ဇူလိုင် ၂၉**
ဩစတြေးလျနိုင်ငံအနောက်ပိုင်းတွင်ဖြစ်ပွားခဲ့သည့် သမိုင်းတစ်လျှောက် အကြီးမားဆုံးသော မူးယစ်ဆေးဝါးဖမ်းဆီးမှုများအနက် တစ်ခုနှင့် ဆက်နွှယ်နေသည့် ရေယာဉ်တစ်စင်းကို ဩဂုတ် ၁ ရက်တွင် ပြီးဆုံးမည့် ငါးရက်ကြာအွန်လိုင်းအရောင်းပွဲ၌ လေလံတင်ရောင်းချလျက်ရှိသည်။

အာဏာပိုင်များက ရေယာဉ်ပေါ်တွင် ဩစတြေးလျဒေါ်လာ သန်း ၂၀၀ (အမေရိကန်ဒေါ်လာ သန်း ၁၅၀) တန်ကြေးရှိ ပုံဆောင်ခဲ မီသာဖက်တမင်းဆေးပြားများ ရှာဖွေတွေ့ရှိပြီးနောက် အဆိုပါရေယာဉ်အား ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး လူ ၁၄ ဦးကို တရားစွဲဆိုထားသည်။ ဩစတြေးလျ ပင်လယ်ရေကြောင်းအက်ဥပဒေအရ အွန်လိုင်းလေလံတင်ရောင်းချမှုကို ခွင့်ပြုခြင်းဖြစ်ကြောင်း ဩစတြေးလျ ဖယ်ဒရယ်ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက အတည်ပြုပြောကြားသည်။

လေလံတင်ရောင်းချမှုမှရရှိသောငွေကြေးကို နောက်ပိုင်း စိစစ်သွားမည်ဖြစ်သော်လည်း ယခင်က ပြည်သူပိုင်သိမ်းဆည်းထားသောပစ္စည်းများမှ ရရှိလာသောငွေကြေးကို ပြည်သူလူထုအတွက် အကျိုးဖြစ်စေသည့် ရာဇဝတ်မှုကြိုတင်တားဆီးရေး သို့မဟုတ် ဥပဒေစိုးမိုးရေးဆောင်ရွက်မှုများကဲ့သို့သော လုပ်ငန်းစဉ်များတွင် ရန်ပုံငွေအဖြစ် သုံးစွဲခဲ့ကြောင်း ၎င်းက ဆိုသည်။

အဆိုပါသင်္ဘော လေလံတင်ရောင်းချမည့်ကြော်ငြာတွင် သင်္ဘောကြမ်းပြင်၌ အပေါက်များပါရှိပြီး အသက်ကယ်ပစ္စည်းများမရှိသလို ဩစတြေးလျရေပိုင်နက်အတွင်း ခုတ်မောင်းသွားလာခွင့် မှတ်ပုံတင်ထားခြင်း မရှိသေးကြောင်း ထည့်သွင်းဖော်ပြထားသည်။ **ဆင်ဟွာ။**

---

## အမေရိကန်တပ်ဖွဲ့များ တောင်ကိုရီးယားမှ ရုပ်သိမ်းသွားရန် မြောက်ကိုရီးယား တောင်းဆို

**ပြုံယမ်း ဇူလိုင် ၂၉**
တောင်ကိုရီးယားနိုင်ငံ၌ အမေရိကန်စစ်ရေးအရ တည်ရှိမှုကြီးထွားလာနေခြင်းကို ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့ သမ္မတနိုင်ငံ (ဒီပီအာကေ)က ဇူလိုင် ၂၈ ရက်တွင် ဒေါသတကြီး ဝေဖန်ပြောကြားလိုက်သည်။ တောင်ကိုရီးယား၌ တည်ရှိနေသည့် အမေရိကန်တပ်ဖွဲ့များသည် ချိန်ကိုက်ဗုံးတစ်လုံးနှင့် အလားသဏ္ဌာန်တူညီကြောင်း အမျိုးသားငြိမ်းချမ်းရေးကော်မတီပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုက အိုကီနာဝါကျွန်းတွင် ဖြန့်ကြက်ထားသော ဟက်ထရီကော့ ပီအေစီ-၃ ပဲ့ထိန်းဒုံးကျည် တိုက်ဖျက်ရေး ဒုံးကျည်စနစ်ကို စစ်ရေးလေ့ကျင့်ရာ၌ အသုံးပြုနိုင်ရန် တောင်ကိုရီးယားနိုင်ငံ ကူဆန်မြို့ရှိ အမေရိကန်လေတပ် အခြေစိုက်စခန်းသို့ ပေးပို့ခဲ့သည်ဟု မြောက်ကိုရီးယားနိုင်ငံက စွပ်စွဲသည်။ တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့၏ ပူးတွဲဆုံးဖြတ်ချက်အရ ကိုရီးယားကျွန်းဆွယ်၌ အမေရိကန်၏ အဆင့်မြင့်ပဲ့ထိန်းဒုံးကျည် ကာကွယ်ရေးစနစ် (တီအိတ်ချ်အေအေဒီ)ကို ဖြန့်ကြက်မည်ဖြစ်ပြီး ဒုံးကျည်ဖြန့်ကြက်မည့် အစီအစဉ်ကို အကြောင်းပြု၍ ဒေသဆိုင်ရာ တင်းမာမှုများ ပေါ်ထွက်လာချိန်တွင် မြောက်ကိုရီးယား ပြောရေးဆိုခွင့်ရှိသူက ယင်းသို့ စွပ်စွဲခြင်းဖြစ်သည်။

စစ်ရေးလေ့ကျင့်မှု၏ ရည်ရွယ်ချက်မှာ ကိုရီးယားကျွန်းဆွယ်၌ လက်နက်ကိုင်တိုက်ခိုက်မှုဖြစ်ပွားလာပါက ဂျပန်နိုင်ငံအခြေစိုက် ပဲ့ထိန်းဒုံးကျည်ကြားဖြတ်ဟန့်တားရေးစနစ်ကို တောင်ကိုရီးယားနိုင်ငံသို့ လျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက်ဖြစ်ကြောင်း တောင်ကိုရီးယား ယွန်ဟပ်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်တပ်ဖွဲ့ တည်ရှိနေခြင်းကြောင့် တောင်ကိုရီးယားသည် မြောက်ကိုရီးယား၏ ဦးစားပေး ပစ်မှတ်ဖြစ်နေမည်ဖြစ်ကြောင်း၊ တောင်ကိုရီးယားသည် အမေရိကန်လိုလားသည့် မူဝါဒအား ချက်ချင်းပြောင်းလဲပစ်ကာ ကိုရီးယား ကျွန်းဆွယ်အတွင်းမှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းသွားရန် တောင်းဆိုမည်ဖြစ်ကြောင်း ကိုရီးယားအမျိုးသားငြိမ်းချမ်းရေးကော်မတီ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **ဆင်ဟွာ။**

# လုပ်သက်ခွင့်စုဆောင်းရန်မလိုဘဲ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄)လအထိ တိုးမြှင့်ခံစားခွင့်ပြုထား

**နေပြည်တော် ဇူလိုင် ၂၉**

ယခင် ဝန်ထမ်းစည်းမျဉ်းများဆိုင်ရာ ကောက်နုတ်ချက်စာစောင်အပိုဒ် ၇၂ အရ သက်ပြည့်အငြိမ်းစားယူမည့် ဝန်ထမ်းများအား အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကို ခွင့်ပြုရာတွင် အဆိုပါဝန်ထမ်းက စုဆောင်းထားရှိသည့် လုပ်သက်ခွင့်လက်ကျန် (အများဆုံး လေးလ)ကိုသာ ခွင့်ပြုခဲ့ပြီး ယခုအခါ နိုင်ငံ့ဝန်ထမ်းဥပဒေများ၊ နည်းဥပဒေ ၈၁ ပါ ပြဋ္ဌာန်းချက်အရ လုပ်သက်ခွင့်ကို စုဆောင်းရန်မလိုဘဲ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကို (၄)လအထိ တိုးမြှင့်ခံစားခွင့်ပြုပေးထားပါသည်ဟု ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ပြောကြားသည်။

ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပသည့် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို မေးမြန်းသည့် ရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ် မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော နိုင်ငံ့ဝန်ထမ်းဥပဒေများတွင် ပြဋ္ဌာန်းထားသော လုပ်သက်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်အစား မူလက ပြဋ္ဌာန်းထားသည့် (FR-72,73 နှင့် BLR5,10) ပါ ပြဋ္ဌာန်းချက်အတိုင်း ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းအပေါ် ၎င်းက အထက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပြက္ခဒိန်နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် ဝန်ထမ်းတစ်ဦး၏ ခွင့်စာရင်း၌ ကျန်ရှိသောလုပ်သက်ခွင့်များကို ဆက်လက်စုဆောင်းခွင့်ရှိသည်။ သို့ရာတွင် စုဆောင်းနိုင်သည့် ခွင့်ရက်သည် နှစ်လထက်မပိုစေရဟု ပြင်ဆင်ပြဋ္ဌာန်း ထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်ရန် အကြံပြုချက်ရရှိပြီးဖြစ်သဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်တင်ပြကာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ရက် (၁၀၀) စီမံချက်ကာလအတွင်း ထုတ်ပြန်ပြဋ္ဌာန်းကျင့်သုံးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ဖြည့်စွက်ပြောကြားခဲ့သည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်တင်သွင်းသည့် မကွေးတိုင်းဒေသကြီး အနောက်ပိုင်းရှိ သစ်တောပြုန်းတီးမှုများနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများအား ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ မင်းတုန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနုက သစ်တောပြုန်းတီးမှုကို ပိုမိုဖြစ်ပွားစေသည်မှာ ယခုအခါ အမြို့မြို့အနယ်နယ်ရှိ ဆိုင်များတွင် အလွယ်တကူ ဝယ်ယူရရှိနေသော Chain Saw ခေါ် လျှပ်စစ်လွှများဖြင့် စည်းမဲ့ကမ်းမဲ့ ထုတ်ယူနေကြသည့်အပိုင်းကို ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ မင်းတုန်းမြို့နယ်သည်လည်း မကွေးတိုင်းဒေသကြီး အနောက်ပိုင်း ရခိုင်ရိုးမနှင့် ကပ်လျက်တည်ရှိနေသော ယခင်သစ်တောများ ထူထပ်လျက်ရှိပြီး အေးချမ်းသည့် တောင်ပေါ်မြို့လေးတစ်မြို့ ဖြစ်ပါကြောင်း၊ ယခုအချိန်မှာ ထိုလျှပ်စစ်လွှများဖြင့် သစ်တောများမှ တရားမဝင်ထုတ်ယူခြင်းကြောင့် သစ်တောများ ပြုန်းတီး၍ ရာသီဥတုများဆိုးရွားစွာ ဖောက်ပြန်ပြီး ပူပြင်းသည့်ဒဏ်ကို ခံစားနေကြရပြီဖြစ်


ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း


လှိုင်းဘွဲ့မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို

ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ် ဇွန် ၆ ရက် နေ့စွဲပါ အမိန့်ကြေညာစာအမှတ် ၂၉/၂၀၁၃ဖြင့် လက်ကိုင်စက်လွှများဖြင့် ပတ်သက်၍ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါကြောင်း၊ လက်ကိုင်စက်လွှနှင့်ပတ်သက်သည့် အကြောင်းအရာကို မတင်ပြမီ မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ တရားမဝင်ဖမ်းဆီးရမိခဲ့သည့် ကျွန်းသစ်အပါအဝင် သစ်မာနှင့် အခြားသစ်မျိုးစုံ ၂၁၂၆ ဒသမ ၁၁၈ တန်ရှိကြောင်းကိုလည်း မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန၏ ကိန်းဂဏန်းများအရ သိရှိရပါကြောင်း။

မကွေးတိုင်းဒေသကြီးအတွင်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဖမ်းဆီးရမိခဲ့သော တရားမဝင်သစ်မျိုးစုံတန်ချိန်ကိုသာ ဖော်ပြထားခြင်းဖြစ်ပြီး ဖမ်းဆီးရမိခြင်း မရှိသော တရားမဝင်သစ်တန်ချိန်များသည်လည်း ယခုထက်များစွာ ပိုမိုနိုင်ပါကြောင်းကို သုံးသပ်တင်ပြလိုပါကြောင်း၊ ယခင်က သစ်တစ်ပင်ကို လူအားဖြင့် ခုတ်လှဲပါက နာရီဝက်ခန့်ကြာမည်ဆိုလျှင် ယခုလက်ကိုင်စက်လွှကို အသုံးပြု၍ခုတ်ပါက မိနစ်အနည်းငယ်သာကြာမြင့်သောကြောင့် ယခုကဲ့သို့ တရားမဝင်သစ်ထုတ်လုပ်မှုနှုန်းသည် အချိန်တိုအတွင်း မြင့်တက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုအနေအထားမှာ ၁၈၅၆ ခုနှစ်တွင် ၇၀ ရာခိုင်နှုန်းရှိခဲ့သော်လည်း ၂၀၁၀ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် သစ်တောဖုံးလွှမ်းမှုမှာ ၄၆ ဒသမ ၉ ရာခိုင်နှုန်းခန့်သာ ကျန်ရှိတော့ပါကြောင်း ဆွေးနွေးပြောကြားသည်။

မကွေးတိုင်းဒေသကြီး ဆောမြို့နယ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်က ဆောမြို့နယ်သည် မကွေးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းတွင် တည်ရှိပြီး ပုံတောင်၊ ပုံညာတောင်တန်းနှင့် ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်တို့အကြားမှာရှိသည့် တောတောင်ထူထပ်သောမြို့နယ်ဖြစ်ပါကြောင်း၊ သစ်တောကြိုးဝိုင်း (၁၄)ခု၊ ကြိုးပြင်တော၊ ကာကွယ်တောတစ်ခုနှင့် သစ်တောဧရိယာ ဧက ၁၉၁၇၁၅ ဒသမ ၆၂ ရှိပါကြောင်း၊ အဖိုးတန်ကျွန်းသစ်များ၊ သစ်မာများဖြစ်သည့် ပျဉ်းကတိုး၊ ပိတောက်၊ အခြားအဖိုးတန် သစ်မာမျိုးစုံ၊ ဝါးမျိုးစုံထွက်ရှိပါကြောင်း၊ မြို့နယ်အကျယ်အဝန်း၏ ၆၄ ဒသမ ၈၂ ရာခိုင်နှုန်းမှာ သစ်တောများဖုံးလွှမ်းလျက်ရှိပါကြောင်း၊ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကျွန်းနှင့်သစ်မာများကို နှစ်စဉ် စည်းကမ်းဖြင့်စနစ်တကျ ထုတ်လုပ်ခဲ့သော်လည်း ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း သစ်များကို စည်းကမ်းမဲ့ထုတ်လုပ်ခဲ့ခြင်းကြောင့် ၂၀၀၀-၂၀၀၁ ခုနှစ်တွင် ကျွန်းသစ်တန်ချိန် ၇၃၃ ဒသမ ၉၃၄ တန်သာ ထုတ်လုပ်နိုင်ပြီး ၂၀၀၇ ခုနှစ်မှာ ကျွန်းထုတ်လုပ်မှုလုပ်ငန်း လုံးဝရပ်ဆိုင်းခဲ့ရပါကြောင်း၊ သစ်မာကို ၂၀၁၀-၂၀၁၁ ခုနှစ်မှာ ၃၄၀၇ ဒသမ ၅၁၆ တန်နှင့် ၂၀၁၂-၂၀၁၃ မှာ ၁၉၃၇ ဒသမ ၁၈၈၆ တန်သာ ထုတ်လုပ်နိုင်ပြီး သစ်မာထုတ်လုပ်မှုကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ရပ်ဆိုင်းခဲ့ရပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုရှင်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်၏ အဆိုတင်သွင်းမှုအပေါ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြန်လည်ဖြေကြားရာတွင် မကွေးတိုင်းဒေသကြီးအတွင်း ဂန့်ဂေါ၊ ပခုက္ကူ၊ မကွေး၊ မင်းဘူးနှင့် သရက်ခရိုင်တို့ ပါဝင်ကာ ဧရိယာဧက (၁၁၀၇၅၄၀၅) ဧက၊ ၁၇၃၀၅ ဒသမ ၃၂ စတုရန်းမိုင် ကျယ်ဝန်းပါကြောင်း၊ သစ်တောဖုံးလွှမ်းမှုအနေဖြင့် ၅ ဒသမ ၀၇ သန်းဧကရှိပြီး တိုင်းဒေသကြီး ဧရိယာ၏ ၄၅ ဒသမ ၈၂ ရာခိုင်နှုန်းရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သစ်တောပျက်စီးပြုန်းတီးမှု လျော့နည်းသက်သာစေရေးနှင့် သစ်တောအတန်းအစား တိုးမြှင့်လာစေရန် ရည်ရွယ်လျက် ပုဂ္ဂလိကနှင့် နိုင်ငံပိုင် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးလျက်ရှိရာ မကွေးတိုင်းဒေသကြီး အတွင်း နိုင်ငံပိုင်စိုက်ခင်းအဖြစ် ၁၉၈၁-၁၉၈၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ စီးပွားရေး ကျွန်းစိုက်ခင်း အပါအဝင် သစ်မာ၊ ကျေးရွာထင်းစိုက်ခင်း၊ ရေဝေရေလဲ၊ စက်မှုကုန်ကြမ်းစိုက်ခင်း ဧရိယာစုစုပေါင်း (၂၇၂၄၉၀) ဧကနှင့် ပုဂ္ဂလိကစိုက်ခင်းအဖြစ် ၂၀၀၇-၂၀၀၈ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ ကျွန်းနှင့်သစ်မာ စုစုပေါင်း (၁၂၅၉၄) ဧက အသီးသီး တည်ထောင်စိုက်ပျိုးပြီးဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် နိုင်ငံပိုင်စိုက်ခင်းအဖြစ် ကျွန်း၊ ရေဝေရေလဲ၊ ကျေးရွာထင်းစိုက်ခင်း စုစုပေါင်း (၁၀၀၀) ဧကနှင့် ပုဂ္ဂလိကစိုက်ခင်းအဖြစ် စီးပွားရေးကျွန်းနှင့် သစ်မာစိုက်ခင်းစုစုပေါင်း (၁၅၅၇) ဧက တည်ထောင်စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းဖြေကြားချက်အပြီးတွင် အဆိုရှင် ဒေါ်ယဉ်မင်းလှိုင်က ၎င်း၏အဆိုအား မှတ်တမ်းတင်စောင့်ကြည့်ပေးပါရန် လွှတ်တော်သို့ပန်ကြားရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောတူညီမှုရယူပြီး အဆိုကို မှတ်တမ်းတင်စောင့်ကြည့်ရန် အတည်ပြုပေးသည်။

**(သတင်းစဉ်)**

# ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၉**

ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ၆၆ ကေဗွီ ဓာတ်အားလိုင်း (၇၈)မိုင်ခန့်နှင့် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော ၆၆ ကေဗွီ ဓာတ်အားခွဲရုံများအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ၂ ရာခိုင်နှုန်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ၃ ရာခိုင်နှုန်း စုစုပေါင်း ၅ ရာခိုင်နှုန်း ရရှိခဲ့ပြီး ဓာတ်အားလိုင်း အူကြောင်းတိုင်းတာခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးကျော်သိန်း၏ “ရခိုင်ပြည်နယ် မောင်တောမြို့ လျှပ်စစ်ဌာနအတွက် တစ်လလိုအပ်မည့် စက်သုံးဒီဇယ်ဆီ ဂါလန် (၂၂၆၀) ခန့်ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိနှင့် ၂၀၁၇ ခုနှစ်တွင် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ” မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဖြေကြားရာတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ထပ်မံလိုအပ်သော ရန်ပုံငွေများကို နှစ်အလိုက်လျာထား ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး လုပ်ငန်းများ ပြီးစီးအောင် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန်အတွက် အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ၂၃၀ ကေဗွီ ဓာတ်အားလိုင်းအား ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၅ ရက်နေ့တွင် ပို့လွှတ်ထားပြီး ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ် မောင်တောမြို့အား လက်ရှိတွင် ၁၀၀၀ ကေဗွီအေစက် တစ်လုံး၊ ၅၀၀ ကေဗွီအေ ဓာတ်အားပေးစက်တစ်လုံး စုစုပေါင်း စက်နှစ်လုံးဖြင့် ဓာတ်အားဖြန့်ဖြူး ပေးထားပါကြောင်း၊ ထို့ပြင် ၃၀၀ ကေဗွီအေ ဓာတ်အားပေးစက်တစ်လုံးကိုလည်း အရန်ဓာတ်အားပေးစက်အဖြစ် ထားရှိကာ တစ်ရက်လျှင် ဌာနမှ ၄ နာရီနှင့် မီးလင်းရေးကော်မတီမှ ၁ နာရီ စုစုပေါင်း ၅ နာရီဖြင့် မီးသုံးသူ(၁၈၁၆) ဦးအား ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး ဌာနမှ ဒီဇယ်ဆီ တစ်လလျှင် (၄၇၀၆) ဂါလန် ထောက်ပံ့ပေးလျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခြင်းမရှိသေးသော မြို့နှင့်ကျေးရွာများအား ဓာတ်အားရရှိသုံးစွဲနိုင်စေရန် ဒီဇယ်စက်ကြီးများဖြင့် လျှပ်စစ်ဓာတ်အား ရရှိနိုင်ရန်အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒီဇယ်စက်ဖြင့် ဓာတ်အားပေးထားသောမြို့များအား လစဉ်ဆီခွဲဝေထောက်ပံ့မှုများသည် နှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မောင်တောမြို့သည် ဌာနမှလက်ရှိ ဒီဇယ်ဆီ ထောက်ပံ့ပေးနေသော မီးပေးချိန် အများဆုံးမြို့များတွင် ပါဝင်ပါကြောင်း။

ထပ်မံ၍ တစ်လလျှင် ဒီဇယ်ဆီ ဂါလန် (၂၂၆၀)ခန့်အား ခွင့်ပြုပေးနိုင်ရန်အတွက် ဖြည့်စွက်ရန်ပုံငွေတွင်လျာထားထည့်သွင်းတောင်းခံသွားမည်ဖြစ်ကြောင်း၊ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်နှင့် မြို့မီးလင်းရေးကော်မတီတို့၏ အစီအစဉ်အရ ဌာနပိုင်မီးစက်များကိုအသုံးပြု၍ မီးပေးချိန်တိုးမြှင့်ခြင်းကို ဆောင်ရွက်နိုင်ပါကြောင်းပြောကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဦးမျိုးဝင်း၏ “၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ် ရေးမြို့နယ်သို့ မဟာဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ”မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက မွန်ပြည်နယ် ရေးမြို့နယ်သို့ မဟာဓာတ်အားလိုင်း သွယ်တန်းပေးမည့် ၂၃၀ ကေဗွီ မော်လမြိုင်-ရေး-ထားဝယ် ဓာတ်အားလိုင်း စီမံကိန်းကို အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ချေးငွေဖြင့် ဆောင်ရွက်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းထားပြီးဖြစ်၍ ခွင့်ပြုချက်ရရှိပါက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးဝင်းမောင်၏ “မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ ကျေးရွာ (၁၈)ရွာမီးလင်းရေးအတွက် ဆောင်ရွက်ပေးမည့်အစီအစဉ်ကို သိလိုကြောင်း” မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက စလင်းမြို့နယ်အတွင်းရှိ ကျေးရွာ (၁၈)ရွာအနက် (၁၇)ရွာသည် ဓာတ်အားစနစ်မှ နှစ်မိုင်အတွင်း ဓာတ်အားရယူနိုင်သော ကျေးရွာများ ဖြစ်သည့်အတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း၏ ပထမဦးစားပေးအဆင့်တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း၊ ၎င်းစီမံကိန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်၍ ၂ နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖော်ပြပါကျေးရွာ(၁၇)ရွာအပြင် ကျန်ရှိနေသည့် စလောင်းကုန်းကျေးရွာအား လျှပ်စစ်ဓာတ်အားရရှိနိုင်ရန်အတွက် ဒုတိယအဆင့်တွင် ထည့်သွင်းလျာထားပါကြောင်း ရှင်းလင်းဖြေကြားသည်။


ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်း


ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်သိန်း

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးဝေ့တင်း၏ “ချင်းပြည်နယ် ပလက်ဝမြို့တွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိနိုင်အောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း” မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ပုဏ္ဏားကျွန်း-ကျောက်တော် (၆၆)ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းအား ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ဓာတ်အားပို့လွှတ်ပြီး ဖြစ်ပါကြောင်း။

ကျောက်တော်မှတစ်ဆင့် ပလက်ဝဒေသသို့ ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားခဲ့သော်လည်း နိုင်ငံတော်၏ ဘဏ္ဍာငွေခွဲဝေပေးနိုင်မှု အခြေအနေအရ ဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**(သတင်းစဉ်)**

# လျှပ်စစ်ကဏ္ဍပြုပြင်ပြောင်းလဲရေး

**ဦးကြည်သာ(ဂွ)**

> **မြန်မာ့ဓာတ်အားစနစ်ပြုပြင်ပြောင်းလဲဖို့ အင်အားတောင့်တင်းဖို့ဆိုတာ စွမ်းဆောင်မှု အခက်အခဲ (performance crisis) ကို ကျော်လွှန်ဖို့ ဓာတ်အားစနစ်ကြီးမှာ နည်းပညာရော၊ ဆောင်ရွက်မယ့်ပုဂ္ဂိုလ်တွေရဲ့ အရည်အသွေးရော အားကောင်းဖို့လိုပါတယ်။ ဘဏ္ဍာရေးအကျပ်အတည်း (Financial Crisis)ကို ကျော်လွှန်ဖို့ နိုင်ငံတော်က ဘတ်ဂျက်တွေ လုံလောက်စွာချပေးနိုင်မှု၊ ပုဂ္ဂလိကကုမ္ပဏီတွေရဲ့ ဓနအင်အားခိုင်ခံ့ဖို့လိုပါတယ်။**

မပြည့်စုံ၊ မလုံလောက်မှုများနှင့် သံသရာလည်နေတဲ့ မြန်မာ့လျှပ်စစ်ကဏ္ဍဟာ လူအများဂရုစိုက်လာရတဲ့ ကဏ္ဍတစ်ခုဖြစ်လာပါတယ်။ လျှပ်စစ်ဆိုတဲ့ စွမ်းအင်ကို ကမ္ဘာပေါ်မှာ လူသားတွေအသုံးပြုလာခဲ့ကြတာ ရာစုနှစ်တစ်ခုကျော်လာခဲ့ပေမယ့် မြန်မာနိုင်ငံမှာတော့ အကန့်အသတ်နဲ့သာ သုံးစွဲနိုင်ပါသေးတယ်။ လျှပ်စစ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်တဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်ကပင် လျှပ်စစ်ကဏ္ဍပြုပြင်ပြောင်းလဲရေး(Power Sector Reform) ကို စတင်ပြုလုပ်ခဲ့ကြပါတယ်။ ဒီလိုပြောင်းလဲရေးလုပ်ဖို့ အတွေးအခေါ်ကိုတော့ လက်ယာအယူဝါဒ အားကောင်းလာတဲ့ အင်္ဂလန်က မာဂရက်သက်ချာနဲ့ အမေရိကန်က ရီနယ်ရေဂင်တို့ခေတ် ၁၉၈၀ အလွန်မှာ စတင်ခဲ့တာလို့ပြောနိုင်ပါတယ်။ ၁၉၈၂ ခုနှစ်မှာ ချီလီနိုင်ငံကစတင်ပြီး လျှပ်စစ်ကဏ္ဍပြုပြင်ပြောင်းလဲရေးလုပ်ခဲ့တာ အင်္ဂလန်၊ အာဂျင်တီးနား၊ ဩစတြီးယားနဲ့ အမေရိကန်ပြည်ထောင်စုထိ ရောက်ရှိခဲ့ပါတယ်။

ပြုပြင်ပြောင်းလဲမှုလုပ်တဲ့အခါ ဥပဒေတွေကို ဖြေလျှော့ခြင်း (Deregulation)နဲ့ ဖွဲ့စည်းပုံပြောင်းလဲခြင်း (Restructuring) တွေနဲ့လုပ်ကြရတယ်။ ဥပဒေလုပ်ထုံးလုပ်နည်းတွေ ဖြေလျှော့တဲ့ကိစ္စ ဥပမာပြောရရင် မြန်မာနိုင်ငံမှာ အရင်က မော်တော်ကားတင်သွင်းခွင့်ပါမစ်နဲ့ဆိုင်တဲ့ ဥပဒေတွေကို ဖြေလျှော့လိုက်တော့ ဒီနေ့ မြန်မာနိုင်ငံမှာ ကားဝယ်စီးနိုင်တဲ့သူတိုင်း လွယ်ကူစွာကားဝယ်နိုင်ကြတယ်။ ဒီလိုဖြေလျှော့ပေးမှုကြောင့် ရန်ကုန်မြို့မှာ ကားတွေကျပ်လာပြီး ခရီးမတွင်တာကတော့ တစ်ပိုင်းပါ။

လျှပ်စစ်ကဏ္ဍမှာလည်း ၁၉၈၄ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က လျှပ်စစ်ဥပဒေမှာ လျှပ်စစ်ထုတ်လုပ်၊ သယ်ပို့၊ ဖြန့်ဖြူးခြင်းလုပ်ငန်းအားလုံးကို နိုင်ငံတော်ကပဲ လုပ်ကိုင်နိုင်ပါတယ်။ ပုဂ္ဂလိကတွေကို ထုတ်လုပ်မှု generation အပိုင်းမှာ ကီလိုဝပ် ၁၀၀ နှင့် သမဝါယမများကိုတော့ ကီလိုဝပ် ၇၅၀ အထိသာ ခွင့်ပြုခဲ့ပါတယ်။ တပ်မတော်အစိုးရတက်လာတော့ de-facto အစိုးရ ယာယီအစိုးရအနေနဲ့ ဥပဒေကိုမပြင်ပေမယ့် ပြောင်းလဲရေးတွေလုပ်ခဲ့တယ်။ မဂ္ဂါဝပ် ၇၁၀ ရှိတဲ့ တာဆန်းရေအားလျှပ်စစ်စီမံကိန်းကို တပ်မတော်ရဲ့ MEC က စတင်လုပ်ဖို့စီစဉ်ခဲ့တယ်။ ကချင်ပြည်နယ်မှာ ပုဂ္ဂလိကရေအားလျှပ်စစ်ထုတ်လုပ်သူတွေက ၁၀ မဂ္ဂါဝပ်လောက်အထိ ထုတ်လုပ်နိုင်တဲ့ ရေအားလျှပ်စစ်စက်ရုံတွေ တည်ဆောက်ပြီး မြစ်ကြီးနားအထိ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးနိုင်ခဲ့တာတွေ၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းအပါအဝင် အကြီးစားရေအားလျှပ်စစ်စက်ရုံကြီးတွေကို အစိုးရနဲ့ပူးပေါင်းပြီး ဆောင်ရွက်ခွင့်ပေးခဲ့ကြတာဟာလည်း ဖြေလျှော့မှုတစ်မျိုးပါပဲ။ restructuring ဆိုတာကတော့ ယခင်က လျှပ်စစ်ဓာတ်အားကိုထုတ်လုပ်ခြင်း၊ သယ်ပို့ခြင်း၊ ဖြန့်ဖြူးခြင်းဆိုတဲ့ ကဏ္ဍသုံးခုကို အဖွဲ့အစည်းတစ်ခုတည်းက ပိုင်ဆိုင်ခွင့်လည်ပတ်နိုင်တဲ့စနစ်ကနေ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကို Generator လို့ခေါ်တဲ့ ဓာတ်အားထုတ်လုပ်တဲ့ ကုမ္ပဏီ၊ ဓာတ်အားသယ်ပို့ခြင်းကို(Transmission Company -TRANSCO) နဲ့ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းကို (Distribution Company - DISCOM) ဆိုပြီး စည်းဖြေလုပ်ဆောင်ခြင်း (unbundled) ပြုလုပ်ခွင့်ပေးခြင်းတို့ပါပဲ။

ဒီလိုခွဲခြမ်းလုပ်ကိုင်ခွင့်ပြုခြင်းကြောင့် အရင်က ကဏ္ဍသုံးခုပူးပေါင်းလုပ်ရခြင်းကြောင့် ဘဏ္ဍာရေးအခက်အခဲတွေဖြစ်နေတာကို ကျော်လွှားနိုင်တဲ့အခွင့်အရေးရှိလာနိုင်တဲ့အပြင် ဓာတ်အားကို သီးသန့်ထုတ်လုပ်တဲ့ Independent Power Producer I.P.P တွေရဲ့ အခန်းကဏ္ဍကိုလည်း ပီပြင်လာစေပါတယ်။ ဒါ့အပြင် ဓာတ်အားစနစ်ကြီးကို ကိုင်တွယ်ထိန်းချုပ်တဲ့ နည်းပညာတွေ ထွန်းကားလာခြင်းကလည်း လျှပ်စစ်ကဏ္ဍပြုပြင်ပြောင်းလဲရေးကို များစွာအထောက်အကူပြုစေတဲ့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် ကမ္ဘာ့ဘဏ်နဲ့ အာရှဖွံ့ဖြိုးရေးဘဏ်တွေလို ကမ္ဘာ့ငွေကြေးအဖွဲ့အစည်းတွေရဲ့ အကူအညီအထောက်အပံ့တွေကလည်း များစွာအရေးပါပါတယ်။

အဲဒီလို ပြုပြင်ပြောင်းလဲရေးတွေ လုပ်ပြီးတဲ့နောက်မှာ လျှပ်စစ်ဓာတ်အားကို အပြိုင်အဆိုင်ထုတ်လုပ်ခွင့်၊ ဖြန့်ဖြူးခွင့်တွေရနိုင်ကြလို့ လျှပ်စစ်သုံးစွဲသူတွေဟာ ကိုယ်ကြိုက်တဲ့ကုမ္ပဏီက လျှပ်စစ်ဓာတ်အားကို စိတ်ကြိုက်ဝယ်ယူသုံးစွဲနိုင်တဲ့ အခွင့်အရေးကိုရခဲ့ကြပါတယ်။ အရောင်းအဝယ်ပြုလုပ်တဲ့နေရာမှာ ဝယ်ယူသူတွေစိတ်ကြိုက်ရွေးချယ်နိုင်တဲ့ buyer's market နဲ့ ရောင်းသူတွေစိတ်ကြိုက်ရောင်းချခွင့်ရတဲ့ seller's market ဆိုပြီး နှစ်မျိုးရှိပါတယ်။

ယနေ့ မော်တော်ကားတွေဆိုရင် မြန်မာပြည်မှာဝယ်သူတွေက စိတ်ကြိုက်လွယ်ကူစွာ ရွေးချယ်နိုင်ခွင့်ရှိနေပါပြီ။ လျှပ်စစ်ကတော့ ခေတ်အဆက်ဆက်မှာ ရောင်းသူရဲ့ဈေးကွက်အနေနဲ့ ရှိနေပါတယ်။ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ESB ဖွဲ့စည်းပြီး ၁၉၅၄ ခုနှစ်မှာ တစ်နှစ်အတွင်း မြို့ပေါင်း ၆၀ ကို တစ်မြို့ ၂၄ နာရီနဲ့ပြီးအောင် မီးလင်းရေးလုပ်ခဲ့တဲ့ ESB ဥက္ကဋ္ဌ ဗိုလ်မှူးထွန်းတင် လက်ထက်က မြို့တွေကို ဒီဇယ်သုံးမီးစက် နေ့ချင်းအပြီးထိုင်၊ ဓာတ်တိုင်တွေကို အပြီးစိုက်ပြီး မီးပေးနိုင်ခဲ့တယ်။ မီးသုံးစွဲတဲ့သူတွေကို ပညာပေးဟောပြောပြီး အစမ်းသုံးကြည့်ပါဆိုပြီး ရက်အတန်ကြာ သုံးစွဲခိုင်းပြီး ကြိုက်မှမီတာတပ်ပြီး မီးပေးပါတယ်။ အဲဒီလို သုံးစွဲခိုင်းရာမှ လူတွေကအသုံးဝင်မှန်းသိလာတာကနေ တဖြည်းဖြည်းအသုံးများလာတော့ နောက်ပိုင်းမီတာ တစ်လုံးရရှိဖို့ နည်းမျိုးစုံနဲ့ လုပ်ကိုင်ခွင့်ရှိသူတွေကို မျက်နှာချိုသွေးပြီးလုပ်နိုင်မှ လျှပ်စစ်မီးသုံးစွဲခွင့်ကို မြန်မာလူမျိုးတွေရနိုင်ခဲ့ကြတာ ဆယ်စုနှစ်အတော်ကြာခဲ့ပါပြီ။



ယနေ့ အမေရိကန်လို နိုင်ငံတွေမှာ လျှပ်စစ်ကို ကြိုက်တဲ့ကုမ္ပဏီထံက ကြိုက်တဲ့အချိန်မှာ ရွေးချယ်ဝယ်ယူသုံးစွဲနိုင်ပါတယ်။ ဒီလိုဝယ်နိုင်အောင် အိမ်တစ်အိမ်မှာ ကုမ္ပဏီက မီတာကြိုးတွေအများကြီးနဲ့ ဆက်ထားစရာမလိုပါဘူး။ ရေအိုင်ကြီးတစ်ခုလိုဖြစ်နေတဲ့ ဓာတ်အားစနစ်ထဲ ဘယ်ကုမ္ပဏီက ဓာတ်အားဘယ်လောက်ထည့်ထားတယ်။ ဘယ်သူတွေက ဘယ်အချိန်မှာ ဓာတ်အားဘယ်လောက်သုံးတယ်ဆိုတဲ့ မှတ်တမ်းကို ဖတ်နိုင်တဲ့အထိ မီတာတွေက အဆင့်မြင့်တော့ အားလုံးကိုထိန်းချုပ်နိုင်ပါတယ်။

ဥပမာ ဓာတ်အားထုတ်လုပ်တဲ့ ကုမ္ပဏီတစ်ခုက ကချင်ပြည်နယ်မှာ မဂ္ဂါဝပ် ၁၀၀ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်မယ်၊ ကချင်က ရန်ကုန်အထိ ဓာတ်အားသယ်ပို့တဲ့ကိစ္စကို တာဝန်ယူထားတဲ့ သယ်ပို့ကုမ္ပဏီ (TRANSCO)ကို ကျသင့်တဲ့ ဝန်ဆောင်မှုပေးပြီး ရန်ကုန်မှာ မိမိစက်ရုံအတွက် ဓာတ်အားကို စိတ်ကြိုက်သုံးနိုင်သလို ဈေးပြိုင်စနစ်နဲ့ မိမိရဲ့ဓာတ်အားကို ရောင်းနိုင်တဲ့အခွင့်အရေးရှိပါတယ်။ ဒီလိုမျိုး အဆင့်မြင့်ဓာတ်အားစနစ်ကြီးဖြစ်လာအောင် ထိန်းချုပ်ကွပ်ကဲပေးမယ့် Regulatory Commission ခေါ်တဲ့ အဖွဲ့ရှိရပါမယ်။ မြန်မာနိုင်ငံမှာလည်း ၂၀၁၄ ခုနှစ် လျှပ်စစ်ဥပဒေမှာ လျှပ်စစ်ကော်မရှင်ဖွဲ့ဖို့ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ လျှပ်စစ်ထုတ်လုပ်တဲ့ကုမ္ပဏီနဲ့ ဖြန့်ဖြူးမယ့် ကုမ္ပဏီတွေနဲ့ အရောင်းအဝယ်တွေကို ချိတ်ဆက်ပေးတဲ့ Power Exchange ဆိုတဲ့ ဌာနမျိုးအပြင် ဓာတ်အားစနစ်ကို လွတ်လပ်စွာထိန်းချုပ်ပေးတဲ့ Independent System Operator - ISO တွေ လိုပါတယ်။ ဓာတ်အားထုတ်လုပ်တဲ့ စက်ရုံနဲ့ ဓာတ်အားခွဲရုံတွေကို SCADA လို စနစ်မျိုးနဲ့ ချိတ်ဆက်ထားရပြီး ဓာတ်အားစနစ်ကို Security Controllable Unit Dispatch - SCUD ဆိုတဲ့ အဖွဲ့အစည်းတွေနဲ့ ထိန်းချုပ်ရမှာပါ။ အိမ်တိုင်းမှာလည်း smart meter တွေကို သုံးရမှာဖြစ်ပါတယ်။ ဒီလိုမျိုး ကောင်းမွန်တဲ့စနစ်ဖြစ်အောင် တည်ဆောက်ဖို့ဆိုတာ ဓာတ်အားထုတ်လုပ်ရေးအပိုင်း၊ သယ်ပို့တဲ့အပိုင်း၊ ဖြန့်ဖြူးတဲ့အပိုင်း အားလုံးဟာ ငွေရေးကြေးရေး နည်းပညာတွေကအစ တကယ့်ကိုပြည့်စုံရပါတယ်။ ဒီလိုပြည့်စုံတဲ့ အမေရိကန်ပြည်ထောင်စုလို တိုင်းပြည်ကြီးမှာပင် ကယ်လီဖိုးနီးယားပြည်နယ်မှာ ဖြစ်ခဲ့တဲ့ သက္ကရာဇ် ၂၀၀၀ ခုနှစ် ကယ်လီဖိုးနီးယား ဓာတ်အားအကျပ်အတည်း (California crisis of 2000) က သက်သေပြနေပါတယ်။

အမေရိကန်နိုင်ငံမှာ ကယ်လီဖိုးနီးယားပြည်နယ်ဆိုတာ လူဦးရေ ၃၅ သန်းလောက်ပဲရှိပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ အကြီးမားဆုံးပြည်နယ်တွေထဲမှာပါရှိပြီး စီးပွားရေးမှာ ကမ္ဘာ့အဆင့် ဆဋ္ဌမနေရာမှာ ရယူထားနိုင်တဲ့အထိ စီးပွားရေးကောင်းပါတယ်။ ပြည်နယ်လျှပ်စစ်ဓာတ်အား တပ်ဆင်မှုအင်အား မဂ္ဂါဝပ် ၅၃၀၀၀ ရှိပြီး အများဆုံးဝန်အားကတော့ မဂ္ဂါဝပ် ၅၁၄၀၀ ရှိပါတယ်။ ဓာတ်အားခဈေးနှုန်းကတော့ အမေရိကန်တစ်ပြည်နယ်လုံးရဲ့ ပျမ်းမျှဓာတ်အားခနှုန်းထက် ၅၀ ရာခိုင်နှုန်းမြင့်မားပါတယ်။

ဓာတ်အားခဈေးနှုန်းကောင်းခြင်း၊ ဓာတ်အားကို ဈေးပြိုင်စနစ်နဲ့ ရောင်းဝယ်နိုင်တဲ့ နည်းပညာတွေနဲ့ ပြည့်စုံခြင်း စတဲ့ကောင်းခြင်းလက္ခဏာတွေနဲ့ ပြည့်စုံတာမို့ ၁၉၉၆ ခုနှစ်မှာ ဓာတ်အားအပြိုင်ရောင်းစနစ်ကို ပြုလုပ်ဖို့ စတင်စီစဉ်ခဲ့ကြတယ်။ ၁၉၉၈ မှာ ဓာတ်အားရောင်းဝယ်စနစ်ကို ထိန်းချုပ်မယ့် California Power Exchange ဌာနကိုလည်း ထူထောင်ပြီးတာမို့ ဓာတ်အားအပြိုင် ရောင်းဝယ်စနစ်ကို ထူထောင်နိုင်ခဲ့ကြတယ်။ စွမ်းအင်ကုမ္ပဏီကြီးသုံးခုဖြစ်တဲ့ Southern California Edison၊ Pacific Gas & Electric နဲ့ San Diego Gas & Electric စတဲ့ ကုမ္ပဏီကြီးသုံးခုက ဈေးပြိုင်စနစ်နဲ့ ရောင်းဝယ်ခွင့်ရရှိခဲ့ကြပြီး ဓာတ်အားစနစ်ရဲ့ သုံးပုံနှစ်ပုံရဲ့ ဓာတ်အားကို ပေးနိုင်ကြတယ်။ ကျန် I.P.P အသေးစား ၄၀ ခန့်က ကျန်တဲ့ဓာတ်အားပမာဏကို ထုတ်လုပ်ပေးနိုင်ပါတယ်။ အစပိုင်းမှာ လျှပ်စစ်တစ်ယူနစ်ကို ၆ ဒသမ ၅ ဆင့်နဲ့ ထိန်းချုပ်နိုင်ခဲ့ကြပါတယ်။

၂၀၀၀ ပြည့်နှစ်မှာ ပြဿနာစပေါ်တော့တယ်။ မိုးခေါင်လို့ ရေအားလျှပ်စစ်စက်ရုံတွေရဲ့ ထုတ်လုပ်မှုတွေက ကျဆင်းလာနေချိန်မှာ သဘာဝဓာတ်ငွေ့ဈေးနှုန်းက လေးဆတက်သွားပါတယ်။ ဒီမှာတင်ပြဿနာတွေ ရှုပ်ထွေးလာတော့တာပဲ။ ဓာတ်အားထုတ်လုပ်ရေးစရိတ်တွေ ကြီးလာပြီးတော့ I.P.P တွေက အကြောင်းအမျိုးမျိုးပြ၊ စက်တွေအပျက်ပြပြီး ထွက်ပြေးတာမျိုးတွေကအစ ဓာတ်အားတွေမလုံလောက်မှု၊ ပြတ်တောက်မှုတွေ ဆင့်ကဲဆင့်ကဲဖြစ်လာပါတယ်။ အပြိုင်အဆိုင်စနစ်နဲ့ လုပ်လို့ ဓာတ်အားခလျှော့ကျမယ့်အစား တစ်ယူနစ်ကို တစ်ဒေါ်လာနဲ့ ၄၀ ဆင့်အထိ မတရားမြင့်မားမှုအထိ ရောက်ရှိသွားပြီး နောက်ဆုံး ၂၀၀၁ ခုနှစ်မှာ Southern California Edison နဲ့ Pacific Gas & Electric ကုမ္ပဏီနှစ်ခုက ငွေရေးကြေးရေးစိုက်ထုတ်နိုင်မှုမပြုနိုင်တော့ကြောင်း ပြောကြားပြီး ဒေဝါလီခံရတဲ့အထိဖြစ်လာပြီးတဲ့နောက် California Power Exchange ဌာနကို ပိတ်သိမ်းပြီး ပြည်နယ်အစိုးရက ယခင်ကလိုပဲ အားလုံးတာဝန်ယူပြီး စိုက်ထုတ်ဖြေရှင်းပေးလိုက်ရတာနဲ့ပဲ ဇာတ်လမ်းတစ်ခန်းရပ်သွားခဲ့ပါတော့တယ်။ ကယ်လီဖိုးနီးယားပြည်နယ်က လော့စ်အိန်ဂျလိစ်နဲ့ ဆီရာမင်တိုမြို့နယ်နှစ်ခုကတော့ ပြီးခဲ့တဲ့ ပြောင်းလဲမှုစနစ်မှာမပါခဲ့လို့ ဒီဒဏ်ကိုမခံခဲ့ရပါဘူး။

ဒါကြောင့်မို့ လျှပ်စစ်ကဏ္ဍပြုပြင်ပြောင်းလဲရေးဟာ ထင်သလောက်မလွယ်ပါဘူး။ အိန္ဒိယနိုင်ငံမှာတော့ အဆင်ပြေနေကြောင်း သိရပါတယ်။ အာဆီယံနိုင်ငံတွေမှာ မလုပ်နိုင်ကြသေးပါဘူး။ ထုတ်လုပ်ရေးအပိုင်းမှာရော၊ သယ်ပို့တဲ့အပိုင်းမှာရော၊ ဖြန့်ဖြူးတဲ့အပိုင်းမှာရော နည်းပညာနဲ့ ဘဏ္ဍာရေးအခြေအနေတွေကပါ ယခုထက်အများကြီး အားကောင်းဖို့လိုပါတယ်။

မြန်မာနိုင်ငံအနေနဲ့တော့ ဥရောပနဲ့ အမေရိကန်နိုင်ငံတွေရဲ့ ဓာတ်အားစနစ်တည်ဆောက်မှု၊ အုပ်ချုပ်မှုတွေလို ဖြစ်နိုင်ဖို့ဆိုတာ လိုအပ်ချက်တွေ အများကြီးရှိနေပါသေးတယ်။ ၂၀၁၄ ခုနှစ် လျှပ်စစ်ဥပဒေပြဋ္ဌာန်းထားတဲ့ Electricity Regulatory ကော်မရှင်ဖွဲ့စည်းရေး ဦးစားပေးဆောင်ရွက်ဖို့လိုပါတယ်။ လျှပ်စစ်ဓာတ်အားရောင်းဝယ်ခြင်းဆိုပြီး ဥပဒေမှာရေးထားပေမယ့် နည်းဥပဒေမှာ အသေးစိတ်မပါရှိသေးပါ။ မြို့နယ်တချို့ကို ကုမ္ပဏီတွေကို ဌာနကိုယ်စားဆောင်ရွက်ခွင့်တွေ ချထားပေးပေမယ့် နည်းဥပဒေမှာ တိကျစွာဖော်ပြထားခြင်းမရှိပါ။ I.P.P ဆိုတဲ့အဖွဲ့အစည်းတွေ တိုးပွားလာအောင် ဥပဒေ၊ နည်းဥပဒေတွေမှာ ထည့်သွင်းရေးရပါမယ်။ ရန်ကုန်နဲ့ မန္တလေး လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းတွေကိုလည်း ကော်ပိုရေးရှင်းပီပီပြင်ပြင်လုပ်ဖို့ တွန်းအားပေးရပါမယ်။

မြန်မာ့ဓာတ်အားစနစ်ပြုပြင်ပြောင်းလဲဖို့ အင်အားတောင့်တင်းဖို့ဆိုတာ စွမ်းဆောင်မှုအခက်အခဲ (performance crisis) ကို ကျော်လွှန်ဖို့ ဓာတ်အားစနစ်ကြီးမှာ နည်းပညာရော၊ ဆောင်ရွက်မယ့်ပုဂ္ဂိုလ်တွေရဲ့ အရည်အသွေးရော အားကောင်းဖို့လိုပါတယ်။ ဘဏ္ဍာရေးအကျပ်အတည်း Financial Crisis ကို ကျော်လွှန်ဖို့ နိုင်ငံတော်က ဘတ်ဂျက်တွေ လုံလောက်စွာချပေးနိုင်မှု၊ ပုဂ္ဂလိကကုမ္ပဏီတွေရဲ့ ဓနအင်အားခိုင်ခံ့ဖို့လိုပါတယ်။ နောက်ဆုံးယုံကြည်စိတ်ချမှု အကျပ်အတည်း (Credibility Crisis) ကိုကျော်လွှားဖို့ လျှပ်စစ်ဌာနက တာဝန်ရှိသူတွေနဲ့ လျှပ်စစ်မီးသုံးစွဲသူတွေအကြား အချင်းချင်း အပြန်အလှန်နားလည်မှု၊ ပွင့်လင်းမြင်သာမှုများ လိုအပ်ပါတယ်။ ဒီလိုအခြေအနေများ ပြီးပြည့်စုံပါက မြန်မာ့လျှပ်စစ်ကဏ္ဍပြုပြင်ပြောင်းလဲရေးဟာ အောင်မြင်ချောမွေ့မှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

# လွှတ်တော်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၉**

မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union-MPU)အစည်းအဝေး(၃/၂၀၁၆) ကိုယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးသို့ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဝင်များဖြစ်ကြသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။


အစည်းအဝေးတွင် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် နာယကက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက တင်ပြကြရန်ဖြစ်ကြောင်း၊ လွှတ်တော်ဆိုင်ရာ လုပ်ငန်းများ ချောမွေ့အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ရုံးဝန်ထမ်းဖွဲ့စည်းပုံ လိုအပ်ပါကြောင်း၊ လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ တွေ့ဆုံ ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စရပ်များကို မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့သို့ တင်ပြပါက ညှိနှိုင်းအစည်းအဝေး ခေါ်ယူကျင်းပပေးမည်ဖြစ်ကြောင်း၊ လွှတ်တော်များသည် ဥပဒေပြုအဖွဲ့အစည်းဖြစ်သည့်အတွက် လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ မှန်ကန်စွာဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကက အစည်းအဝေး (၂/၂၀၁၆) ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဝင်များ ဖြစ်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများက လွှတ်တော်ဆိုင်ရာ လုပ်ငန်းများအပါအဝင် ညှိနှိုင်းရေးဆွဲထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးဝန်ထမ်းဖွဲ့စည်းပုံ (မူကြမ်း)နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် နာယက က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# လွှတ်တော်ဥက္ကဋ္ဌများအား ဂျပန်နိုင်ငံအထက်လွှတ်တော်အမတ် လာရောက်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဂျပန်အထက်လွှတ်တော် အမတ်နှင့် ဂျပန်-မြန်မာပါလီမန် ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Ichiro AISAWA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးကြသည်။

အလားတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်နှင့် ဂျပန်-မြန်မာ ပါလီမန် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr.Ichiro AISAWA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ဂျပန်-မြန်မာနှစ်နိုင်ငံ လွှတ်တော် အချင်းချင်း ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးနှင့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် အင်္ဂလန်နိုင်ငံအခြေစိုက် ဧည့်သည်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် အင်္ဂလန်နိုင်ငံအခြေစိုက် Westminister Foundation for Democracy မှ Technical Advisor, Mr. Franklin de Vrieze ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် Westminister Foundation for Democracy (WFD) အနေဖြင့် မြန်မာလွှတ်တော်များ၏ အခန်းကဏ္ဍ မြှင့်တင်သွားနိုင်ရေးဆိုင်ရာ လုပ်ငန်းများတွင် အကူအညီပေးလိုသည့် ကိစ္စရပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော် အထောက်အကူပြု ဝန်ထမ်းများအား အတွေ့အကြုံနှင့် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

■

## ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၂၉ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၅)ကော်လံ(၃)ပါ **“ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအတွင်းရေးမှူးဒေါက်တာမြတ်ညာဏစိုး”** အစား **“အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ညာဏစိုး”**ဟုပြင်ဆင်ဖတ်ရှုပေးပါရန်။ **(သတင်းစဉ်)**

## လွှတ်တော်ရုံးများ၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

လွှတ်တော်ရုံးများ၏ ၂၀၁၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် လွှတ်တော်ဝင်းအတွင်း၌ စုပေါင်းကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ကော်မတီအတွင်းရေးမှူးများ၊ လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများတက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၁၆ ခုနှစ် သစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဒုတိယ ဥက္ကဋ္ဌဦးအေးသာအောင်၊ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများနှင့်ကော်မတီအတွင်းရေးမှူးများက သတ်မှတ်နေရာများတွင် သစ်ပင်များကိုစိုက်ပျိုးပေးကြသည်။

ထို့နောက် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက သပြေပင်၊ ကံ့ကော်ပင်၊ စိန်ပန်းပင်၊ ခရေပင်နှင့် မဉ္ဇူသကပင်များကိုစုပေါင်းစိုက်ပျိုးကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ တို့ကလိုက်လံကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

တောတောင်ခြောက်ခမ်း၊ လယ်ယာနွမ်း၏


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် “ဝ”အထူး ဒေသ(၂)မှ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ ဗဟိုပေါလစ်ဗျူရိုအမြဲတမ်း ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်ယူယိ ဦးဆောင်သည့်အဖွဲ့ဝင်များ၊ အထူးဒေသ(၄)မိုင်းလား ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလင်း ဦးဆောင်သည့်အဖွဲ့ဝင်များအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

### ◆ (၂၁)ရာစုပင်လုံမှ

ထိုသို့ ပြောကြားရာတွင် ပင်လုံစိတ်ဓာတ်ကိုအခြေခံ၍ တည်ဆောက်မည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံသည် လုံခြုံမှုနှင့် လွတ်လပ်မှုပေးနိုင်သည့် ခိုင်မာသော ပြည်ထောင်စုဖြစ်ပေါ်လာရေးအတွက် ညှိနှိုင်းဆွေးနွေးကြမည့် အရေးကြီးသော ပထမခြေလှမ်းဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် “ဝ” အထူးဒေသ(၂) ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးပေါက်ယူယိနှင့် ဦးကျောက်ကော်အန်းတို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် ရပ်တည်ချက်သဘောထားများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အထူးဒေသ(၄)မိုင်းလား ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးစိုင်းလင်းက ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် “ဝ” အထူးဒေသ(၂)နှင့် အထူးဒေသ(၄)မိုင်းလား နှစ်ဖွဲ့စလုံးက မကြာမီကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကြိုဆိုထောက်ခံကြောင်း ပြောကြားခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရှင်းလင်းတင်ပြမှုများအပေါ် ပြန်လည်ဆွေးနွေးပြောကြားပြီး ငြိမ်းချမ်းရေးကော်မရှင်နှင့် ဆက်လက်ဆွေးနွေးကြရာတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းကြရန် မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဦးပေါက်ယူယိနှင့် အဖွဲ့ဝင်များ၊ ဦးစိုင်းလင်းနှင့် အဖွဲ့ဝင်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာစားပွဲ အပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “ဝ” အထူးဒေသ(၂)နှင့် အထူးဒေသ(၄)မိုင်းလားမှအဖွဲ့ဝင်များ၊ လူငယ်များနှင့် အမျိုးသမီးငယ်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က ယခုကဲ့သို့ “ဝ” အထူးဒေသနှင့် မိုင်းလားအထူးဒေသတို့မှ လူငယ်များ လာရောက်တွေ့ဆုံသည်ကို တွေ့မြင်ရသည်မှာ ပြည်ထောင်စု၏ အင်အားကို ပြသခြင်း ဖြစ်ပါကြောင်း၊ အမျိုးသမီးငယ်များ ပါဝင်သည့်အတွက် အထူးပင်ဝမ်းသာပါကြောင်း၊ ငြိမ်းချမ်းရေးကြိုးပမ်းနေခြင်းသည် နိုင်ငံ၏ အနာဂတ်အတွက် ကြိုးပမ်းခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတိုင်းတွင် လူငယ်များ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ကမ္ဘာ့လူဦးရေတစ်ဝက်မှာ အမျိုးသမီးငယ်များ ဖြစ်ပါကြောင်း၊ တိုင်းရင်းသားအမျိုးသမီးငယ်များအနေဖြင့် ငြိမ်းချမ်းရေးကို အင်တိုက်အားတိုက် ပါဝင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ လူငယ်ဆိုသည်မှာ မိမိတို့နိုင်ငံ၏ အနာဂတ်ပင်ဖြစ်ပါကြောင်း၊ မကြာခဏဆိုသလိုပင် လူငယ်များအနေဖြင့် လူကြီးများမစွမ်းဆောင်နိုင်သည့်ကိစ္စကို စွမ်းဆောင်နိုင်ပါကြောင်း၊ လူငယ်များအနေဖြင့် စာမျက်နှာသစ်ပေါ်တွင် ဆောင်ရွက်နိုင်သည့် အခွင့်အရေးနှင့် အရည်အချင်းတို့မှာ များပြားပါကြောင်း၊ မိမိတို့ပြည်ထောင်စုသည် အမှန်တကယ်ပင် ညီညီညွတ်ညွတ် ခိုင်ခိုင်ခံ့ခံ့ဖြင့် အေးချမ်းသာယာရမည်ဖြစ်ကြောင်း၊ သည့်အတွက် လူငယ်များအကြားတွင်လည်း ကူးလူးဆက်ဆံမှုများ ရှိရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံရှိ လူငယ်များအနေဖြင့် ကိုယ့်ပြည်နယ်တွင်သာမက ပြည်ထောင်စုတစ်ဝန်းရှိ ဒေသများသို့လည်း သွားရောက်လည်ပတ်ပြီး လူငယ်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံရှိ ပြည်ထောင်စုတစ်ဝန်း၌ ရှိကြသည့် ပြည်သူပြည်သားအများစုမှာ တိုင်းရင်းသားများ၏ဘဝနှင့် မကွာဟပါကြောင်း၊ လူငယ်များအတွက် အရေးကြီးဆုံးမှာ ပညာရေးနှင့်ကျန်းမာရေးပင်ဖြစ်ပါကြောင်း၊ ယခုတိုင်းရင်းသားလူငယ်များကို တွေ့ဆုံရသည်မှာ ကျန်းကျန်းမာမာရှိကြပါကြောင်း၊ ကျန်းမာရေးချို့တဲ့မှုမှာ မျက်စိဖြင့် တွေ့မြင်နိုင်သော်လည်း ပညာရေးချို့တဲ့မှုကို ကြည့်၍မမြင်နိုင်ပါကြောင်း၊ ပညာရေးချို့တဲ့မှုမှာ မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် ကျန်းမာရေးလောက် အရေးကြီးပါကြောင်း၊ မိမိတို့၏ ပညာရေးစနစ်သည် ပြည်ထောင်စုငြိမ်းချမ်းရေး၊ ပြည်ထောင်စုတိုးတက်ရေး၊ ညီညွတ်ရေးအခြေခံဖြစ်စေမည့် ပညာရေးစနစ်ဖြစ်ရန် လိုအပ်ပါကြောင်း၊ ပညာရေးနှင့်ကျန်းမာရေးကိစ္စများသည် အားလုံးပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စဖြစ်သည့်အတွက် ယခုလူငယ်များအနေဖြင့် မေးမြန်းလိုသည်များရှိပါက မေးမြန်းနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် မေးမြန်းမှုများကို ပြန်လည် ရှင်းလင်းဖြေကြားပြီး တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကြသည်။

ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သော ငြိမ်းချမ်းရေးကော်မရှင်သည် “ဝ” အထူးဒေသ(၂)နှင့် အထူးဒေသ(၄) မိုင်းလားတို့နှင့် အသေးစိတ်ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

### ✱ ရှေ့ဖုံးမှ

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့နိုင်ငံရေးအရ သွားနေသည့်လမ်းသည် စီးပွားရေးအရ သွားနေသည့်လမ်းနှင့် လိုက်လျောညီထွေရှိရမည်ဖြစ်ကြောင်း၊ စီးပွားရေးမူဝါဒကိုအခြေခံသည့် အခြေခံအုတ်မြစ်များထဲတွင် အရေးအကြီးဆုံးတစ်ခုမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး မရရှိဘဲ ရှေ့ဆက်သွား၍မရနိုင်ပါကြောင်း၊ တစ်ချိန်က မိမိတို့နိုင်ငံသည် ဒေသတွင်းနိုင်ငံများထက် စီးပွားရေးအခြေအနေကောင်းမွန်ခဲ့ကြောင်း၊ သို့သော် နိုင်ငံရေးကျဆင်းသွားသည့်အခါ စီးပွားရေးပါကျဆင်းသွားပါကြောင်း။

ထို့ကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အင်မတန်အလေးထားပါကြောင်း၊ ညီညီညွတ်ညွတ်ရှိမှသာ မိမိတို့လုပ်ကိုင်လိုသည့် အလုပ်များကို အောင်မြင်အောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ညီညီညွတ်ညွတ်လုပ်ကိုင်နိုင်ရန်အတွက် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးသည် အင်မတန်အရေးကြီးကြောင်း၊ စီးပွားရေးအရ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ညီညီမျှမျှ ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်းစားရမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ထို့ပြင် မိမိတို့နိုင်ငံတွင် ၇၀ ရာခိုင်နှုန်းသော ပြည်သူများသည် လယ်ယာစိုက်ပျိုးရေးကို မှီတင်းနေထိုင်ကြသူများဖြစ်ကြောင်း၊ စက်မှုကဏ္ဍကို ဦးတည်ဆောင်ရွက်လိုသော်လည်း လယ်ယာစိုက်ပျိုးရေးကို လျစ်လျူရှုထား၍ မရပါကြောင်း၊ ယနေ့ခေတ် ကမ္ဘာကြီးတွင် အစားအသောက်ဖူလုံရေး(Food Security)ကို ပြောဆိုကြသော်လည်း လက်တွေ့ကျကျ ဆောင်ရွက်မှုနည်းပါးပါကြောင်း၊ ထို့ကြောင့် မိမိတို့၏အခြေအနေကို အားသာချက်ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများကို ဘက်ညီတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့်အတူ မြို့ပြ ဖွံ့ဖြိုးမှုရရှိစေရန်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုရေး၊ နိုင်ငံရေးကိုပါ အားလုံးပူးတွဲဆောင်ရွက်မှသာ ရေရှည်တွင် အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို ညီမျှစွာ ဒေသခံပြည်သူများ လက်ခံနိုင်သည့် အခြေအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအခန်းကဏ္ဍများသည် အရေးကြီးသည့်အတွက် မူဝါဒသီးခြားထုတ်ပြန်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒများရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အခွန်ထမ်းကြီးများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

ရှင်းလင်းပွဲ၌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက နိုင်ငံတော်၏စီးပွားရေးမူဝါဒတွင် အခြေခံမည့် မူဝါဒ ၁၂ ချက်အား ရှင်းလင်းခဲ့သည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏စီးပွားရေးမူဝါဒ

**နိုင်ငံတော်၏စီးပွားရေးမူဝါဒမျှော်မှန်းချက်**

နိုင်ငံတော်၏စီးပွားရေးမူဝါဒသည် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော အစဉ်အဆက်မပြတ်တိုးတက်မှုရရှိစေရန် ရည်ရွယ်ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန် ဦးတည်၍ သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့်စီးပွားရေးမူဘောင်ချမှတ်ဆောင်ရွက်ရန် မျှော်မှန်းပါသည်။

**နိုင်ငံတော်၏ရည်မှန်းချက်များ**

၁။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ပြီး စည်းလုံးညီညွတ်သော ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စုကြီး ဖြစ်တည်လာစေရေးကို အထောက်အပံ့ဖြစ်စေသည့်မူဝါဒအဖြစ် ကျင့်သုံးရန်၊

၂။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေသည့် စီးပွားရေးအခြေအနေကောင်းများ ရရှိရေးဆောင်ရွက်ရန်၊

၃။ နိုင်ငံတော်အတွက် အဘက်ဘက်မှစွမ်းရည်ပြည့်ဝသော လူငယ်မျိုးဆက်သစ်များ ပေါ်ပေါက်လာစေရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော စီးပွားရေးမူဝါဒအဖြစ်ကျင့်သုံးရန်၊

၄။ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်နိုင်ပြီး တီထွင်ဆန်းသစ်မှုနှင့် ကြိုးပမ်းအားထုတ်မှုများဖြင့် တိုးတက်မှုရလဒ်ကောင်းများကို အစဉ်အဆက်ရယူထိန်းသိမ်းနိုင်မည့် စီးပွားရေးစနစ်တစ်ခုအဖြစ်ထူထောင်ရန်။

**နိုင်ငံတော်၏စီးပွားရေးမူဝါဒများ**

(၁) ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်၊

(၂) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန်ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်၊

(၃) ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးကိုဖြစ်ထွန်းနိုင်စေသည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်၊

(၄) လျှပ်စစ်ဓာတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများ စသည့် အခြေခံစီးပွားရေး အဆောက်အအုံများ လျင်မြန်စွာ တိုးတက်လာစေရေးကို ဦးစားပေးဆောင်ရွက်ရန်နှင့် Data ID Card System၊ Digital Government Strategy နှင့် e-Government System တို့ကို ထူထောင်သွားရန်၊

(၅) ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်ရန်၊

(၆) ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာတိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်၊

(၇) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့ လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် မူဝါဒများ သီးခြားရေးဆွဲဆောင်ရွက်ရန်၊ မူပိုင်ခွင့်များနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန်၊

**စာမျက်နှာ ၉ သို့ ✱**

# တိုင်းပြည်တိုးတက်ရာတိုးတက်ကြောင်းကို တစ်ဦးနှင့်တစ်ဦး စိတ်တူကိုယ်တူဖြင့် ညီအစ်ကိုလုပ်ဖော်ကိုင်ဖက်များအဖြစ် ခိုင်ခိုင်မြဲမြဲလက်တွဲ လုပ်ဆောင်ရန်လို






**နေပြည်တော် ဇူလိုင် ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ “ဝ” အထူးဒေသ(၂)မှ “ဝ”ပြည် သွေးစည်းညီညွတ်ရေးပါတီ ဗဟိုပေါလစ်ဗျူရို အမြဲတမ်း ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်ယူယိ ဦးဆောင်သော အဖွဲ့နှင့် အထူးဒေသ(၄)မှ (မိုင်းလား)ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းလင်း ဦးဆောင်သောအဖွဲ့တို့အား ခင်မင်ရင်းနှီးစွာ တွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားများဖြစ်သည့် တပ်မတော်သားများ၊ တိုင်းရင်းသားလက်နက်ကိုင်များတွင် တာဝန်ရှိမှု၊ တပ်မတော်အနေဖြင့်အမှန်တကယ် ငြိမ်းချမ်းရေးရရှိလိုစိတ်ဖြင့် ဆောင်ရွက်နေမှု၊ လက်ရှိဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် တိုင်းပြည်တိုးတက်ရာတိုးတက်ကြောင်းကို တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိစွာ စိတ်တူကိုယ်တူဖြင့် ညီအစ်ကိုလုပ်ဖော်ကိုင်ဖက်များအဖြစ် ခိုင်ခိုင်မြဲမြဲလက်တွဲ လုပ်ဆောင်ရန်လိုအပ်မှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အထူးဒေသ(၄)(မိုင်းလား)အဖွဲ့မှ ဦးစိုင်းလင်းနှင့် “ဝ” အထူးဒေသ(၂)မှ ဦးကျောက်ကော်အန်းတို့က သက်ဆိုင်ရာနယ်မြေအလိုက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်နေမှုနှင့် ဒေသအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နှစ်နိုင်ငံတပ်မတော်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲ ၁နာရီတွင် ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Wouter Robert Marie Jurgen အား လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်သည့် နှစ်နိုင်ငံဆက်ဆံရေးအခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုအခြေအနေ၊ လက်ရှိလျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာမှုရှိရေးနှင့် တိုင်းပြည်တည်ငြိမ်ရေးအတွက် တပ်မတော်မှ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုအခြေအနေ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(မြဝတီ)**

# (၈၉) နှစ်မြောက် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၂၉**

(၈၉) နှစ်မြောက် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များ တက်ရောက်ကြပြီး တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျှံနှင့် ဇနီး၊ စစ်သံမှူးနှင့် ဇနီးတို့က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ သံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးနှင့် ဇနီးတို့က အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

ယင်းနောက် တရုတ်စစ်သံမှူးနှင့် ဇနီးတို့က တက်ရောက်လာသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**



**✻ စာမျက်နှာ ၈ မှ**

(၈) အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေးတည်ငြိမ်မှု ရရှိလာစေရေးဆောင်ရွက်ရန်။

(၉) သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျောညီထွေဖြစ်စေမည့် မြို့ပြများ တည်ထောင်ရန်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရန်တို့အပြင် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ တိုးချဲ့ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုစောင့်ရှောက်ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်ရန်။

(၁၀) နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသောအခွန်စနစ် ထူထောင်၍ ပြည်သူများ၏ အခွင့်အရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်။

(၁၁) တီထွင်ဖန်တီးမှုစွမ်းရည်များနှင့် အဆင့်မြင့်နည်းပညာ တိုးတက်မှုများကို အားထုတ်ကြိုးပမ်းဖြစ်ပေါ်နိုင်စေသည့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုအတွက် အထောက်အပံ့ဖြစ်စေသော နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန်။

(၁၂) စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်းသာမက အခြားဒေသများအတွင်း၌လည်း တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသော အခြေအနေများကို ဖော်ထုတ်၍ မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်။

# မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ရောက်ရှိနေသော မြန်မာအလုပ်သမား ၂၂၉၄ ဦးအား ပြန်လည်ခေါ်ယူနိုင်ရေး ဆောင်ရွက်သွားမည်

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ပနိုင်ငံများရှိ ထိန်းသိမ်းရေးစခန်းများတွင် ရောက်ရှိနေသော မြန်မာအလုပ်သမားများအား ပြန်လည်ခေါ်ယူရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများဖြင့် ကော်မတီတစ်ရပ်ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း(KBZ Brighter Future Myanmar Foundation)၏ ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်းများအတွင်းရှိ အလုပ်သမား ၂၂၉၄ ဦးအား အခမဲ့ပြန်လည်ခေါ်ယူနိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အလုပ်သမားများ နေရပ်ပြန်လမ်းစရိတ်အဖြစ် တစ်ဦးလျှင် ကျပ်တစ်သိန်းစီ ထောက်ပံ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အဆိုပါကော်မတီသို့ တင်ပြလာရာ ကော်မတီအနေဖြင့် ယခင်အလှူရှင် Mother Group Co.Ltd, နှင့် မိဘဂုဏ်ရည်အဖွဲ့သား ၄၀ တို့၏ အလှူငွေဖြင့် မြန်မာအလုပ်သမားများအား ဦးစားပေးခေါ်ယူပြီး ကျန်အလုပ်သမားအားလုံးကို ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း၏ အလှူငွေဖြင့် အမြန်ဆုံးပြန်လည် ခေါ်ယူနိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

❒ ပထမအကြိမ်မှ

ကျင်းပခြင်းဖြစ်ပါကြောင်း၊ စာတမ်းဖတ်ပွဲတွင် နိုင်ငံရေးစာပေကဏ္ဍကို ပြန်လည်သုံးသပ် ဆွေးနွေးကြရန်ရှိကြောင်း၊ မြန်မာစာပေနယ်ထဲတွင် နိုင်ငံရေးနှင့်ပတ်သက်သည့် စာပေမည်မျှရှိပြီး မည်သည့်ကဏ္ဍတွင် မည်မျှထွန်းကား၍ မည်သည့်ကဏ္ဍများတွင် လစ်ဟာမှုနှင့် ဖြည့်တင်းရန်လိုအပ်သည်ကို သုံးသပ်ဆွေးနွေးကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ စာတမ်းဖတ်ပွဲများပြုလုပ်သည့် ရည်ရွယ်ချက်သည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးဟု ပြော၍ရကြောင်း။

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရာတွင် အစဉ်အဆက်ရှိခဲ့သည့် လမ်းညွှန်စကားတစ်ခုရှိကြောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေးမရခင် ကာလကတည်းက ရှိခဲ့သည့် စာပေပညာရှင်ကြီးများပြောခဲ့ဆိုခဲ့သည့် စကားတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာကို မြန်မာကသိဖို့၊ မြန်မာကို ကမ္ဘာကသိဖို့နှင့် မြန်မာကို မြန်မာတို့ သိဖို့ဖြစ်ကြောင်း။

အဆိုပါကဏ္ဍ သုံးရပ်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း မိမိတို့၏တာဝန်အနေဖြင့် အလေးအနက်ခံယူပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားများ အသိပညာဖွံ့ဖြိုးရေးကို အထောက်အကူပြုမည့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ကဏ္ဍသုံးရပ်၊ သိမှုသုံးရပ်ကို ဖြည့်ဆည်းနိုင်ရန် မိမိတို့အနေဖြင့် မြန်မာစာပေသမားများ၊ စာပေဆိုင်ရာ အသင်းအဖွဲ့များ၊ စာအုပ်ထုတ်ဝေသူ၊ ပုံနှိပ်သူစသည်ဖြင့် လုပ်ငန်းရှင်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို လိုလားသော အားပေးကူညီလိုသော တစ်ဦးချင်းသောပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအားလုံးနှင့် လက်တွဲပူးပေါင်းသွားမည် ဖြစ်ကြောင်း ပြောကြားသည်။




စာတမ်းဖတ်ပွဲ ပထမနေ့ နံနက်ပိုင်းတွင် သဘာပတိများအဖြစ် ဦးတင်လှိုင် (လယ်တွင်းသား စောချစ်)၊ ဦးအောင်ရှင် (မုံရွာအောင်ရှင်) နှင့် ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) တို့က ဆောင်ရွက်ကြသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က စာတမ်းဖတ်ကြားကြမည့် စာတမ်းရှင်များနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ စာတမ်းရှင် ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)က " နဂါးနီ၏ နိုင်ငံရေးစာပေ"၊ ဒေါက်တာကျော်ဝင်း(ပါမောက္ခ-ငြိမ်း)က " ၁၉၄၇ ခုနှစ် အခြေခံဥပဒေနှင့် ခွဲထွက်ခွင့်ပြဿနာများ"နှင့် ဦးဇော်သက်ထွေး (ဇော်သက်ထွေး)က " အာဏာရှင်ခေတ်တွင် ပြည်ပရောက်သွားသော စာရေးဆရာများ ထုတ်ဝေရေးသားခဲ့သည့် နိုင်ငံရေးစာပေ စာအုပ်များ" စာတမ်းတို့ကို ဖတ်ကြားကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် သဘာပတိများအဖြစ် ဦးကိုလေး (ကိုလေး-အင်းဝဂုဏ်ရည်)၊ ဒေါက်တာကျော်ဝင်း(ပါမောက္ခ-ငြိမ်း)နှင့် ဦးအေးချို(ဦးအေးချို-မဟာဝိဇ္ဇာ)တို့က ဆောင်ရွက်ကြသည်။

ထို့နောက် စာတမ်းရှင်ဦးအောင်ရှင် (မုံရွာအောင်ရှင်)က "၁၉၆၂ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ နိုင်ငံရေးကဗျာများ"၊ ဦးမြင့်ဆွေ (မြင့်ဆွေဦး)က "နိုင်ငံရေးစာပေအစ နဂါးနီက" နှင့် ဦးကျော်မင်းယု (ကိုဂျင်မီ)က "ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအပါအဝင် နိုင်ငံရေးစာပေများ ရှင်သန်ဖွံ့ဖြိုးရေးဆိုင်ရာ စာတမ်း"တို့ကို ဖတ်ကြားကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြကာ ပထမနေ့ စာတမ်းဖတ်ပွဲကို ရပ်နားသည်။

စာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၊ စာတမ်းရှင်များ၊ နိုင်ငံရေးနှင့် စာပေနယ်ပယ်များမှ ပညာရှင်များ၊ စာပေဝါသနာရှင်များ၊ နိုင်ငံရေးနှင့် နိုင်ငံရေးစာပေ စိတ်ဝင်စားသူများ၊ ဖိတ်ကြားထားသူများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဇူလိုင် ၃၀ ရက် နံနက်ပိုင်းတွင် ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)က "ရှေးခေတ်မြန်မာ့နိုင်ငံရေးစာပေ"၊ ဦးသန်းဌေး (သင့်နော်)က "လက်လှမ်းမီသမျှ မြန်မာ့နိုင်ငံရေးစာပေအင်အားစုသို့ ချဉ်းကပ်ခြင်း"၊ ဦးအောင်မြင့်ဦး (အောင်မြင့်ဦး-လူထု)က "ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ မိန့်ခွန်းများထဲမှ နိုင်ငံရေးအဘိဓမ္မာ" စာတမ်းကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဦးအေးမောင် (အေးမောင်ကျော်)က "လစ်ဘရယ်ဒီမိုကရေစီ ကောက်ကြောင်းနှင့် မြန်မာ့အကူးအပြောင်း"၊ ဦးမိုးမြင့်ဝင်း (မိုးမြင့်ဝင်း-နည်းပညာ)က "ဖဆပလဝန်ကြီးချုပ် သခင်နု၏ ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်မှုကို လေ့လာသုံးသပ်ချက်"၊ ဦးကျော်ဇံလှ(ညီစေမင်း)က "နိုင်ငံရေးစာပေများကပြောတဲ့ တိုင်းရင်းသား လက်နက်ကိုင် လှုပ်ရှားမှုများ" စာတမ်းများကိုလည်းကောင်း ဖတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ဇူလိုင် ၃၀ ရက်နှင့် ၃၁ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**သတင်း- ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**




# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ မျက်နှာစုံညီအစည်းအဝေး စတုတ္ထနေ့ကျင်းပ

**မိုင်ဂျာယန် ဇူလိုင် ၂၉**

ကချင်ပြည်နယ် မိုင်ဂျာယန်တွင်ပြုလုပ်လျက်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ မျက်နှာစုံညီအစည်းအဝေး စတုတ္ထနေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး တက်ရောက်နိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်သည့် ကိုယ်စားပြုမှု၊ စုဖွဲ့မှု၊ ဆုံးဖြတ်ချက်ချမှတ်သည့် ပုံစံ၊ နိုင်ငံရေးဆွေးနွေးမှုတို့ကိုဆွေးနွေးခဲ့သည်။

မျက်နှာစုံညီအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် စတင်ပြုလုပ်ခဲ့ပြီး သဘာပတိအဖြစ် KNU ဒုတိယဥက္ကဋ္ဌ ပဒိုနော်စီဖိုးရာစိန်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဗီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးရာ၏ အာရှရေးရာအထူးကိုယ်စားလှယ်တို့က အမှာစကားပြောကြားခဲ့ကြသည်။ **(သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်)**

❍ ကျောဖုံးမှ

ရတနာပုံအသင်းနှင့် ရန်ကုန်အသင်း၊ ဩဂုတ် ၁၁ ရက်တွင် အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရန်ကုန်အသင်းနှင့် ရတနာပုံအသင်းသည် အမှတ်ပေးပြိုင်ပွဲ၌ အိမ်ကွင်းအဖြစ်လက်ခံကျင်းပနေသည့် YUSC ကွင်းနှင့် ဗထူးကွင်းကို လုံခြုံရေးအနေအထားကြောင့် ပြောင်းလဲခဲ့ပြီး သုဝဏ္ဏကွင်းနှင့် မန္တလာသီရိကွင်း၌ ကျင်းပခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ် အဆင့်တစ်ခုတည်းကိုသာ နှစ်ကျော့စနစ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး အဝေးဂိုးစည်းမျဉ်း ထည့်သွင်းအသုံးပြုသွားမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ရောက်အသင်းလေးသင်းမှာ ဒုတိယအဆင့်မှ စတင်ကစားရခြင်းဖြစ်ပြီး ရန်ကုန်အသင်းသည် ဒုတိယအဆင့်တွင် မဟာယူနိုက်တက်၊ ကွာတားဖိုင်နယ်တွင် ဟံသာဝတီ၊ ရတနာပုံအသင်းသည် ဒုတိယအဆင့်တွင် Horizon၊ ကွာတားဖိုင်နယ်တွင် မြဝတီအသင်းတို့ကို ကျော်ဖြတ်လာခြင်းဖြစ်သည်။ ရန်ကုန်အသင်းနှင့် ရတနာပုံအသင်းသည် ရှုံးထွက်ပြိုင်ပွဲတွင် ယခင်က တစ်ကြိမ်သာတွေ့ဆုံခဲ့ဖူးပြီး ၂၀၁၄ ပြိုင်ပွဲတွင် ရတနာပုံအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မကွေးအသင်းနှင့် ဇွဲကပင်အသင်းတို့ပွဲမှာလည်း ခြေစွမ်းပိုင်းကွာဟမှုမရှိသောကြောင့် အကြိတ်အနယ်ရှိနိုင်ပေသည်။ မကွေးအသင်းသည် ဒုတိယအဆင့်တွင် ချင်းယူနိုက်တက်၊ ကွာတားဖိုင်နယ်တွင် ရှမ်းယူနိုက်တက်၊ ဇွဲကပင်အသင်းသည် ဒုတိယအဆင့်တွင် Southern၊ ကွာတားဖိုင်နယ်တွင် ရခိုင်အသင်းတို့ကို ကျော်ဖြတ်လာခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုအဆင့်မှစတင်၍ ပြည်ပဒိုင်လူကြီးများအသုံးပြုမည်ဖြစ်ပြီး ယခုပထမအဆင့်တွင် ထိုင်းဒိုင်လူကြီးများ ကိုင်တွယ်မည်ဖြစ်သည်။

ဆီမီးရောက်အသင်းလေးသင်းတွင် ရန်ကုန်အသင်းသာ ၂၀၁၁ ခုနှစ်က ချန်ပီယံဆုရရှိဖူးပြီး ကျန်သုံးသင်းမှာ ချန်ပီယံဆုမရရှိဖူးသေးရာ ယခုရာသီတွင် ချန်ပီယံအသင်းသစ်ထွက်ပေါ်မလား၊ ချန်ပီယံဟောင်းရန်ကုန်အသင်း ထပ်မံအောင်ပွဲခံနိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(ချစ်ကိုကို)**

❖ မလေးရှားမှ

ဂိုးပေးခဲ့ရသည်။ ဟာနီဇာ ထောင့်မှကန်သွင်းရာ ဂိုးထဲတိုက်ရိုက်ဝင်သွား၍ မလေးရှားအသင်း ဦးဆောင်ဂိုးရခဲ့သည်။ မြန်မာအသင်းချေပဂိုးရရန် တောက်လျှောက်ကြိုးစားသော်လည်း တိုင်ထိထွက်ခဲ့၍ နစ်နာခဲ့ရသည်။ ပထမပိုင်းပြီးခါနီးတွင် မလေးရှားနောက်ခံလူ လက်ထိသောကြောင့် မြန်မာအသင်း ပင်နယ်တီကန်ခွင့်ရခဲ့ပြီး ခင်မိုးဝေက ချေပဂိုးအဖြစ်သွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်းက အမာခံကစားသမားများဖြစ်သည့် ရီရီဦး၊ ဝင်းသိင်္ဂီထွန်းနှင့် ခင်သန်းဝေတို့ကိုထည့်သွင်းကာ တိုက်စစ်အားမြှင့်ခဲ့သည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်း ဖိအားများနေ၍ စိတ်ကြိုက်ကစားနိုင်ခြင်းမရှိဘဲ ဂိုးသွင်းခွင့်များ အသုံးမချနိုင်ခဲ့ပေ။ မလေးရှားဂိုးသမားလက်စွမ်းပြကာကွယ်နေ၍ မြန်မာအသင်းဂိုးရရန် ရုန်းကန်ခဲ့ရပြီး ၇၈ မိနစ်မှ အနိုင်ဂိုးရခဲ့သည်။ နော်အားလိုဝါးဖော၏ ဖြတ်တင်ဘောကို ဝင်းသိင်္ဂီထွန်းက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

ညနေ ၃ နာရီ၌ ကစားသည့်ပွဲတွင် ဩစတြေးလျ ယူ-၂၀ အသင်းက တီမောအသင်းကို ၂၀ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ၏ ဂိုးအပြတ်ဆုံးနိုင်ပွဲအဖြစ် စံချိန်သစ်တင်ခဲ့သည်။ မြန်မာအသင်းသည် ၂၀၀၄ ပြိုင်ပွဲတွင် မော်လ်ဒိုက်အသင်း၊ ယခုပြိုင်ပွဲ အဖွင့်ပွဲတွင် တီမောအသင်းကို (၁၇ဂိုး-ဂိုးမရှိ)ဖြင့် အနိုင်ရရှိပြီး ဂိုးအပြတ်ဆုံးနိုင်ပွဲအဖြစ် စံချိန်သစ်တင်ခဲ့သော်လည်း ဩစတြေးလျအသင်းက ချိုးဖျက်ခဲ့ခြင်းဖြစ်သည်။ ဩစတြေးလျအသင်းသည် ခြေအသာဖြင့် တစ်ဖက်သတ်ဖိကစားခဲ့ပြီး အနိုင်ဂိုးများကို ပထမပိုင်းတွင် ၁၂ ဂိုး၊ ဒုတိယပိုင်းတွင် ရှစ်ဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။

ယခုပွဲအပြီးတွင် အိမ်ရှင်မြန်မာအသင်းနှင့် ဩစတြေးလျအသင်းသည် ခြောက်မှတ်စီဖြင့် ဆီမီးဖိုင်နယ်တက်သွားပြီဖြစ်ပြီး မလေးရှားနှင့် တီမောအသင်းမှာ နှစ်ပွဲစလုံးရှုံးကာ အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သည်။ **(ရှိုင်းထက်ဇော်)**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး

ကမ္ဘာ့လူဦးရေဟာ သန်းပေါင်း ခုနစ်ထောင်ကျော် (၇ ဘီလျံကျော်) ရှိတယ်လို့ ခန့်မှန်းထားကြပါတယ်။ ၂၀၁၃ ခုနှစ် ခန့်မှန်းချက်ဖြစ်ပါတယ်။

အဲဒီထဲမှာ ခရစ်ယာန်ဘာသာဝင် ၃၃ ဒသမ ၃၉ ရာခိုင်နှုန်း၊ အစ္စလာမ်ဘာသာဝင် ၂၂ ဒသမ ၇၄ရာခိုင်နှုန်း၊ ဟိန္ဒူဘာသာဝင် ၁၃ ဒသမ ၈ရာခိုင်နှုန်း၊ ဗုဒ္ဓဘာသာဝင် ၆ ဒသမ ၇ ရာခိုင်နှုန်း၊ ဆစ်(ခ်) သုည ဒသမ ၃၅ ရာခိုင်နှုန်း၊ ရဟူဒီ(ဂျူး)ဘာသာဝင် သုည ဒသမ ၂၂ ရာခိုင်နှုန်း၊ ဘဟာအီဘာသာဝင် သုည ဒသမ ၁၁ ရာခိုင်နှုန်း၊ ကျန်တခြားဘာသာပေါင်းစုံကိုးကွယ်သူ ၁၀ ဒသမ ၈၅ ရာခိုင်နှုန်း၊ ဘာသာရေးမဟုတ်တဲ့ နတ်တို့ ဘာတို့ ကိုးကွယ်သူက ၉ ဒသမ ၆၆ ရာခိုင်နှုန်း၊ ဘာသာမဲ့က ၂ ဒသမ ၀၁ ရာခိုင်နှုန်း စသဖြင့် အကြမ်းဖျင်း ခန့်မှန်းချက်လည်း ရှိပါတယ်။

အဲဒီခန့်မှန်းချက်အရဆိုရင် တစ်ကမ္ဘာလုံးမှာမှ ဗုဒ္ဓဘာသာဝင် ၆ ဒသမ ၇ ရာခိုင်နှုန်း ပဲရှိပါတယ်။ တစ်နည်းပြောမယ်ဆိုရင် ကမ္ဘာပေါ်ကလူတစ်ထောင်မှာ ၆၇ ယောက်သာလျှင် ဗုဒ္ဓဘာသာဝင်ဖြစ်နေနိုင်ပါတယ်။

ဒါ့အပြင် သည်ကိန်းဂဏန်းတွေအရ သတိထားနေမိရပြန်တဲ့အချက်က သက်ဝင်ယုံကြည်မှု(ကိုးကွယ်မှု)တွေဟာ သည်မဟာဘဒ္ဒကမ္ဘာမှာ အများအပြားလို့ မဆိုနိုင်တောင် ဆယ်ဂဏန်းနဲ့ ကွဲပြားနေတယ်ဆိုတာပါပဲ။ တစ်ဖက်ကကျပြန်တော့လည်း ခရစ်ယာန်ရယ်၊ အစ္စလာမ်ရယ်၊ ဟိန္ဒူရယ်၊ ဗုဒ္ဓဘာသာရယ်လို့သာ ယေဘုယျ ခေါ်ကြတယ်။ လက်တွေ့မှာ ဘာသာတိုင်းမှာက ဂိုဏ်းခွဲတွေ ဆယ်ဂဏန်းမက အများကြီးရှိပြန်တယ်။

ဘယ်လိုပဲဖြစ်ဖြစ် သေချာတာတစ်ခုကတော့ ဘာသာအသီးသီး၊ ဂိုဏ်းခွဲအသီးသီးမှာ သက်ဝင်ယုံကြည်ကြသူ ဘာသာဝင်တိုင်းဟာ မိမိတို့ ကိုးကွယ်

> **လူတစ်ယောက်ဟာ သူယုံကြည်ရာဘာသာတစ်ခုကို နှစ်နှစ်ကာကာ ယုံကြည်သည့်တိုင် အခြားရည်ရွယ်ချက်တစ်ခုတည်းကြောင့် အခြားဘာသာကို ပြောင်းလိုက်နိုင်တယ်။ တစ်နည်းအားဖြင့် ဘာသာရေးတံဆိပ်ကို ပြောင်းနိုင်တယ်။ ဒါပေမယ့် သူ့ရဲ့ ရင်ထဲအသည်းထဲက ကိုးကွယ်ယုံကြည်မှုကို ဘယ်သူမှ မသိမမြင်နိုင်ဘူး။ သူမပြောင်းဘဲ နေလို့ရတယ်။ ရင်ထဲကယုံကြည်မှုကတော့ သူ့ဟာနဲ့သူရှိနေမှာပဲ။**




ဆည်းကပ်ရာသည်သာအမှန်၊ ကျန်တာကလွဲနေတယ်လို့ ယူဆယုံမှတ်ထားကြလေ့ ရှိနေတတ်တာပါပဲ။ ဒါဟာလည်းအင်မတန် သဘာဝကျ၊ အင်မတန်လူဆန်လှပါတယ်။ အဲတော့ကာ သေချာဆင်ခြင်ကြည့်မယ်ဆိုရင်တော့ လူတိုင်းဟာ ကိုယ်ယုံတာကိုအမှန်လို့ နားလည်ခံယူထားကြတယ်။ သည်အတွက်လူတိုင်းတရားတယ်။ လူတိုင်းသူ့ယုံကြည်မှုနဲ့သူမှန်နေကြတယ်လို့ မြင်လာမယ်ထင်ပါတယ်။

သည်လိုအမျိုးမျိုးကွဲပြားနေတဲ့ ဘာသာဝင်တွေထဲမှာ တူညီတာတစ်ခုကိုဘုံထုတ်ကြည့်မယ်ဆိုရင်တော့ အားလုံးဟာ လူတွေဖြစ်နေတာပါပဲ။

ဘယ်ဘာသာဝင်မဆို. . .

- နှာခေါင်းနဲ့ အသက်ရှူတယ်။
- ပါးစပ်နဲ့ အစာစားတယ်။
- မျက်စိနဲ့ မြင်တယ်။
- နားနဲ့ ကြားတယ်။
- ခန္ဓာကိုယ်တွေ ရှိကြတယ်။
- ခံစားတတ်ကြတယ်။
- အညစ်အကြေးတွေ စွန့်ကြတယ်။
- အိမ်ရာထူထောင်ကြ၊ မျိုးဆက်ပွားကြတယ်။

တူတာတွေကိုဘုံထုတ်မယ်ဆိုရင် နောက်ထပ်အများအပြား ကျန်ဦးမှာပါ။ အမြင်သာဆုံးတွေကို ထုတ်ပြလိုက်တာပါ။

ကျွန်တော်လည်း မိရိုးဖလာဗုဒ္ဓဘာသာဝင်ပါ။ သို့သော် အရွယ်ရောက်လာပြီး ဘာသာတရားကို စူးစမ်းလေ့လာတတ်လာချိန်မှာ တခြားဘာသာတွေရဲ့ သဘောတွေကိုလည်း လက်လှမ်းမီသလောက် လေ့လာဖတ်ရှုခဲ့တယ်။ နာကြားခဲ့တယ်။

အဲဒီကမှ ဗုဒ္ဓရဲ့အဆုံးအမတွေ၊ တရားတော်တွေဟာ ကြောင်းကျိုးခိုင်လုံတယ်၊ ဆီလျော်တယ်၊ သဘာဝနဲ့ အနီးစပ်ဆုံးဖြစ်တယ်လို့ သိမြင်ယုံကြည်လာမိရလို့ ဗုဒ္ဓဘာသာဝင်အဖြစ် ကိုယ့်ရဲ့ လွတ်လပ်သောသဘောဆန္ဒနဲ့ကိုယ့်ဘာသာရွေးချယ်ခဲ့ပါတယ်။ ဒါပေမယ့် ကိုယ်ယုံကြည်တာမှ အမှန်၊ တစ်ပါးသူတွေ ယုံကြည်တာလွဲနေတယ်၊ မှားနေတယ်လို့ တစ်ခါမှ မတွေးခဲ့ဖူးပါဘူး။

အဲသလိုမတွေးတဲ့အပြင် တခြားဘာသာတွေရဲ့ ကောင်းမြတ်သော အမူအကျင့်တွေ၊ စာရိတ္တပိုင်း၊ ဝါရိတ္တပိုင်းသွန်သင်မှုတွေကိုလည်း မှတ်သားနေခဲ့မိပါတယ်။ အဲဒါ အခုအချိန်အထိပါပဲ။

လွတ်လပ်စွာသက်ဝင်ယုံကြည်ခွင့်ဟာ လူတိုင်းရဲ့ မွေးရာပါ အခွင့်အရေးပါ။ လူတစ်ယောက်ရဲ့ စိတ်ထဲကယုံကြည်နေမှုကို ဘယ်တန်ခိုးရှင်၊ ဘယ်အာဏာရှင်ကမှ အတင်းအကျပ် ပြောင်းလဲပစ်လို့ မရပါဘူး။

အတင်းအကျပ် ပြောင်းလဲလို့ ရတာက ဘာသာရေးတံဆိပ်တွေကိုပါ။

ဆိုကြပါစို့၊ မြန်မာနိုင်ငံမှာနေထိုင်တဲ့ ဗုဒ္ဓဘာသာဝင်တစ်ဦးဟာ သေတမ်းစာနဲ့ အမွေပေးခဲ့လို့ မရဘူး။ တရားရုံးက အဲဒါကို အသိအမှတ်မပြုပါဘူး။ ခရစ်ယာန်ဘာသာဝင် ဖြစ်နေမယ်ဆိုရင်တော့ မြန်မာနိုင်ငံမှာနေထိုင်သည့်တိုင် သေတမ်းစာရေးခဲ့လို့ရတယ်။ တရားရုံးတွေကလည်း အသိအမှတ်ပြုပါတယ်။

လူတစ်ယောက်ဟာ သူယုံကြည်ရာဘာသာတစ်ခုကို နှစ်နှစ်ကာကာ ယုံကြည်သည့်တိုင် အခြားရည်ရွယ်ချက်တစ်ခုတည်းကြောင့် အခြားဘာသာကို ပြောင်းလိုက်နိုင်တယ်။ တစ်နည်းအားဖြင့် ဘာသာရေးတံဆိပ်ကိုပြောင်းနိုင်တယ်။ ဒါပေမယ့် သူ့ရဲ့ ရင်ထဲအသည်းထဲက ကိုးကွယ်ယုံကြည်မှုကို ဘယ်သူမှ မသိမမြင်နိုင်ဘူး။ သူမပြောင်းဘဲနေလို့ ရတယ်။ ရင်ထဲကယုံကြည်မှုကတော့ သူ့ဟာနဲ့သူရှိနေမှာပဲ။

သည်တော့ ကိုယ်သက်ဝင်ယုံကြည်တာမှ အမှန်၊ ကျန်တာတွေက အမှားချည်းပဲလို့ မျက်စိမှိတ် အော်ဟစ်နေမယ်ဆိုရင် အဲဒီလူဟာဆင်ခြင်ဉာဏ်ကြီးသူလား၊ ဆင်ခြင်ဉာဏ်နည်းသူလား၊ အမြင်ကျယ်သူ ဖြစ်နိုင်မလား၊ အမြင်ကျဉ်းသူ ဖြစ်နေမလားစဉ်းစားကြစေချင်ပါတယ်။

နောက်တစ်ခုက ကိုယ်ယုံကြည်တာမှ အမှန်၊ ကိုယ်ယုံကြည်တဲ့အတိုင်း မယုံကြည်တဲ့သူတွေကို ပုတ်ခတ်တိုက်ခိုက်နေမယ်ဆိုရင်ရော. . . အဲဒီလူဟာ အာဏာရှင်စိတ်နဲ့ လူလား၊ ဒီမိုကရေစီနဲ့ ထိုက်တန်သူဖြစ်နိုင်ပါ့မလား။

ဆင့်ပွားဆင်ခြင်ကြည့်မယ်ဆိုရင်တော့ ဘာသာရေးတင်မက တခြားအကြောင်းအရာတွေပါ ကျယ်ကျယ်ပြန့်ပြန့် ထည့်စဉ်းစားစရာတွေ ရလာနိုင်ပါတယ်။ လူတိုင်းလူတိုင်းမှာဘာသာရေးမှာသာမက တခြားကိစ္စတွေမှာပါ အမှန်လို့ယုံမှတ်ထားတာတွေ အများအပြားရှိပါတယ်။ ချစ်ခြင်း၊ မုန်းခြင်းတွေလည်းရှိပါတယ်။ ဒါပေမယ့် မိမိရဲ့ ချစ်ခြင်းအတိုင်းလိုက်မချစ်နိုင်သူ၊ မုန်းခြင်းအတိုင်းလိုက်မမုန်းနိုင်သူကို ငါနှင့်မတူ ရန်သူလို့ သဘောထားရင် သင့်လျော်ပါ့မလား။ ဒီမိုကရေစီနည်းကျပါ့မလား။ အားလုံးစဉ်းစားသင့်တယ်လို့ ထင်ပါတယ်။

ဒီမိုကရေစီဆိုတာခုခေတ်မှာ တွင်ကျယ်ခေတ်စားနေတဲ့ ဝေါဟာရပါ။ ဒီမိုကရေစီဆိုတာ ကွဲပြားမှုကိုအသိအမှတ်ပြု၊ နေရာပေးပြီး အားလုံးချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနဲ့ တည်ဆောက်ယူတဲ့ လူ့ဘောင်ပါ။

ငါနှင့် ငါသာ နှိုင်းစရာဆိုရင် အဲဒါ ဒီမိုကရေစီမဟုတ်တော့ပါဘူး။ အာဏာရှင် လမ်းကြောင်းပေါ် ရောက်နေပါပြီ။

အဲသလောက်တော့ မြင်သင့်တယ်လို့ ထင်မိရလို့ သည်စာကိုမရဲတရဲနဲ့ပဲ ချရေးလိုက်ပါတယ်။ ကျွန်တော် ပြောတာကိုလက်ခံကြပါလို့ ဘယ်သူ့ကိုမှ ဘယ်တုန်းကမှ မတိုက်တွန်းခဲ့ဖူးပါဘူး။ စာဖတ်သူလူကြီးမင်းအားလုံးမှာ ကိုယ်ပိုင်ဆင်ခြင်တုံတရားကိုယ်စီနဲ့ပါ။ စာဖတ်သူတွေထဲမှာ ကျွန်တော့်ထက် အဆများစွာ တတ်ပွန်သူတွေ ပါနေမှာလည်း မလွဲပါဘူး။ ဒါ့ကြောင့် ကျွန်တော် ဆွေးနွေးတင်ပြတာကို စာဖတ်သူလူကြီးမင်းဘက်က တစ်ချက်လောက် စဉ်းစားကြည့်ပေးဖို့လောက်ပဲ တောင်းပန်ချင်ပါတယ်။ ကျွန်တော် ပြောတာသင့်၏၊ မသင့်၏၊ လျော်၏၊ မလျော်၏ ဆင်ခြင်စဉ်းစားနိုင်သူချည်းပဲလို့လည်း မမှိတ်မသုန် ယုံပါတယ်။ တစ်ချက်ကလေးစဉ်းစားပေးမယ်ဆိုရင်ကို သည်စာလေးကို ရေးရကျိုးနပ်ပြီလို့ အောက်မေ့မိပါတယ်။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်စုံတစ်ရာရသွားလိမ့်မယ်လို့ မျှော်လင့်နေမိကြောင်းပါ ခင်ဗျား။

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇူလိုင် ၂၉**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လုပ်ငန်းအမျိုးအစားများအလိုက် တင်ပြ လျှောက်ထားလာမှုများအပေါ် နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက် အမှန်တကယ် အသုံးပြု အကောင်အထည်ဖော်နိုင်မည့် အခြေအနေ ရှိ/မရှိကို ဗဟိုကော်မတီဝင်များ အနေဖြင့် သေချာစွာ စိစစ်ဆုံးဖြတ်ဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ကျူးကျော်ဝင်ရောက်ကြသည့် ပြဿနာများ၊ မြေကို ရယူထားပြီး လက်လွှဲရောင်းချခြင်း၊ မြေကို ရယူထားပြီး သတ်မှတ်ကာလအတွင်း အကောင်အထည်မဖော်ကြခြင်းများကို ဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မူဝါဒတိတိကျကျ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

ဆက်လက်၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချ စီမံဆောင်ရွက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြစ်စေရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီအဖွဲ့ဝင်များက ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် မူဝါဒချမှတ်နိုင်ရေးကို ဝိုင်းဝန်းပူးပေါင်း၍ ပွင့်ပွင့်လင်းလင်းဖြင့် ပါဝင်ဆွေးနွေးကြရန် ယနေ့နံနက် ၉ နာရီတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေလွတ် ၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခြင်းဖြစ်သည်။

အစည်းအဝေးတွင် ဗဟိုကော်မတီအတွင်းရေးမှူးက ဆွေးနွေးဆုံးဖြတ်ရန်ရှိသည့် ကိစ္စရပ်များအား ကဏ္ဍတစ်ခုခြင်းအလိုက် တင်ပြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

အစည်းအဝေးတွင် ၂၀၁၆ ခုနှစ် ဇွန် ၂၀ ရက်တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်းနှင့် ပြင်ဆင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ လုပ်ငန်းတာဝန်များ ပြင်ဆင်ဖွဲ့စည်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အသစ်ပြင်ဆင်ဖွဲ့စည်းပြီးသော ဗဟိုကော်မတီ၏ ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❐

# ရုပ်မြင်သံကြားအစီအစဉ်များ

[၃၀- ၇ -၂၀၁၆ (စနေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | | | |
|---|---|---|---|
| ညပိုင်း | | ၉း၁၀ | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၆း၀၀ | အဖွင့် မိုးလေဝသအစီအစဉ် ကာတွန်းအစီအစဉ် “Final Fantasy The spirits within” (အပိုင်း-၁) | ၉း၂၀ | ရခိုင်ပြည်ရဲ့ စိတ်ဝင်စားဖွယ်နေရာများ |
| | | ၉း၄၀ | တေးဂီတအစီအစဉ် |
| | | ၉း၅၀ | ဘဲဥထုပွဲ |
| ၇း၀၀ | ကက်ဆက်ဇာတ်လမ်း “ကျွန်တော် အဆိုတော်ဖိုးဇော်” | ၁၀း၂၀ | မြန်မာရုပ်ရှင် “အပျိုကြီးမမ” |
| ၈း၂၀ | MRTV-4 Entertainment Music | ၁၂း၀၀ | အစီအစဉ်ပြီး၏ |
| ၈း၄၀ | ဂီတစာဆို ကိုနေဝင်း (အပိုင်း-၁) | | |

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား News Channel

| | | | |
|---|---|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော် | ၄း၃၅ | “အဖိုးတန်မြန်မာ့သဘာဝ သယံဇာတ”(အင်ကြင်းကျောက်) |
| ၇း၃၅ | Hyper Sports | ၅း၂၀ | “သက်ကြီးရွယ်အိုများနေ့ပိုင်း စောင့်ရှောက်ရေးဂေဟာ” |
| ၈း၃၅ | ပန်းပျိုးခင်း | | |
| ၉း၃၅ | Business News | ၅း၃၅ | NHK Program “ဆန်သံသရာလည်ပုံ” |
| ၁၀း၃၅ | ကဗျာရိပ်မြုံ “ရွှေပင့်ကူရဲ့ရက္ကန်းစင်” | ၆း၃၅ | Tasty Trip |
| ၁၀း၄၅ | “ပုဂံမြေမှ ယွန်းထည်အနုပညာ” | ၇း၁၅ | “သူ” (အပိုင်း-၈)(ပြေဇင်၊ မင်းသူ၊ ရဲမွန်၊ ဖူးစုံ၊ သဇင်၊ မွှံနု့သာ) (ဒါရိုက်တာ- ဘိုသန့်) |
| ၁၁း၁၅ | “ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး” (ဒူးရင်းသီးနှင့်မင်းကွတ်သီး) | ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၁၁း၃၅ | ချစ်စရာ့အရွယ်ကစားကြမယ် | | |
| ၂း၀၀ | “ရွှေရောင်နေ့သစ်များဆီသို့” (နေမျိုးအောင်၊ ဖူးစုံ၊ အိမ်မလီမောင်၊ စိုင်းနန္ဒ၊ အိန္ဒြာမိုးမြင့်) (ဒါရိုက်တာ- ရဲထွန်းမြတ်) | ၈း၃၅ | “အမျိုးသမီးများနည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း” (အပိုင်း-၁) |
| ၂း၃၅ | အနုပညာသတင်းအစီအစဉ် | ၉း၀၀ | ပြည်တွင်းသတင်း -ဂီတတံခါးလေးဖွင့်ပါဦး -နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်တဲ့လား (အပိုင်း-၂၄) |
| ၃း၃၅ | “ဆီချို၊ သွေးချိုကာကွယ်ပါ” | | |
| ၄း၁၅ | “နိုင်ငံတော်ရဲ့အား မြန်မာအမျိုးသမီးရဲမေများ” | | |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

| | | | |
|---|---|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော် + ပရိတ်နိဒါန်း၊ မင်္ဂလသုတ် | ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ချစ်သူပေးတဲ့ ကတိစကား” (အပိုင်း-၁၈) |
| ၅း၄၀ | “ဘဝတံတား” တရားတော် (ဆရာတော်အရှင်ဝိစိတ္တသာရ) | ၇း၁၅ | Let's Talk |
| ၈း၀၀ | Cartoon Series (Go Go Giggles) | ၇း၅၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ “ကံကံ၏အကျိုး” [ရန့်ပြယ်နှင်းဆီ (အပိုင်း-၂)] |
| ၉း၀၀ | Drive It | | |
| ၁၀း၁၅ | ခေတ်သစ်ပျိုမေ | | |
| ၁၁း၀၅ | Star တို့ရဲ့ လက်ရာ | ၈း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အချစ်သစ္စာတည်စေသော်” (အပိုင်း-၆၅) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ “ကံကံ၏အကျိုး” [ရန့်ပြယ်နှင်းဆီ (အပိုင်း-၁)] | ၉း၃၀ | MUSIC LIVE Tonight |
| ၃း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (Living Square Grand Opening) | ၁၀း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စကိတ်စီးတဲ့ချစ်သူ” (အပိုင်း-၇+၈) |
| ၆း၁၀ | Health Fix | ၁၁း၃၀ | MRTV-4 Stage |

## မြဝတီရုပ်မြင်သံကြား

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | ၂း၃၀ | သံစဉ်များနှင့်ကမ္ဘာ |
| ၈း၀၅ | အမျိုးသားရေးတေးကဗျာ | ၄း၃၅ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၈း၁၀ | VOA အင်္ဂလိပ်စာသင်ခန်းစာ | ၄း၅၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၉း၁၀ | လူတိုင်းကျန်းမာသိမှတ်စရာ | ၅း၀၀ | Run & Cook |
| ၉း၃၅ | ခရီးလည်းသွားစကားလည်းဆို | ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖေဖေကြီးကိုချစ်တယ် အပိုင်း (၄၂) |
| ၉း၅၀ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ | | |
| ၁၀း၃၀ | Cooking Art | | |
| ၁၀း၄၅ | Happy Time | ၅း၄၅ | ရွှေလမ်းငွေလမ်းသူဌေးလမ်း |
| ၁၁း၁၀ | English For Myanmar | ၆း၁၀ | စားဖို့ဆောင်ချစ်သူ |
| ၁၁း၂၀ | အိမ်ရှင်မတို့ရဲ့အချစ်ဆုံး | ၆း၃၅ | ထူးခြားဆန်းပြားကမ္ဘာတစ်လွှား |
| ၁၂း၀၀ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -၂၄ နာရီတစ်ရက် အောင်ရဲလင်း၊ မေကဗျာနှင့် သရုပ်ဆောင်များ (ဒါရိုတာနေပိုင်) | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်သောဇာကရီ အပိုင်း(၅၃) -VOA အင်္ဂလိပ်စာသင်ခန်းစာ -လူ့ရွှင်တော်စတား |
| ၁၂း၅၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မေတ္တာအသ‌ချေ အပိုင်း(၈၂) | | -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အနားမညီတြိဂံ အပိုင်း(၁၉) |

# ကိုတင့်တို့စူပါရပ်ကွက်(၂) “စားတယ်” မြန်မာဟာသဇာတ်ကား စတင်ပြသ

မြန်မာ့လူမှုရေးနယ်ပယ်အတွင်း ရပ်ကွက်တစ်ခုရှိ လူမှုဘဝနေထိုင်မှုပုံစံများနှင့် ဖြစ်တတ်သည့်အလွဲများကို ဖော်ကျူးရိုက်ကူးထားသည့် ကိုတင့်တို့ စူပါရပ်ကွက် ဇာတ်ကား၏ နောက်ဆက်တွဲအဖြစ် ဒါရိုက်တာ ကျော်ဇောလင်း၏ ကိုတင့်တို့ စူပါရပ်ကွက်(၂) ‘စားတယ်’ဇာတ်ကားကို ရန်ကုန်မြို့ရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် စတင်ရုံတင်ပြသလျက်ရှိသည်။



ကိုတင့်တို့ စူပါရပ်ကွက်(၂) ‘စားတယ်’ ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

စိန်ငွေးရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ကာတွန်းကိုရွှေထူး(ပြည်)၏ ရုပ်ပြဇာတ်လမ်းကို ဝတ္ထုဝေသာနှင့် ဇာတ်ညွှန်းကိုကျော်တို့က ပုံဖော်ထားပြီး ဒါရိုက်တာကျော်ဇောလင်း၏ အတွေးပုံရိပ်အဖြစ် ‘စားတယ်’ ဇာတ်ကားတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ အဖွဲ့ဝင် ကိုတင်မောင်တင့် (ခေါ်) ကိုတင့်၏ ထုံးစံအတိုင်း ရပ်ကွက်အတွင်းမှ သဘာဝအရှုပ်အထွေးများကို စေတနာရှေ့ထား ဖြေရှင်းပေးလေ့ရှိသော်လည်း ဇနီးဖြစ်သူနှင့် ယောက္ခမတို့၏ အထင်ကြီးမှုကိုမရခဲ့သော ကိုတင့်အကြောင်းကို အဓိကပုံဖော်ထားသော ဟာသဇာတ်ကားဖြစ်သည်။




ယင်းဇာတ်ကားတွင် အဓိကသရုပ်ဆောင်များအဖြစ် အရိုင်းနှင့် မိုးပြည့်ပြည့်မောင်တို့က ပါဝင်သရုပ်ဆောင်ထားပြီး အကယ်ဒမီရဲအောင်၊ ရာဇာနေဝင်း၊ အကယ်ဒမီလွင်မိုး၊ အကယ်ဒမီမင်းဦး၊ အကယ်ဒမီခန့်စည်သူ၊ နေမျိုးအောင်၊ ကျော်ကျော်ဗို၊ ထွန်းထွန်း၊ ဖိုးချစ်၊ နေထူးနိုင်၊ Wai လျှံ၊ အကယ်ဒမီခိုင်သင်းကြည်၊ သင်ဇာဝင့်ကျော်၊ အေးမြတ်သူ၊ မိုးယုစံ၊ စံရတီမိုးမြင့်၊ ယွန်းရွှေရည်နှင့် သရုပ်ဆောင်များစွာက ပါဝင်အားဖြည့်ထားသည်။

ယခင်ထွက်ရှိခဲ့ပြီးဖြစ်သည့် ကိုတင့်တို့ စူပါရပ်ကွက် ဟာသဇာတ်ကားသည် ရုပ်ရှင်ချစ်ပရိသတ်အတွင်း အောင်မြင်စွာ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့သည့် ဟာသကားတစ်ကားဖြစ်ပြီး ယခု နောက်ဆက်တွဲဇာတ်ကားကိုလည်း ဆက်လက်ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်သည်။

အဆိုပါ ဟာသဇာတ်ကားကို ရွှေဆောင်၊ မင်္ဂလာစံပြနှင့် မင်္ဂလာ Cineplex 1 2 3 4၊ ဂမုန်းပွင့်၊ မင်္ဂလာဒိုင်းမွန်းနှင့် မင်္ဂလာထွန်းသီရိ ရုပ်ရှင်ရုံတို့တွင် ဇူလိုင် ၂၉ ရက် (ယနေ့)တွင် စတင်ရုံတင်ပြသလျက်ရှိသည်။

ဆက်လက်ပြီး ပြသဆဲ မြန်မာဇာတ်ကားဖြစ်သည့် လူငယ်ပညာပေးဇာတ်ကား ‘ခိုးဆိုးလုနှိုက်’ ဇာတ်ကားကိုလည်း ဆက်လက်ရုံတင်ပြသပေးလျက်ရှိသည်။ ခိုးဆိုးလုနှိုက်ဇာတ်ကားကို ပုံဖော်ခြယ်မှုန်းသူမှာ ဒါရိုက်တာစတီးဖြစ်ပြီး မြင့်မြတ်၊ နေဒွေး၊ ထွန်းထွန်း၊ ခင်လှိုင်၊ ရဲအောင်နှင့် သင်ဇာဝင့်ကျော်တို့က အဓိကပါဝင်သရုပ်ဆောင်ထားသည်။

**(ဖြိုးစန္ဒာမြင့်)**

# Ice Age ဇာတ်လမ်းတွဲ၏ နောက်ဆက်တွဲဇာတ်ကားသစ် Ice Age: Collision Course ဇာတ်ကား စတင်ပြသ

Blue Sky စတူဒီယိုကနေ ထုတ်လုပ်ပြီး သရီးဒီအန်နီမေးရှင်းဇာတ်ကားတစ်ကားဖြစ်တဲ့ Ice Age: Collision Course ဇာတ်ကားဟာ Ice Age ဇာတ်လမ်းတွဲရဲ့ နောက်ဆုံးထွက်ရှိလာခဲ့တဲ့ ဇာတ်လမ်းသစ်တစ်ပုဒ်ဖြစ်ပြီး ၂၀၁၂ ခုနှစ်က ထွက်ရှိခဲ့တဲ့ Ice Age: Continental Drift ဇာတ်ကားရဲ့ နောက်ဆက်တွဲဇာတ်လမ်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။

ဒီအန်နီမေးရှင်းဇာတ်ကားကို ပြီးခဲ့တဲ့ ဇွန် ၁၉ ရက်က ဆစ်ဒနီရုပ်ရှင်ပွဲတော်မှာ စတင်ပြသခဲ့တာဖြစ်ပြီး ဇူလိုင် ၂၂ ရက်မှာ အမေရိကန်နိုင်ငံက ရုပ်ရှင်ရုံတွေမှာ စတင်ပြသပေးခဲ့တာဖြစ်ပါတယ်။

ဒီဇာတ်ကားရိုက်ကူးမှုအတွက် ကုန်ကျငွေဟာ အမေရိကန်ဒေါ်လာ ၁၀၅ သန်းရှိပြီးတော့ အခုအချိန်ထိ ရုံဝင်ငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၁၀ ကျော်ရရှိနေပြီလို့လည်း သိရပါတယ်။

ဒီဇာတ်ကားရဲ့အကျဉ်းကို အမြည်းပေးရမယ်ဆိုရင်တော့ ရှဉ့်ကလေး Scrat ဟာ သူအလွန်ကြိုက်နှစ်သက်တဲ့ ဝက်သစ်ချသီးကို ခွဲဖို့ နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းနေတုန်း ရေထဲနစ်မြုပ်နေတဲ့ အာကာသယာဉ်တစ်ခုနဲ့တွေ့ကာ အာကာသယာဉ်ကို စက်နှိုးမိသလိုဖြစ်ပြီး အာကာသထဲကို ရောက်သွားပါတော့တယ်။



အဲဒီမှာ ရှဉ့်ကလေး Scrat ဟာ အဲဒီအာကာသယာဉ်နဲ့ အာကာသထဲရောက်သွားပြီး ယာဉ်ရဲ့မွှေနှောက်မှုကြောင့် Scrat ရဲ့ ဂြိုဟ်ကမ္ဘာကိုပါ ဒုက္ခပေးဖို့ ဖြစ်လာပါတယ်။ ဂြိုဟ်တွေ ပြိုပျက်မှုကြောင့် ဥက္ကာပျံတွေ၊ ဥက္ကာခဲတွေ ကျရောက်ပြီး မီးတောင်တွေပေါက်ကွဲမှု စတာတွေဖြစ်လာတာကြောင့် Scrat ရဲ့ သူငယ်ချင်းတွေဖြစ်တဲ့ ဆင်ကလေးမန်နီ၊ ခြင်္သေ့လေး Diego နဲ့ တိရစ္ဆာန်အပေါင်းပါတွေဟာ နေရပ်ကို စွန့်ခွာကြရပါတော့တယ်။

အဲဒီလို ထွက်ပြေးကြရင်းနဲ့ သူတို့တစ်ခါမှ မကြုံဖူးတဲ့နေရာသစ်ကို ရောက်ရှိကြရာ အဲဒီရောသစ်မှာ ထူးခြားဆန်းကြယ်မှုများနှင့် ကြုံတွေ့ရပုံကို ရိုက်ကူးတင်ဆက်ထားတဲ့ အန်နီမေးရှင်းကာတွန်းဟာသဇာတ်ကားတစ်ကား ဖြစ်ပါတယ်။

ကြာမြင့်ချိန် ၁ နာရီခွဲကျော်ကျော်ရှိတဲ့ ဒီဇာတ်ကားလေးမှာ အသံသရုပ်ဆောင်များအဖြစ် တေးသံရှင်နှင့် သရုပ်ဆောင် ဂျနီဖာလိုပက်ဇ်အပါအဝင် သရုပ်ဆောင်ပေါင်းများစွာက ပါဝင်အားဖြည့်ပေးထားပါတယ်။

Ice Age: Collision Course သရီးဒီအန်နီမေးရှင်းဇာတ်ကားကို မင်္ဂလာ(၂) ဒဂုံစင်တာ(၂)မြေနီကုန်း၊ နေပြည်တော် Cineplex 1 2 3၊ မင်္ဂလာစံပြ၊ မင်္ဂလာ Cineplex 1 2 3 4၊ ဂမုန်းပွင့်၊ မင်္ဂလာဒိုင်းမွန်းရုပ်ရှင်ရုံတို့တွင် ဇူလိုင် ၂၉ ရက်မှာ စတင်ရုံတင်ပြပေးလျက် ရှိပါတယ်။ **(မျိုးစန္ဒာမောင်)**

# ပေါ့ဘာအဝင် ရှုဝိန်းစတိုင်ဂါအထွက်နဲ့ မန်ယူ




မန်ယူအသင်းက ကွင်းလယ်လူဟောင်း ပေါလ်ပေါ့ဘာကိုရရှိဖို့ နွေဈေးကွက်အစကတည်းက ကြိုးပမ်းနေရာမှာ ဂျူဗင်တပ်အသင်းဘက်က ပေါင်သန်း ၁၀၀ နီးပါးနဲ့ ရောင်းချဖို့ ဇူလိုင် ၂၈ ရက် ညပိုင်းမှာ သဘောတူညီခဲ့တယ်လို့ သိရပါတယ်။ ပေါ့ဘာရဲ့ ကိုယ်စားလှယ် ရိုင်လိုလာ၊ ဂျူဗင်တပ် တာဝန်ရှိသူတွေနဲ့ ဥပဒေအကျိုးဆောင်တွေက တူရင်မြို့မှာ ဇူလိုင် ၂၈ ရက် မွန်းလွဲပိုင်းက တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ရာ ညပိုင်းမှာတော့ ပေါင်သန်း ၁၀၀ နီးပါးနဲ့ ရောင်းချဖို့ ဂျူဗီဘက်က သဘောတူလိုက်ပါပြီ။ ဒါကြောင့် ပေါ့ဘာ မန်ယူကို ရောက်ပြီဆိုတာ ဇူလိုင် ၃၀ မှာ တရားဝင်ထုတ်ပြန်ကြေညာသွားဖို့ ရှိနေပါတယ်။

ပေါ့ဘာ အပြောင်းအရွှေ့တန်ဖိုး အားလုံးရဲ့ ၂၀ ရာခိုင်နှုန်းကို ရိုင်လိုလာရဲ့ ဝန်ဆောင်ခအဖြစ် ပေးချေဖို့ ဂျူဗီနဲ့ မန်ယူနှစ်သင်းစလုံးက သဘောတူညီခဲ့ကြပါတယ်။ ဒီလိုစရိတ်စကတွေ ကျခံရမယ့်အပြင် အခွန်ပေးချေရတာသက်သာစေဖို့ ပြောင်းရွှေ့ကြေးကို ပေါင် ၈၄ ဒသမ ၃ သန်းလို့သာ ဂျူဗင်တပ်ဘက်က ကြေညာသွားဖို့ ရှိပါတယ်။ ယခုလက်ရှိ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးက ဂါရတ်ဘေးလ်အတွက် ရီးယဲလ်မက်ဒရစ်က စပါးကို ၂၀၁၃ ခုနှစ်မှာ ပေးချေခဲ့ရတဲ့ ပေါင် ၈၆ သန်းဖြစ်ပါတယ်။ ဒါ့ကြောင့် ပေါ့ဘာရဲ့ အပြောင်းအရွှေ့တရားဝင်တန်ဖိုးက ဂါရတ်ဘေးလ်ရဲ့ ပြောင်းရွှေ့ကြေးကို ကျော်သွားဖို့မရှိပါဘူး။

ပေါ့ဘာဟာ လက်ရှိမှာ အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါမှာ အပန်းဖြေခရီး ထွက်နေတာကြောင့် တစ်ပတ်လုပ်ခလစာ ပေါင် ၂၉၀၀၀၀ တန် ငါးနှစ်စာချုပ် မချုပ်ဆိုမီ ဆေးစစ်မှုကို လော့စ်အိန်ဂျလိစ်မြို့မှာပဲ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ မန်ယူအသင်းအနေနဲ့ ပေါ့ဘာ ဘလွန်းဒီအောဆု( ကမ္ဘာ့အကောင်းဆုံးကစားသမားဆု) ရရှိခြင်းအပြင် နိုင်ငံအသင်းအတွက် ပွဲထွက်ကစားခွင့်အရေးအတွက်၊ မန်ယူအသင်းနဲ့ ရရှိမယ့်ဆုဖလားအရေးအတွက်ပေါ် မူတည်ပြီး ဂျူဗင်တပ်အသင်းကို အပိုဆုကြေးတွေ ထပ်ပြီးပေးချေရဖို့ရှိနေပါတယ်။ ပေါ့ဘာဟာ မန်ယူအသင်းကနေ ၂၀၁၂ ခုနှစ် ကနေထွက်ခွာခဲ့ပြီး အဲဒီအချိန်က ဂျူဗီက မန်ယူကို လျော်ကြေးငွေအဖြစ် ပေါင် ၈၀၀၀၀၀ သာ ပေးချေခဲ့ရတာဖြစ်ပါတယ်။

မန်ယူနည်းပြသစ် မော်ရင်ဟိုက နောက်ခံလူ အဲရစ်ဘိုင်ဘီ၊ ကွင်းလယ်တိုက်စစ် အမ်ခီတာယန်၊ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်တို့ကို ခေါ်ယူပြီးဖြစ်တာကြောင့် ပေါ့ဘာဟာ မော်ရင်ဟိုရဲ့ စတုတ္ထမြောက် ခေါ်ယူတဲ့ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။ မော်ရင်ဟိုက ပေါ့ဘာ မန်ယူကို ရောက်ရှိလာမှာ သေချာသွားပြီးနောက်မှာ ရှုဝိန်းစတိုင်ဂါအပါအဝင် ကစားသမား ကိုးဦးလောက်ကို အငှားနဲ့ဖြစ်စေ၊ အပြီးဖြစ်စေ အသင်းပြောင်းရမယ်လို့ ပြောကြားလိုက်ပါတယ်။ စတိုင်ဂါက ပြီးခဲ့တဲ့ ရာသီကမှ မန်ယူအသင်းကို ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး မန်ယူနဲ့ နှစ်နှစ်စာချုပ်သက်တမ်း ကျန်ရှိနေသူပါ။ သူဟာ ဒဏ်ရာပြဿနာကြောင့် မန်ယူအတွက် လိဂ်ပွဲ (၁၃)ပွဲသာ ဝင်ရောက်ကစားနိုင်ခဲ့ပြီး မော်ရင်ဟိုရောက်လာရင် အသင်းပြောင်းရမယ်လို့ အစောပိုင်းကတည်းက သတင်းထွက်နေခဲ့သူလည်း ဖြစ်ပါတယ်။

မော်ရင်ဟိုက စတိုင်ဂါကို အသင်းသစ်ရှာဖို့ သတိပေးထားပေမယ့် လူငယ်ကစားသမားတွေ အတွေ့အကြုံရရှိစေဖို့အတွက်တော့ မိုက်ကယ်ကားရစ်ကို ဆက်ထိန်းထားမှာဖြစ်တယ်လို့ သိရပါတယ်။ စတိုင်ဂါနဲ့အတူ မန်ယူကနေ ထွက်ရဖို့ရှိနေတဲ့ ကျန်ကစားသမားတွေဟာ လူငယ်ကစားသမားတွေသာ ဖြစ်နေတာကို သတိပြုမိပါတယ်။ ဒီကစားသမားတွေကတော့ ဂျာနူဇက်၊ ဘော့ဝှစ်ဂျက်ဆန်၊ မန်ဆာ၊ ပါရဲရား၊ ဝီလ်ကီန်း၊ တိုင်လာဘလာကက်၊ မက်ခ်နိုင်ယာနဲ့ ဂျိမ်းစ်ဝီလ်ဆင်တို့ ဖြစ်ကြပါတယ်။ **(မေလှဲ့သင်း)**

## အိုင်ယာလန်ဂိုးသမား ရှေးဂစ်ဗင် နိုင်ငံလက်ရွေးစင်အဖြစ်မှ အနားယူပြီ

အိုင်ယာလန်ဂိုးသမား ရှေးဂစ်ဗင်သည် နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူလိုက်ပြီဖြစ်ကြောင်း အတိအလင်းကြေညာခဲ့သည်။

အသက်(၄၀)အရွယ်ရှိ ရှေးဂစ်ဗင်သည် နှစ် ၂၀ ကြာ ကစားသမားဘဝဖြတ်သန်းခဲ့ရာတွင် အိုင်ယာလန်နိုင်ငံ လက်ရွေးစင်အသင်းနှင့်အတူ ပွဲပေါင်း ၁၃၄ ပွဲအထိ ပါဝင်ကစားပေးခဲ့ပြီး ၂၀၀၂ ကမ္ဘာ့ဖလား၊ ယူရို ၂၀၁၂ နှင့် ယူရို ၂၀၁၆ တို့တွင်လည်း အိုင်ယာလန်အသင်းအတွက် အကောင်းဆုံးကစားပေးနိုင်ခဲ့သူဖြစ်သည်။

ဂိုးသမားရှေးဂစ်ဗင်သည် ၁၉၉၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ နယူးကာဆယ်အသင်းတွင် ပွဲပေါင်း ၃၅၄ ပွဲ၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ မန်စီးတီးအသင်းတွင် ပွဲပေါင်း ၅၀၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အက်စတွန်ဗီလာအသင်းတွင် ပွဲပေါင်း ၃၇ ပွဲ၊ ၂၀၁၃-၂၀၁၄ ဘောလုံးရာသီက အက်စတွန်ဗီလာအသင်းမှ မစ်ဒယ်ဘရော့အသင်းသို့ အငှားချခဲ့ရာ မစ်ဒယ်ဘရော့အသင်းတွင် ၁၆ ပွဲနှင့် ၂၀၁၅ ခုနှစ်တွင် စတုတ်စီးတီးအသင်းသို့ ပြောင်းရွှေ့ခဲ့ရာ လက်ရှိတွင် စတုတ်စီးတီးအသင်းနှင့် သုံးပွဲကစားပေးထားခဲ့သည်။

ရှေးဂစ်ဗင်သည် နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူကာ ကလပ်အသင်းကစားသမားဘဝဖြင့်သာ ဘောလုံးလောကကို ဖြတ်သန်းသွားမည်ဖြစ်ကြောင်းလည်း ဖွင့်ဟပြောကြားခဲ့သည်။



**(ငွေကြယ်)**

## ကစားသမားတစ်ဦးရဖို့ ပေါင်သန်း ၁၀၀ ပေးမခေါ်ဘူးလို့ဆိုလိုက်တဲ့ ဂျာဂန်ကလော့



ဘောလုံးဆိုတာဟာ အသင်းအဖွဲ့တစ်ခုအဖြစ် တည်ဆောက်ရတယ်ဆိုတာမှန်ပေမယ့် ကစားသမားကောင်းတွေကို ဝယ်ယူမှာမဟုတ်ဘဲ အသင်းတိုးတက်မှုအတွက် အလားအလာကောင်းတွေရနိုင်မယ့် ကစားသမားမျိုးကိုသာ ဝယ်ယူသွားမှာဖြစ်တယ်လို့ လီဗာပူးအသင်းနည်းပြ ဂျာဂန်ကလော့က ဆိုခဲ့ပါတယ်။

ဒါ့အပြင် ကစားသမားတစ်ဦးရဖို့အတွက် ပေါင်သန်း ၁၀၀ ပေးခေါ်ယူခဲ့တယ်ဆိုရင်လည်း အဲဒါဟာ မှားယွင်းတဲ့ ချဉ်းကပ်မှုဖြစ်ကြောင်းနဲ့ သူ့အနေနဲ့ကတော့ ကစားသမားတစ်ဦးရဖို့ ပေါင်သန်း ၁၀၀ ပေးပြီး ခေါ်ယူမှာမဟုတ်တဲ့အကြောင်း ဂျာဂန်ကလော့က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ဂျာမနီနိုင်ငံသား ဂျာဂန်ကလော့ဟာ အခုအပြောင်းအရွှေ့ရာသီမှာ အသင်းရဲ့ဈေးအကြီးဆုံး ကစားသမားတွေအဖြစ် ဆာဒီယိုမာနေးနဲ့ ဝစ်နယ်လ်ဒွန်တို့ကို ခေါ်ယူခဲ့တာဖြစ်ပြီး အဲဒီကစားသမားနှစ်ဦးပေါင်းရဲ့ အပြောင်းအရွှေ့ဈေးနှုန်းဟာ မန်ယူအသင်းက ပေါင်သန်း ၁၀၀ နဲ့ခေါ်ယူဖို့ ပြင်ဆင်နေတဲ့ ပေါ့ဘာရဲ့အပြောင်းအရွှေ့ ဈေးနှုန်းနဲ့ နှိုင်းယှဉ်မယ်ဆိုရင် မပြောပလောက်တဲ့ ဈေးနှုန်းလို့လည်း ဂျာဂန်ကလော့က ပြောခဲ့ပါတယ်။

လီဗာပူးအသင်းဟာ အခုနွေရာသီအပြောင်းအရွှေ့ကာလမှာ ကစားသမားငါးဦးအထိ ခေါ်ယူခဲ့တာဖြစ်ပြီး ကစားသမားခေါ်ယူမှုအတွက် ပေါင်သန်း ၇၀ သုံးစွဲခဲ့တာဖြစ်တယ်။ လီဗာပူးအသင်းရဲ့ ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတွေဖြစ်တဲ့ မန်ယူအသင်းဟာ ဂျူဗင်တပ်ကွင်းလယ်ကစားသမား ပေါ့ဘာကို ပေါင်သန်း ၁၀၀ ပေးခေါ်ဖို့ စီစဉ်နေသလို မန်စီးတီးအသင်းကလည်း အဲဗာတန်နောက်တန်းကစားသမား ဂျွန်စတုန်းကို ပေါင်သန်း ၅၀ ပေးပြီးခေါ်ယူဖို့ ကမ်းလှမ်းထားပါတယ်။

ဆာဒီယိုမာနေးကို ပေါင်သန်း ၃၀ နဲ့ ဝစ်နယ်ဒွန်ကို ပေါင် ၂၃ သန်းပေးပြီး ခေါ်ယူခဲ့တဲ့နေရာမှာ ဆာဒီယိုမာနေးကို ပေါင်သန်း ၃၀ အထိပေးပြီး ခေါ်ခဲ့တာဟာ လီဗာပူးအသင်းနည်းပြ ဖြစ်လာတဲ့အချိန်မှာ ကစားသမားတစ်ဦးတည်းကို ဈေးကြီးပေးခေါ်ယူခြင်းပဲဖြစ်တယ်လို့လည်း လီဗာပူးအသင်းနည်းပြ ဂျာဂန်ကလော့က ပြောခဲ့ပါတယ်။ ကစားသမားတစ်ဦးကို ပေါင်သန်း ၁၀၀ ပေးခေါ်ပြီး အဲဒီကစားသမားဒဏ်ရာရခဲ့ရင် အသင်းအတွက် အများကြီးထိခိုက်မှုတွေရှိတဲ့အပြင် ဘောလုံးကစားနည်းဟာ အတူတကွကစားခြင်းဖြစ်တာကြောင့် ကစားသမားတစ်ဦးတည်းကို ပေါင်သန်း ၁၀၀ လောက်ပေးပြီး ခေါ်တဲ့လုပ်ရပ်မျိုးကို စိတ်မဝင်စားဘူးလို့လည်း နည်းပြဂျာဂန်ကလော့က ဆိုပါတယ်။

“တခြားကလပ်အသင်းအတော်များများက ငွေကြေးအများကြီးသုံးပြီး ထိပ်တန်းအဆင့်ရှိတဲ့ ကစားသမားတွေကို စုကြတယ်။ ကျွန်တော်ကျတော့ အဲဒါနဲ့မတူအောင်လုပ်ချင်တယ်။ ကစားသမားခေါ်ယူဖို့အတွက် ငွေကြေးအများကြီးသုံးရင် ဆုဖလားတွေ ရရှိနိုင်တယ်။ အဲဒီလို ကစားသမားတွေအများကြီးခေါ်ယူပြီး အခြားကလပ်အသင်းတွေနဲ့ ယှဉ်ပြိုင်ရတာကိုလည်း စိတ်မဝင်စားဘူး။ အသင်းအတွက်အလားအလာကောင်းပြီး အသုံးတည့်မယ့် ကစားသမားမျိုးကိုပဲ လိုချင်ပါတယ်”လို့လည်း နည်းပြဂျာဂန်ကလော့က ပြောခဲ့ပါတယ်။ **(ငွေကြယ်)**

## အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်၌ ပညာရေးဆိုင်ရာ ပြပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၉**

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တွင် ပထမအကြိမ်အဖြစ် "The Excellent Choice" အမည်ရှိ ပညာရေးဆိုင်ရာပြပွဲကို ဩဂုတ် ၃ ရက်တွင် ဗိုလ်တထောင်မြို့နယ် ၅၅ လမ်း၊ အောက်ဘလောက်ရှိ လေးထပ်အဆောက်အအုံ၌ နံနက် ၁၀ နာရီမှ ၁၂ နာရီထိ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြပွဲတွင် ကျောင်းဝင်းအတွင်း လိုက်လံလှည့်ပတ်ကြည့်ရှုလေ့လာနိုင်ခြင်း (Campus Tour) လည်း ပါဝင်မည်ဖြစ်ပြီး သတင်းအချက်အလက်ဌာနထားရှိကာ စီးပွားရေးလုပ်ငန်းသုံးစီမံခန့်ခွဲမှုပညာ (Business Management)၊ အသက်မွေးလုပ်ငန်းသုံးအင်္ဂလိပ်စာ (English for Professional Purposes)၊ သတင်းအတတ်ပညာ (Journalism) နှင့် ခရီးသွားလုပ်ငန်းပညာ (Tourism) စသောမေဂျာလေးခုမှ ကျောင်းသားတစ်ဦးစီက မိမိမေဂျာအကြောင်း ရှင်းလင်းပြောကြားပေးကာ သိလိုသမျှ မေးမြန်းနိုင်မည်ဖြစ်သည်။ ထို့အပြင် ကျောင်းသားကျောင်းသူဟောင်းများကလည်း လုပ်ငန်းခွင်တွင် ဘာသာရပ်ဆိုင်ရာ အသုံးချနိုင်မှုများကို မျှဝေပြောကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူများ မှန်ကန်သောပညာရေးရွေးချယ်မှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ အဆိုပါပွဲကို တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်လေ့လာဆွေးနွေးနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**




စာအုပ်
စာပေ
လူ့
မိတ်ဆွေ

## မိုင်းဆတ်မြို့နယ်တွင် ကျပ်သိန်းပေါင်း ၂၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၉**

နယ်မြေခံတပ် မူးယစ်တပ်ဖွဲ့စု(၂၉)မိုင်းဆတ် မိုင်းဆတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၈ ရက်က မိုင်းဆတ်မြို့နယ် လွိုင်ဆမ်ဆုံတောင်ထိပ် စောင့်ဆိုင်းနေစဉ် တာချီလိတ်- မိုင်းဆတ်သွားကားလမ်းပေါ်တွင် သတင်းအရ တာချီလိတ်မှ မိုင်းဆတ်သို့ မောင်းနှင်လာသည့် ယာဉ်အမှတ် 9K/--- ဖော်ကျူးနားယာဉ်သည် ဖြတ်တောက် ပိတ်ဆို့ရေးအဖွဲ့၏ တားဆီးပိတ်ဆို့ထားသည့်ကြားမှ အတင်းကျော်ဖြတ် မောင်းနှင်ပြီး စစ်ဆေးရေးအဖွဲ့အနီး ပေ ၁၀၀ ခန့် အကွာသို့အရောက် ၎င်းယာဉ်ကို ရှေ့ဆက်မသွားနိုင်ရန်အတွက် လမ်း၌ပိတ်ဆို့ထားသည့် ယာဉ်အား တိုက်ရန်ပြုပြီး အတင်းမောင်းနှင် ထွက်ပြေးရန်ကြိုးစားသဖြင့် တားဆီးပိတ်ဆို့ရေးအဖွဲ့မှ မော်တော်ယာဉ်အား ပစ်ခတ်ဖမ်းဆီးခဲ့ရသည်။

အဆိုပါ မော်တော်ယာဉ်မှာ အရှိန်ပြင်းသဖြင့် လမ်း၏ ယာဘက်ဘေး ၁၅ ပေခန့်အကွာ ချောက်ကမ်းပါးသို့ ထိုးကျတိမ်းမှောက်သွားခဲ့၍ မော်တော်ယာဉ်ကိုစစ်ဆေးရာ ယာဉ်မောင်း၏ ယာဘက်ရင်အုံတွင် ဒဏ်ရာတစ်ချက်ရရှိထားသည်ကို တွေ့ရှိရသည်။ ထိုယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်း (ယင်းဒေသ တန်ဖိုးငွေကျပ် သိန်း ၂၅၀၀)၊ ကျဖ အမည်ပါ ၁၃/မခန(နိုင်) ၀၁၄၃၆၅ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခုနှင့် ကျဖ အမည်ပါ E 1011725 နံပါတ်ပါ ယာဉ်မောင်းလိုင်စင်ကတ်ပြားတစ်ခုတို့အား သိမ်းဆည်းရမိခဲ့ပြီး ဒဏ်ရာရရှိထားသူ ယာဉ်မောင်း ကျဖ(ခ)ကျာဖအား အခင်းဖြစ်နေရာမှ မိုင်းဆတ်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် ဂျူးလုကျေးရွာအရောက်တွင် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။


အလားတူ ဇူလိုင် ၂၈ ရက်က မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး (မြောက်ပိုင်း) မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု ၁၆ မိုင် ကျောက်ချောစခန်း၌ မူဆယ်မှ မန္တလေးသို့ မောင်းနှင်လာသော "GI GROUP" ခရီးသည်ယာဉ်ကို ရှာဖွေရာ မဆိုက်ဇော်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀၊ မလီကျင်းချွမ်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား



၃၅၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၁၃၀၀ (ယင်းဒေသ တန်ဖိုးငွေကျပ် ၅၆၅ သိန်း) သိမ်းဆည်းရမိသည်။

ထို့အတူယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့များသည် သိန္နီမြို့နယ် "ရေပူ" ပူးပေါင်းစစ်ဆေးရေးစခန်းတွင် မူဆယ်မှ လားရှိုးသို့ အန်းရှင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀ ကိုလည်းကောင်း၊ အလားတူ ကွတ်ခိုင်မြို့မှ လားရှိုးသို့ အားဖူနှင့် အားနော်တို့ မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀ နှင့် ဘိန်းဖြူ ၁၂ ဂရမ်တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အသီးသီးအရေးယူထားကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**



## အမြန်လမ်းတွင် ယာဉ်ပက်လက်လန် တရားမဝင်သစ်များထွက်ကျ

**ပဲခူး ဇူလိုင် ၂၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘောနတ်ကြီး အမြန်လမ်းရဲစခန်းအပိုင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၃၉/၅)နှင့် (၃၉/၆) အကြားတွင် ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီခွဲခန့်က ယာဉ်တစ်စီးတိမ်းမှောက်ခဲ့ပြီး ယာဉ်ပေါ်တွင်တရားမဝင်သစ်များ ပါရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်းသိန်းသန်းဝင်း (၂၅)နှစ် မြောက်ဥက္ကလာပ မြို့နယ်နေသူ မောင်းနှင်လာသော ISUZU TRUCK အမျိုးအစား ယာဉ်အမှတ် YGN1K/ --- သည် လားရာတူအရပ်မှ ယာဉ်တစ်စီးအား တိမ်းရှောင်ရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းအား တိုက်မိပြီးတိမ်းမှောက်ခဲ့ရာတွင် ယာဉ်ပေါ်တွင် တရားမဝင်သစ်သား ဆိုက်စုံ လေးတန်ခန့်တွေ့ရှိခဲ့ရပြီး တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူနှစ်ဦးစလုံး ထိခိုက်ဒဏ်ရာမရရှိခဲ့ကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

၁။ မိသားစုများများနှင့် တစုတဝေးတည်း နေထိုင်လိုသူများအတွက် အိမ်ကျယ်ကျယ်၊ အခန်းများများ လုံးချင်းတိုက် မြေအကျယ် (90'x70')ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်သစ်အိမ်အကျယ် (2510sqft)၊ လူလုံးဝ မနေထိုင်ရသေးပါ၊ Master Bedroom (7)ခန်း၊ ရိုးရိုးအိပ်ခန်း(2)ခန်း၊ ဘုရားခန်း၊ ဧည့်ခန်း(2)ခန်းအခန်းကျယ်၊ TVကြည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊ ဆင်ဝင်ဝရန်တာပါ၊ ကား (2)စီး ဆံ့ကားဂိုဒေါင်၊ အလုပ်သမားမိသားစုနေထိုင်ရန် Master Bedroom (1)ခန်းပါ၊ Aircon (11)လုံး၊ ခန်းဆီးလိုက်ကာတပ်ပြီး၊ ခြံထဲတွင် နားနေရန် ဘန်ဂလို (1)လုံးပါ၊ အိမ်ထောင် ပရိဘောဂအပြည့်အစုံပါ၊ TV+အောက်စက် (1)စုံ၊ အိမ်ပတ်ပတ်လည်တွင် CCTVတပ်ဆင်ပြီး၊ ခြံပတ်ပတ်လည် ဘရိတ်ခဲ့ဆူးကြိုးကာပြီး၊ မြက်ခင်းပြင် အလှပန်းပင်များစိုက်ပြီး ခြံထဲတွင်ကား (6)စီး ရပ်ထားနိုင်ပါသည်။ အဆင့်မြင့် ပြင်ဆင်ပြီးတိုက်သစ်။ ကျပ်သိန်း(4500)

၂။ အေးအေးချမ်းချမ်းနှင့် ပတ်ဝန်းကျင်ဆိတ်ငြိမ်စွာ နေထိုင်လိုသူများအတွက် မှော်ဘီဈေးမှ (၁၀)မိနစ်ခန့်သွားရသော VIPမြေကွက်၊ မြေအကျယ် (60'x80') ခြံစည်းရိုးခတ်ပြီး၊ ပါမစ်မြေ၊ ရေ၊ မီးပါ

ကျပ်သိန်း (350)

ဆက်သွယ်ရန် ဖုန်း-09-5178979, 09-420301091, 09-43022828, 09-43292929

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ကွင်းဆင်းစစ်ဆေး

**ဖန်းမော် ဇူလိုင် ၂၉**

ကချင်ပြည်နယ် ဖန်းမော်မြို့ ကျေးလက်နေပြည်သူများ လူနေမှုဘဝမြင့်မားတိုးတက်လာစေရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မြေပြင်၌ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးမှုကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီခွဲက ဖန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းညွန့်နှင့် ဖန်းမော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာတာဝန်ခံစာရေးများအဖွဲ့သည် မြစိမ်းရောင်ကျေးရွာဖြစ်သော တာမိုင်းလုံ၊ မိုးဖိန်း၊ ခူးလီနှင့် နန့်လှိုင်ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## စာသင်ကျောင်းမုန့်ဈေးတန်းရှိ အစားအသောက်များ အန္တရာယ်ကင်းရှင်းရေး ညှိနှိုင်းဆွေးနွေး

**မကွေး ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီးအတွင်း စာသင်ကျောင်းများရှိ မုန့်ဈေးတန်းများ၌ အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး သစ်တောသယံဇာတနှင့် သတ္တုတွင်းဝန်ကြီး ဒေါက်တာခင်မောင်အေးက အမှာစကားပြောကြားရာတွင် ကျောင်းမုန့်ဈေးတန်းရှိ ဈေးဆိုင်များတွင် ဆိုးဆေးများ အလွန်အကျွံသုံးစွဲခြင်း၊ ခွင့်မပြုသော ဓာတုဆိုးဆေးများပါဝင်ခြင်းကြောင့် မျိုးဆက်သစ်များ၏ ရေရှည်ဘဝကျန်းမာရေးထိခိုက်စေသည့်အတွက် ကျောင်းမုန့်ဈေးတန်းများမှ အစားအသောက်များကို စစ်ဆေးပြီးမှ ရောင်းချရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထွန်းအောင်ကြည်က အမှာစကားပြောကြားပြီးနောက် တိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးတိုင်းဒေသကြီးတာဝန်ခံ ဒေါက်တာပြည့်ထူးက စာသင်ကျောင်းမုန့်ဈေးတန်းအစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် စာသင်ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေသည့် အန္တရာယ်ရှိအစားအသောက်များကို ပြသထားရာ တက်ရောက်လာသည့် ဧည့်သည်တော်များက လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ညီညီမောင်(မကွေး)**

## ငရုတ်စိုက်ခင်းများအထွက်နှုန်းလျော့ကျသော်လည်း ဈေးနှုန်းကောင်းမွန်



**ရေတာရှည် ဇူလိုင် ၂၉**

ရာသီအပြောင်းအလဲမြန်ဆန်ခြင်းကြောင့် စိုက်ပျိုးသီးနှံစိုက်ခင်းများအပေါ် အကျိုးသက်ရောက်မှုများပြားကာ ရေတာရှည်မြို့နယ် စစ်တောင်းမြစ်ကြောင်းတစ်လျှောက်စိုက်ပျိုးထားကြသည့် ငရုတ်စိုက်ခင်းများ အထွက်နှုန်းလျော့ကျသော်လည်း ယခုအခါဈေးကွက်သို့တင်ပို့ရာ၌ ဈေးကောင်းရနေကြောင်း သိရသည်။

ငရုတ်စိုက်တောင်သူများအနေဖြင့် (၆၉၂) အမျိုးအစားများ စိုက်ပျိုးကာ ယခုလအစောပိုင်းက တစ်ပိဿာ ကျပ် ၅၀၀ သာရှိသော်လည်း လက်ရှိတစ်ပိဿာလျှင်ကျပ် ၁၀၀၀ အထိ မြင့်တက်လာနေကြောင်း တောင်သူတစ်ဦးက ပြောသည်။

"အခုလက်ရှိ ငရုတ်အစိမ်းသီးဆိုရင် တစ်ပိဿာတစ်ထောင်၊ အစိမ်း အမှဲ့ရောရာဆိုရင် ရှစ်ရာပေါက်ဈေးရှိတယ်" ဟု ၎င်းကပင် ဆက်ပြောသည်။

ယင်းဒေသမှထွက်ရှိသော ငရုတ်သီးများအား တောင်ငူမြို့ရှိ ပွဲရုံများမှတစ်ဆင့်မြန်မာနိုင်ငံအနှံ့အပြားသို့ ဖြန့်ချိတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## လားရှိုးမြို့နယ်တွင် ရက် ၁၀၀ စီမံချက်ကာလအတွင်း အမှုပေါင်း ၁၀၀၀ ကျော် ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့

**လားရှိုး ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် ရက် ၁၀၀ စီမံချက်ကာလအတွင်း အမှုကြီး ၃၈ မှု၊ အခြားအမှု ၄၂၈ မှု၊ ကြိုတင်ကာကွယ်မှု ၅၇၁ မှု အရေးယူနိုင်ခဲ့ပြီး မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုမှ တရားခံ ကျား ၄၀၃ ဦး၊ မ ၄၂ ဦးတို့အား ဘိန်းဖြူမှု ၁၁၆ မှုမှ ဘိန်းဖြူ ၁၂၁၅၃၀၂၄၇၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားမှု ၂၁၇ မှုမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၆၅၀၃၁၆ ပြားနှင့် အခြားမူးယစ်ဆေးဝါးနှင့်ဆက်စပ်သောပစ္စည်းများကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် မှုခင်းကြိုတင်ကာကွယ်ရေးနှင့် အကြမ်းဖက်သမားများနှောင့်ယှက်ဖျက်ဆီးခြင်း၊ သောင်းကျန်းသူအဖွဲ့များ၏ မိုင်းထောင်ဖောက်ခွဲမှုများ မရှိစေရေးအတွက်ရှမ်းပြည်နယ်ဒုတိယရဲတပ်ဖွဲ့ (လားရှိုး) မှ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုး အနီးကပ်လိုက်ပါလျက် ဇူလိုင် ၂၆ ရက် ည ၇ နာရီတွင် လားရှိုးမြို့ပေါ်နှင့် လားရှိုးမြို့ပတ်ဝန်းကျင်ရှိ နေရာများ၌ လှည့်ကင်းများ လှည့်လည်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ မှုခင်းကြိုတင်ကာကွယ်မှုများနှင့် ဒုစရိုက်မှုများ ကျဆင်းပပျောက်ရေးအတွက် ဆောင်ရွက်နေမှုများတွင် ရဲတပ်ဖွဲ့ယာဉ် ၁၀ စီး၊ အရပ်ယာဉ် ရှစ်စီး၊ ရဲတပ်ဖွဲ့အင်အား ၉၇ ဦးတို့က လှည့်ကင်းများဖြင့် ဆောင်ရွက်လျက်ရှိနေကြောင်း ရှမ်းပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုး၏ ပြောကြားချက်အရ သိရသည်။

လှည့်ကင်းများဆောင်ရွက်ရာတွင် ဒုစရိုက်မှုများ မကြာခဏဖြစ်ပွားတတ်သော ရပ်ကွက်(၅)၊ ရပ်ကွက် (၇)၊ ပြည်ထောင်စုလမ်းမကြီး၊ မြို့ရှောင်လမ်းနှင့် မြို့အစွန်အဖျားများသို့ လှည့်ကင်းများဖြင့်ဆောင်ရွက်လျက်ရှိနေပြီး ရေပူစမ်းလမ်းဆုံ၊ ကုန်းညောင်-မန်အိုင် ဝင် ထွက်ပေါက်၊ မန္တလေးလမ်းဆုံ၊ နမ္မတူလမ်းဆုံ စသည့်နေရာများတွင်လည်း လူများအန္တရာယ်ဖြစ်စေမည့် တုတ်၊ ဓား၊ လက်နက်များ သယ်ဆောင်လာမှုများမရှိစေရေးအတွက် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများကို တစ်ပြိုင်နက်တည်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **ကိုစိုင်း(လားရှိုး)**

## လားရှိုးတွင် ဇွန်လထိ ယာဉ်မတော်တဆမှု ၂၈၄ မှုဖြစ်ပွားခဲ့ရာ ဒဏ်ရာရ ၃၄၃ ဦး၊ သေဆုံး ၁၅၂ ဦးရှိ



**လားရှိုး ဇူလိုင် ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်းသည် ခရိုင်ခြောက်ခု၊ လူဦးရေ ၁၉ သိန်းကျော်ခန့်ရှိသကဲ့သို့ လားရှိုးမြို့နယ်သည် ၁၂ ရပ်ကွက်ရှိပြီး ဒေသခံပြည်သူအများစုသည် တိုင်းရင်းသားများဖြစ်သည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာမှုအားနည်းနေခြင်းကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိစေရန် အသိပညာပေးဟောပြောပွဲများ၊ လက်ကမ်းစာစောင်များကို ပေးဝေနိုင်ခဲ့ပြီး ယခုအခါတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသူများကို ၂၀၁၅ မော်တော်ယာဉ်အက်ဥပဒေဖြင့် အရေးယူဆောင်ရွက်နေကြောင်း သိရသည်။

"ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်မှာ ဇန်နဝါရီလမှ ဇွန်လအထိ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်စသော စည်းကမ်းပျက်ယာဉ်အမှုပေါင်း ၁၁၆၁ မှု အရေးယူ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ဇွန်လအထိ ယာဉ်မတော်တဆမှုပေါင်း ၂၈၄ မှုဖြစ်ပွားခဲ့ရာ ဒဏ်ရာရရှိသူ ၃၄၃ ဦး၊ သေဆုံး သူ ၁၅၂ ဦးရှိခဲ့ပါတယ်။ ယခုရက် ၁၀၀ စီမံချက်ကာလအတွင်းမှာလည်း ပြည်သူဗဟိုပြုရဲလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနေတာပါ" ဟု လားရှိုးမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲမှူးမျိုးမင်းအောင်က ပြောသည်။

လားရှိုးမြို့နယ်ဟာ တိုင်းရင်းသားများစုပေါင်းနေထိုင်ကြတဲ့ ဒေသတစ်ခုဖြစ်တာကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို သိရှိအောင်လည်း သက်ဆိုင်ရာတာဝန်ရှိသူများက အမြဲတမ်းလုပ်ပေးသင့်ပါတယ်။ ဒီလိုလုပ်ပေးခြင်းအားဖြင့် ဒေသခံတိုင်းရင်းသားများအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိနားလည်လိမ့်မယ်လို့ ယူဆမိပါတယ်။ မီးပွိုင့်နီနေတာမြင်ပေမယ့် ဇွတ်ဖြတ်မောင်းတာကြောင့် မလိုလားအပ်သော ယာဉ်မတော်တဆမှုမျိုးတွေ ဖြစ်ကြတာပါ။ တကယ်တော့ တာဝန်ရှိသူများဘက်ကလည်း တာဝန်ကျေစွာဆောင်ရွက်ပေးနေပေမယ့် တချို့ယာဉ်မောင်းများဟာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာမှုအားနည်းနေတာတွေ မြင်နေကြရတာပါ။ ဆိုင်ကယ်စီးဦးထုပ်တစ်လုံးဟာ မိမိတို့ရဲ့အသက်တစ်ချောင်းဆိုတာ ယာဉ်မောင်းများအနေနဲ့ နားလည်စေချင်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။ **ကျော်ကျော်(မလှိုင်)**

## မတ္တရာမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြင့်မားရေးဟောပြောပွဲနှင့် နယ်လှည့် စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

**မတ္တရာ ဇူလိုင် ၂၉**

ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားရေးနှင့် စာပေဖတ်ရှုရခြင်းမှရရှိသော အကျိုးကျေးဇူးများကို သိရှိနားလည်စေရန်ရည်ရွယ်၍ မတ္တရာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက ပန်းယျကျေးရွာအုပ်စု ပန်းယျကျေးရွာနှင့် မွန်းတည့် ၁၂ နာရီက တုန်ကုန်းကျေးရွာများသို့ သွားရောက်၍ စာဖတ်ရှိန်မြင့်မားရေးဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်ကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဟောပြောပွဲများပြုလုပ်ရာတွင် မြို့နယ်ဦးစီးမှူးက ကျောင်းသား၊ ကျောင်းသူလေးများ စာဖတ်ခြင်းအလေ့အထရှိလာစေရန်၊ စာဖတ်ရှိန်မြင့်မားလာစေရန်နှင့် စာပေဖတ်ရှုခြင်းမှရရှိနိုင်သော အကျိုးကျေးဇူးများကို သိရှိနိုင်စေရန်အတွက် ပညာပေးဟောပြောခဲ့သည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးများက ကျောင်းသား၊ ကျောင်းသူလေးများ အသိအမြင်ရှိလာစေရန်နှင့် ဗဟုသုတရရှိစေရန် စာပေဖတ်ရှုရေးအတွက် ဟောပြောပွဲကို လာရောက်ပြုလုပ်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူလေးများ အားလပ်ချိန်များတွင် ကစားခြင်းဖြင့် အချိန်မကုန်လွန်စေဘဲ ဗဟုသုတရရှိနိုင်သော စာအုပ်များကို ဖတ်ရှုရေး ပြောကြားခဲ့သည်။

ယင်းနောက် စာအုပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်များကိုပြသထားရာ ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြပြီး ကြိုက်နှစ်သက်သောစာအုပ်စာစောင်များကို ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

## အသက်ကယ်အင်္ကျီပေးအပ်ခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းပြုလုပ်

**တွန်းဇံ ဇူလိုင် ၂၉**

ချင်းပြည်နယ် တွန်းဇံမြို့နယ် နတ်ဇန်ရွာသစ်ကျေးရွာတွင် ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက အသက်ကယ်အင်္ကျီပေးအပ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ကျေးရွာနေပြည်သူများအား သရုပ်ပြ လေ့ကျင့်သင်ကြားပေးခြင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆလိုင်းထောင်က အဖွင့်အမှာစကားပြောကြားပြီးနောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ မြို့နယ်မီးသတ်ဦးစီးမှူးက အသက်ကယ်အင်္ကျီထုတ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ အဆိုပါ အသက်ကယ်အင်္ကျီငါးစုံကို ပုခက်ဖြင့် မဏိပူရ်မြစ်ဖြတ်ကူးသော ခရီးသွားပြည်သူများ အသုံးပြုရန်ဖြစ်သည်။

ယင်းနောက် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကယ်ဆယ်ရေးလုပ်ငန်း ပြုလုပ်ပုံအဆင့်ဆင့်ကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်သားများက ကျေးလက်နေပြည်သူများအား လေ့ကျင့်သင်ကြား ပြသပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နေပြည်တော်မြို့မဈေးကြီး ရက် ၁၀၀ စီမံချက်အတွင်း စည်းကမ်းတကျ ဆောင်ရွက်ထားမှုအား တစေ့တစောင်း လေ့လာတင်ပြခြင်း

**နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ရာ နေပြည်တော်နေ လုပ်သားပြည်သူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအပြင် နေပြည်တော်သို့နိုင်ငံတစ်ဝန်းလုံးမှအကြောင်းအမျိုးမျိုးကြောင့်လာရောက်ကြသောလုပ်သားပြည်သူများ၊ပြည်တွင်းသို့လာရောက်လည်ပတ်ကြသော နိုင်ငံခြားသားများ လိုအပ်သော စားသောက်ကုန်နှင့် အခြားအသုံးအဆောင်ပစ္စည်းများကို လွယ်လင့်တကူ ဝယ်ယူနိုင်ရေးအတွက် နေပြည်တော်မြို့မဈေးကြီးကို နိုင်ငံတော်၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်အောင် သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်း၊ စိုပြည်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်ပြည့်စုံမှုရှိသော ဈေးကြီးတစ်ဈေးအဖြစ် ယခင်ကနှင့်မတူ တိုးတက်ပြောင်းလဲအောင် ဆောင်ရွက်ထားရှိမှုများကို စီမံအုပ်ချုပ်ကြီးကြပ်လျက်ရှိသော နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်(၃) ဦးမျိုးတင့်၊ ဌာနကြီးမှူး ဦးမင်းမင်းဇော်၊ ဈေးများဌာန၊ ဌာနမှူး ဦးမင်းလွင်စိုးတို့နှင့် သွားရောက်တွေ့ဆုံမေးမြန်းမှုများကို ပြည်သူအများသိရှိနိုင်ရန် တင်ပြလိုက်ပါရသည်။**

**à ဇော်မင်းအောင်(၁၀၇)**

နေပြည်တော်မြို့မဈေးကြီးသည် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့ ဇေယျသိဒ္ဓိ ရပ်ကွက် ဝန်ထမ်းအိမ်ရာအများစုတည်ရှိရာ၏ အလယ်ဗဟိုတွင်တည်ရှိပြီး ဧရိယာ ၁၀၁ ဒသမ ၂၂ ဧကကျယ်ဝန်းကာ ၄-၅-၂၀၀၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၎င်းဈေးကြီးသည် နေပြည်တော်ကို ဗဟိုပြု၍ မြန်မာနိုင်ငံအရပ်ရပ်သို့ ပြေးဆွဲလျက်ရှိသော ခရီးသည်တင် မော်တော်ယာဉ်လိုင်း ၆၃ လိုင်းအတွက် ဂိတ် ၄၀ ကိုလည်း ဖွင့်လှစ်ထားပါသည်။ ယခုအခါ နေပြည်တော်မြို့မဈေးကြီးမှာ ယခင်ကနှင့်မတူ သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်း၊ စိုပြည်အောင် ဆောင်ရွက်လျက်ရှိသည့်အပြင် ရေစီးရေလာကောင်းမွန်ရန် ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ဆယ်ယူခြင်း၊ ကုန်ပစ္စည်းအမျိုးအစားအလိုက် ရောင်းချစေခြင်း၊ ဆိုးဆေးကင်းလွတ်သော ကုန်ပစ္စည်းများ ရောင်းချရန် စစ်ဆေးကြပ်မတ်ခြင်း၊ ကျန်းမာရေးနှင့်အညီ သန့်ရှင်းလတ်ဆတ်သော ကုန်ပစ္စည်းများကိုသာ ရောင်းချစေခြင်း၊ အလေးချိန်ခွင် မှန်ကန်အောင် ရှောင်တခင်စစ်ဆေးခြင်း၊ ဈေးဝယ်လူသွားလမ်းပေါ်တွင် ပိတ်ဆို့ခင်းကျင်းရောင်းချမှုများအား ရှင်းလင်းဖယ်ရှားခြင်း၊ အများပြည်သူသုံး သန့်စင်ခန်းများတွင် အနံ့အသက်နှင့် ဘက်တီးရီးယားပိုးများ ကင်းရှင်းအောင် ဆေးဖြန်းခြင်း၊ သန့်ရှင်းရေးပစ္စည်းများ အလုံအလောက်ထားရှိခြင်း၊ သုံးရေလုံလောက်အောင်စီမံပေးထားခြင်း၊ အမှိုက်သရိုက်များကို စနစ်တကျ စွန့်ပစ်နိုင်အောင် အမှိုက်ပုံးများအား လုံလောက်စွာထားရှိပေးခြင်းအပါအဝင် စည်ပင်သာယာရေးလုပ်ငန်းရပ်များကို စီမံကြီးကြပ်ဆောင်ရွက်နေသည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ဈေးရောင်းသူ၊ ဈေးဝယ်သူသုံးဦးအကြား စည်းကမ်းတကျရှိစေအောင် ချိန်ညှိဆောင်ရွက်နိုင်မှု၏ အကျိုးဆက်အဖြစ် စည်းကမ်းတကျတွေ့မြင်လာရပြီဖြစ်သော နေပြည်တော် မြို့မဈေးကြီး၏ အခြေအနေနှင့်ပတ်သက်ပြီး စီမံအုပ်ချုပ်ကြီးကြပ်လျက်ရှိသော နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်(၃) ဦးမျိုးတင့်အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ရာတွင်-

**ကော်မတီဝင်အဖြစ် ဘယ်အချိန်မှစ၍ တာဝန်ထမ်းဆောင်ခဲ့ပါသလဲ။ ယခင်ကနှင့်မတူ တိုးတက်ပြောင်းလဲအောင် ဘယ်လိုလမ်းညွှန် ဆောင်ရွက်ခဲ့ပါသလဲခင်ဗျား။**

ကျွန်တော့် အနေနဲ့ ၅-၅-၂၀၁၆ နေ့က တာဝန်ယူခဲ့ပြီး ဌာနခုနစ်ခုကို တာဝန်ယူခဲ့ပါတယ်။ ကျွန်တော်တာဝန်ယူရတဲ့ ဌာနခုနစ်ခုမှာ ဈေးများဌာနပါတဲ့အတွက် ပြည်သူလူထု အလွှာပေါင်းစုံ ကျင်လည်ကျက်စားတဲ့ ဈေးများဌာနကို ယခင်ကနဲ့မတူ ပြုပြင်ပြောင်းလဲရန်၊ စနစ်တကျရှိရန် မြို့တော်ဝန်ကို တင်ပြပြီး အနီးကပ်စီမံခန့်ခွဲ ကြီးကြပ်ဆောင်ရွက်ခဲ့ပါတယ်။

**အဲဒီလိုဆောင်ရွက်ရတဲ့အခါမှာ ဘယ်လိုအခက်အခဲများ တွေ့ကြုံခဲ့ရပါသလဲ။**

လူတန်းစားအလွှာပေါင်းစုံနဲ့ ထိတွေ့ဆက်ဆံရတဲ့အခါ စရိုက်အမျိုးမျိုးတွေ့ရပြီး တချို့ ဥပဒေစည်းကမ်းများ မသိတဲ့သူရှိသလို ဥပဒေစည်းကမ်းများကိုသိရှိပြီး မလိုက်နာဘဲ မထီမဲ့မြင် ပြုတဲ့သူများကိုလည်း တွေ့ရပါတယ်။ ဥပဒေများကိုသိရှိပြီး မလိုက်နာတဲ့ ဈေးသူ၊ ဈေးသားများကို ပြောဆိုစည်းရုံးပြီးဆောင်ရွက်ခဲ့ရပါတယ်။

**အဲဒီလိုဆောင်ရွက်ခဲ့လို့ တိုးတက်ပြောင်းလဲလာမှုများကို သိပါရစေ။**

ဈေးသည်တွေ ကုန်ပစ္စည်းအမျိုးအစားအလိုက် စနစ်တကျရောင်းဝယ်ဖောက်ကားနေတာ လူသွားစင်္ကြံပေါ်မှာ ယခင်က သွားလာလို့မရအောင် ရောင်းဝယ်ဖောက်ကားနေတာ သတ်မှတ်နေရာ မဟုတ်ဘဲ ကျူးကျော်ဈေးရောင်းနေတာတွေကို စည်းရုံးရေးနည်းအသုံးပြုပြီး ဖယ်ရှားရှင်းလင်းခဲ့ပါတယ်။ ဒါ့အပြင် အမှိုက်သရိုက်များ၊ ရေဆိုး၊ ရေညစ်၊ ရေပုတ်ပိတ်ဆို့နေမှုများကို ရှင်းလင်းပြီး ရေနုတ်မြောင်းများ ပြန်လည်တူးဖော်စေခဲ့ပါတယ်။ ရောင်းချသော ကုန်ပစ္စည်းများကိုလည်း ဓာတုဆေးဝါးများ ကင်းလွတ်၍ သန့်ရှင်းလတ်ဆတ်သော ကုန်ပစ္စည်းများကိုသာရောင်းချရန် တာဝန်ရှိသူများမှ မကြာခဏ ရှောင်တခင်စစ်ဆေးရန် ညွှန်ကြားမှုပြုခဲ့ပါတယ်။

**အဲဒီလို ရက် ၁၀၀ အတွင်း ပြုပြင်ဆောင်ရွက်မှုကြောင့် တိုးတက်ပြောင်းလဲလာမှုကို ရေရှည်တည်တံ့အောင် ဘယ်လိုထိန်းသိမ်းသွားမှာ ပါလဲခင်ဗျား။**

နေပြည်တော်မြို့မဈေးကြီးရဲ့ တိုးတက်ပြောင်းလဲမှုများကို ရေရှည်တည်တံ့အောင်ထိန်းသိမ်းဖို့အတွက် တာဝန်ရှိသူဝန်ထမ်းအားလုံး ညွှန်ကြားချက်များကို တိကျစွာလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ဈေးအကျိုးဆောင်အဖွဲ့ဝင်နှင့် ဈေးသည်များကို ပူးပေါင်းပါဝင်လုပ်ဆောင်ကြရန် အကြံပြုချက်များ၊ ပြုပြင်ရန် အချက်အလက်များကို တင်ပြကြရန်နှင့် စည်းကမ်းတကျ ယခုအတိုင်း ဆက်လက်ထိန်းသိမ်း လိုက်နာသွားရန် အမိကထား မှာကြားခဲ့ပါတယ်။


ဌာနကြီးမှူး ဦးမင်းမင်းဇော်

**ဟုတ်ကဲ့ကျေးဇူးတင်ပါတယ်ခင်ဗျား။**

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဌာနကြီးမှူး ဦးမင်းမင်းဇော်ကို ဆက်လက် မေးမြန်းခဲ့ရာတွင်-

**ဌာနကြီးမှူးခင်ဗျား ဈေးကြီးအခုလို တိုးတက်ပြောင်းလဲလာအောင် ဆောင်ရွက်မှုများကို သိပါရစေ။**

မြို့မဈေးကြီး စတင်ဖွင့်လှစ်စဉ်အခြေအနေနဲ့ ယခုအခြေအနေ စည်ကားမှုအပိုင်းမှာမတူတော့တဲ့အတွက် ဈေးစည်ကားလာတာနဲ့အမျှ တွေ့ကြုံလာရတဲ့ ပြဿနာကြီးငယ်တွေကို ကျွန်တော့်အနေနဲ့ နေပြည်တော်စည်ပင်သာယာရေးကော်မတီရဲ့ တာဝန်ရှိသူတစ်ဦးလိုအပြင် ဈေးလာဝယ်သူ တစ်ဦးလို၊ ဈေးရောင်းသူတစ်ဦးလိုခံစားပြီး ပြုပြင်စရာတွေ့လာရတာတွေကို ကော်မတီကိုတင်ပြ၊ ကော်မတီရဲ့ လမ်းညွှန်မှုနဲ့အညီ ဈေးကြီးပိုမိုသပ်ရပ်၊ သန့်ရှင်းပြီး ဈေးသည်၊ ဈေးဝယ်နှစ်ဖက် စိတ်ချမ်းသာမှုရအောင် ကိုယ့်ဝန်ထမ်းတွေရဲ့ တာဝန်ထမ်းဆောင်မှု အပိုင်းကအစ ဈေးသည်နဲ့ ဈေးဝယ်တွေ ဈေးစည်းကမ်းဘောင်အတွင်းမှာရှိနေအောင် ဝန်ထမ်းအင်အား ဖြည့်တင်းပေးတာ၊ တာဝန်ထမ်းဆောင်မှုအပိုင်း တိုးတက်မြင့်မားလာအောင် လေ့ကျင့်သင်ကြားပေးတာတွေ၊ အဘက်ဘက်က စည်းကမ်းတကျဖြစ်လာအောင် ကြီးကြပ်တဲ့ဝန်ထမ်းများအပြင် ရုပ်ဝတ္ထုအထောက်အကူပစ္စည်းများဖြင့် ပြုပြင်တည့်မတ်ပေးရတာတွေကို ဈေးအကျိုးဆောင်အဖွဲ့နဲ့တိုင်ပင်ပြီး ဆောင်ရွက်ခဲ့တာပဲဖြစ်ပါတယ်။

**အဲဒီတော့ အခုလိုတိုးတက်ပြောင်းလဲအောင် နောက်ထပ်ဘာတွေများ ဆောင်ရွက်ဖို့ရှိပါသလဲ။**

နေပြည်တော်မြို့မဈေးကြီးမှာ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုအပိုင်း၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းမှုအပိုင်း၊ မီးဘေးကာကွယ်ရေးနှင့် လုံခြုံရေးအပိုင်းတို့ကို ယခုထက် ပိုမိုစွမ်းဆောင်ရည်မြင့်မားလာအောင် ဆက်လက်ဆောင်ရွက်သွားမှာပါ၊ ဈေးသန့်ရှင်းမှုအတွက် အဓိကကျတဲ့ အခြေခံအဆောက်အအုံစနစ်တွေကိုလည်း ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ပြုပြင်သွားရန် ကော်မတီက လမ်းညွှန်ထားပြီးဖြစ်ပါတယ်။ ပွင့်လင်းရာသီမှာ စတင်အကောင်အထည်ဖော်ဖို့ရှိပါတယ်။

**နေပြည်တော်မြို့မဈေးကြီးမှ ခရီးသည်တင် အဝေးပြေးယာဉ်လိုင်းဂိတ်တွေ မြို့တွင်း အနီးအဝေးယာဉ်ငယ်လိုင်းတွေ ဆောင်ရွက်ထားတာတွေ့ရပါတယ်။ နောက်ထပ် ဘာတွေများဆောင်ရွက်ဖို့ ရှိပါလဲ။**

ဈေးကြီးစတင်ဖွင့်ကာစအခြေအနေနဲ့ နှိုင်းယှဉ်ကြည့်ရင် အချိန်ကာလကြာမြင့်လာတာနဲ့အမျှ ပြင်ဆင်ထိန်းသိမ်းရမယ့်လုပ်ငန်းတွေ ပိုမိုများပြားလာတဲ့အတွက် ခေတ်ကာလနဲ့လျော်ညီအောင်၊ မြို့တော်ဂုဏ်ဒြပ်နဲ့လည်း လျော်ညီအောင် ကော်မတီက အများပြည်သူအကျိုးအတွက် အဘက်ဘက်က သုံးသပ်ပြီး ဖြည့်ဆည်းပေးသွားမှာပါ။


ဌာနမှူး ဦးမင်းလွင်စိုး

**ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ခင်ဗျား။**

ဆက်လက်၍ ဈေးများဌာန၊ ဌာနမှူး ဦးမင်းလွင်စိုးကို ဆက်လက်မေးမြန်းခဲ့ရာ-

**ဌာနမှူးခင်ဗျား နေပြည်တော်မြို့မဈေးကြီးတွင် ဆိုင်ခန်းအရေအတွက်၊ လျှပ်စစ်မီးဖြန့်ဝေသုံးစွဲမှုနှင့် ရေရှိရေး ဆောင်ရွက်ထားမှု အခြေအနေကို သိပါရစေ။**

နေပြည်တော်မြို့မဈေးကြီး၏ အကျယ်အဝန်းမှာ ဧက ၁၀၁ ဒသမ ၂၂ ဧကရှိပြီး RC အတွင်း၊ အပြင် ဆိုင်ခန်း ၂၅၉ ခန်းနှင့် အတွင်းရုံ ၇၂ ခန်းပါ လေးရုံ၊ ဆိုင်ခန်း ၂၈၈ ခန်း၊ ပွဲရုံ ၂၆၁ ရုံ၊ ကားဝပ်ရှော့နှင့် ရေဆေးခုံ ၃၉ ခန်း၊ ကုန်စိမ်း ဆိုင်ခန်း ၄၅၆ ခန်း၊ သားငါးဆိုင်ခန်း ၈၀၊ Wet Market ၂၄၀၊ တောင်ပေါ်စားသောက်ဆိုင်ခန်း ၂၄ ခန်း၊ အရှေ့ဘက်ကားဝင်းစားသောက်ဆိုင် ၂၀၊ အဝေးပြေးနှင့် မြို့တွင်းကားဂိတ် ၄၀၊ မော်တော်ယာဉ်လိုင်း ၆၃ လိုင်း စုစုပေါင်း ၁၇၀၇ ခန်း နှင့် ဖွဲ့စည်းတည်ဆောက်ထားပါတယ်။ အဲဒီဈေးကြီးအတွင်း ဆိုင်ခန်းများ ရေလုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် ပိတောက်အိမ်ရာ ရေစုကန်မှ နေပြည်တော် မြို့မဈေးရေစုကန်သို့ ဂါလန် ၄၃၅၀၀ နေ့စဉ်ရေပေးဝေလျက်ရှိပြီး ဈေးမြောက်ဘက်တွင် ဂါလန် ၃၁၅၀၀ ဆံ့ ရေစုကန်တစ်ကန်၊ ဂါလန် ၂၄၀၀၀ ဆံ့ ရေစုကန်တစ်ကန်၊ တောင်ဘက်တွင် ဂါလန် ၁၅၄၀၀ ဆံ့ တစ်ကန်နှင့် နေ့စဉ် နံနက် ၉ နာရီမှ ၁၀ နာရီထိ အရှေ့ဘက် ကားဂိတ်ခန်းများအား ဂါလန် ၁၂၀၀၀၊ နံနက် ၁၁ နာရီမှ ၁၂ နာရီထိ တောင်ပေါ် စားသောက်ဆိုင်ခန်းများအား ဂါလန် ၁၄၅၀၀ နေ့စဉ် ရေပေးဝေပြီး ပွဲရုံတန်းဆိုင်ခန်းများ၊

စာမျက်နှာ ၁၇ သို့

## နေပြည်တော်မြို့မစျေးကြီး ရက် ၁၀၀ စီမံချက်အတွင်း စည်းကမ်းတကျ... စာမျက်နှာ၁၆မှ

ယာဉ်ပြင်အလုပ်ရုံ ဆိုင်ခန်းများအား ပညာသိဒ္ဓိရပ်ကွက်ရှိ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ရေစုကန်မှ စုစုပေါင်း ရေဂါလန် ၁၃၈၉၀၀ ဖြင့် နေ့စဉ်ရေပေးဝေရေး ဆောင်ရွက်ပေးပါတယ်။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းများကို ၅၀၀ KVA ထရမ်စဖော်မာ(၂)လုံးဖြင့် ဆောင်ရွက်ပေးထားပါတယ်။ နေ့ကြီး ရက်ကြီး အခါကြီးနေ့များမှာလည်း နေပြည်တော်မြို့မစျေးကြီးတွင် ရောင်စုံလျှပ်စစ်မီးများ ထွန်းညှိထားပြီး လှပစွာဆောင်ရွက်ထားပါတယ်။

**နေပြည်တော်မြို့မစျေးကြီး မြို့တော်အင်္ဂါရပ်နှင့်အညီ ပြောင်းလဲတိုးတက်လာအောင် ဘယ်လိုများ ဆောင်ရွက်ခဲ့ပါသလဲ။**

ကျွန်တော်အနေနဲ့ ကော်မတီဝင်နှင့် ဌာနကြီးမှူးတို့ရဲ့ လမ်းညွှန်မှုကိုခံယူပြီး မိမိတာဝန်ယူစဉ်မှာ နေပြည်တော်မြို့မစျေးကြီးဟာ သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊လှပ၊ စိမ်းလန်း၊ စိုပြည်စေရမယ်ဆိုတဲ့ နေပြည်တော်စည်ပင်ရဲ့မူဝါဒနဲ့အညီ ဝန်ထမ်းများကို အနီးကပ်ကြီးကြပ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

သန့်ရှင်းရေးအတွက် ရေစီးရေလာ ကောင်းမွန်အောင် တစ်စျေးလုံးရှိ ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်း၊ အမှိုက်သရိုက်များ စနစ်တကျ စွန့်ပစ်စေခြင်း၊ သုံးရေများ အလုံအလောက် ပေးဝေနိုင်အောင် ဆောင်ရွက်ခြင်း၊ အများသုံး သန့်စင်ခန်းများ အစဉ်အမြဲသန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေဆိုးထုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး၊ သား၊ ငါးရုံများအား ရေဆေးခြင်း၊ ဆေးဖျန်းခြင်း အနံ့အသက်ဆိုးများမရှိစေရန် ဆောင်ရွက်ခြင်းတို့ကိုလည်း ဝန်ထမ်းများအား နေ့ဆိုင်း၊ ညဆိုင်းခွဲ၍ ဆောင်ရွက်ပေးပါတယ်။ စျေးသည်များ



ဒေါ်ခင်မိုးဝါ

မိမိဆိုင်ခန်းအတွင်း ကုန်ပစ္စည်း အမျိုးအစားအလိုက် စနစ်တကျရောင်းချစေခြင်း၊ ဓာတုဆေးဝါးများ ကင်းလွတ်၍ သန့်ရှင်းလတ်ဆတ်သော ကုန်ပစ္စည်းများကိုသာ ခင်းကျင်းရောင်းချစေရန် ကြပ်မတ်ဆောင်ရွက်လျက် ရှိပါတယ်။

**မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေကို သိပါရစေ။**

မီးဘေးကာကွယ်ရေးနှင့်ပတ်သက်၍ မီးသတ်တပ်ဖွဲ့ဝင်များဖြင့် မီးသတ်နည်း သရုပ်ပြခြင်း၊ လျှပ်စစ်သုံးစွဲမှု ခံနိုင်ဝန်အားနှင့်ညီမညီ စက်မှုဝန်ကြီးဌာနမှ လျှပ်စစ်စစ်ဆေးရေးအဖွဲ့များဖြင့် ခြောက်လတစ်ကြိမ်စစ်ဆေးခြင်း၊ ဆိုင်ခန်းများ စင်္ကြံလျှောက်လမ်းတွင် မီးသတ်ဆေးဘူးများ အရံသင့်ထားရှိစေခြင်း၊ လုံခြုံရေးမီး၊ ဆိုင်ခန်းမီးများ ခွဲခြားထားပြီး စနစ်တကျ အဖွင့်၊အပိတ် ပြုလုပ်ခြင်း၊ မီးသတ်ငုတ်များ အရံသင့်ရေရရှိအောင် ဆောင်ရွက်ပေးထားခြင်း၊ အပေါ့စားရေစုပ်စက်များ အရံသင့်ထားရှိပေးထားခြင်း၊ မီးသတိပြုရေး တေးသီချင်းများ ဖွင့်လှစ်နိုင်စေရန် အသံချဲ့စက်များ စီစဉ်ပေးထားပြီးဖြစ်သည့်အပြင် စျေးပိတ်ချိန်များတွင် လုံခြုံရေးဝန်ထမ်းများဖြင့် နေ့စဉ်စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။

**စျေးလုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို သိပါရစေ။**

နေပြည်တော်မြို့မစျေးအတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက် ပပျောက်အောင် စျေးမှ နေ့စည်းကမ်းထိန်းသိမ်းရေးဝန်ထမ်းများ၊ ညလုံခြုံရေးဝန်ထမ်းများဖြင့် အမြဲမပြတ်စောင့်ကြပ်ပေးသည့်အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှလည်း နေ့၊ ညလှည့်ကင်းများ နေ့စဉ်ဆောင်ရွက်ပေးထားခြင်း၊ CCTV Camera ကိုးလုံးတပ်ဆင်ထားပြီး စျေးလုံခြုံရေးအတွက် ဆောင်ရွက်ပေးထားခြင်း၊ ကျူးကျော်စျေးသည်များအား ရှင်းလင်း၍ စျေးဝယ်များ စိတ်ချမ်းမြေ့စွာ သွားလာဝယ်ယူနိုင်စေရန်အတွက် လမ်းပေါ်တွင် ပိတ်ဆို့ခင်းကျင်းထားသည့် ကုန်ပစ္စည်းများကို ဖယ်ရှားရှင်းလင်းခြင်း စတဲ့လုပ်ငန်းများကို ကိုယ်တိုင်ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**ဌာနမှူးအနေနဲ့ နောက်ထပ်ဘာများပြောချင်ပါသေးလဲခင်ဗျား။**

နေပြည်တော်မြို့မစျေးသည် နေပြည်တော်အတွက် "ပြယုဂ်" တစ်ခုဖြစ်ပြီး နေ့၊ ညမပြတ် စည်ကားနေသည့် စျေးကြီးတစ်စျေးဖြစ်ပါတယ်။ ဒီစျေးအမြဲမပြတ် စည်းကမ်းတကျ စည်ကားရေးနှင့် သန့်ရှင်း၊ သပ်ရပ်၊



ကော်မတီဝင် ဦးမျိုးတင့်

သာယာ၊ လှပ၊ စိမ်းလန်း၊ စိုပြည်နေသည့် စျေးကြီး တစ်စျေးဖြစ်အောင် အစဉ်တစိုက် ဆောင်ရွက်သွားပါ့မယ်လို့ ပြောကြားလိုပါတယ်။

**ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ခင်ဗျား။**

ဆက်လက်၍ စျေးရောင်းချသူ ဒေါ်ခင်မိုးဝါ "ရွှေမဟာ" စတိုးဆိုင်အား ဆက်လက် မေးမြန်းခဲ့ရာ-

**နေပြည်တော်မြို့မစျေးမှာ စျေးရောင်းချတာ ဘယ်လောက်ကြာပြီလဲ။**

ခုနစ်နှစ်ခန့်ရှိပြီ ဖြစ်ပါတယ်။

**ယခင်စျေးရောင်းရတာနဲ့ ယခုစျေးရောင်းရတာ အခြေအနေ ဘယ်လိုကွာခြားလာပါသလဲ။ စျေးရောင်းအားအခြေအနေ ဘယ်လိုရှိပါသလဲ။**

ယခင်က စျေးရောင်းချသူတွေမှ ကုန်ပစ္စည်းများ အပြိုင်ပိတ်ဆို့ရောင်းချတဲ့အတွက် စျေးဝယ်များ သွားလာရ ခက်ခဲခြင်းကြောင့် အရောင်းအဝယ်ပါးပြီး ယခုအခါ ပိတ်ဆို့ခင်းကျင်းထားမှုတွေ ရှင်းလင်းလိုက်တဲ့အတွက် စျေးဝယ်များ ပိုမိုဝင်ရောက်လာပြီး ရောင်းအားတက်လာပါတယ်။

**ယခုလို စျေးရောင်းချသော ကုန်ပစ္စည်းများ ပိတ်ဆို့ထားမှုကို ရှင်းလင်းတဲ့အတွက် ရောင်းချသူ အနေဖြင့် အခက်အခဲများရှိပါသလား။**

မရှိပါ။ ယခုလိုရှင်းလင်းပေးတဲ့အတွက် ယခင်ထက်စာရင် ပိုမိုအဆင်ပြေလာလို့ ကျေးဇူးတင်မိပါတယ်။

ဆက်လက်၍ စျေးဝယ်လာသူ ဒေါ်ခင်ဖြူသွယ်အား မေးမြန်းခဲ့ရာ-

**ဘယ်နေရာမှ စျေးလာဝယ်ပါသလဲ ခင်ဗျား။**

ရွှေနံ့သာရပ်ကွက် ဥတ္တရသီရိမြို့နယ်မှ လာရောက်ဝယ်ယူခြင်းဖြစ်ပါတယ်။

**ယခင်ကရော နေပြည်တော်မြို့မစျေးကို စျေးဝယ်လာဖူးပါသလား ခင်ဗျား။**

တစ်ပတ်ကို နှစ်ကြိမ်လောက် အမြဲတမ်းလာရောက်ဝယ်ယူပါတယ်။

**ယခင်က စျေးဝယ်လာတဲ့အခြေအနေနဲ့ ယခုစျေးဝယ်လာတဲ့ အခြေအနေ ဘာများကွာခြားလာတာကို တွေ့ရှိရပါသလဲ။**

ယခင်က စျေးလာဝယ်တဲ့အခါမှာ စျေးရောင်းချသူတွေရဲ့ ကုန်ပစ္စည်းတွေ စည်းကမ်းမဲ့ခင်းကျင်းထားလို့ လူသွားလမ်းပေါ် ပြည့်နှက်နေသည့်အတွက် စျေးဝယ်ရာမှာ သွားရေးလာရေး အခက်အခဲဖြစ်ပါတယ်။ ယခုစျေးဝယ်လာတဲ့အချိန်မှာ စျေးရောင်းချသူများ စည်းကမ်းတကျ ရောင်းချနေတာတွေ့ရှိရတဲ့အတွက် အလွန်ပဲစိတ်ချမ်းသာဖို့ကောင်းပါတယ်၊ သွားရေးလာရေး ပိုမိုအဆင်ပြေလာပါတယ်၊ ယခုလိုဆောင်ရွက်ပေးတဲ့ သက်ဆိုင်ရာ ပုဂ္ဂိုလ်များကိုလည်း ကျေးဇူးတင်ပါတယ်။

အခုလို နိုင်ငံတော်၏ မူဝါဒ ရက် ၁၀၀ စီမံချက်အတွင်း ယခင်နဲ့မတူ ခေတ်မီဖွံ့ဖြိုး ပြောင်းလဲတိုးတက်လာသော နေပြည်တော်မြို့မစျေးကြီးမှာ နိုင်ငံတော်အစိုးရသစ်ကြီး "ပြယုဂ်" တစ်ခုမဟုတ်ပါလားခင်ဗျား။



ဒေါ်ခင်ဖြူသွယ်

# ပြည်ကြီးတံခွန်မြို့နယ်တွင် မြင့်မြတ်မနောလူထု ဖွံ့ဖြိုးရေးစင်တာ အဆောက်အအုံလွှဲပြောင်း ပေးအပ်

**မန္တလေး ဇူလိုင် ၂၉**

World Vision International Myanmar နှင့် မြင့်မြတ်မနော ကျောင်းတိုက်ဆရာတော်တို့ ပူးပေါင်းပါဝင်ဆောက်လုပ် လှူဒါန်းသည့် မြင့်မြတ်မနော လူထုဖွံ့ဖြိုးရေးစင်တာ အာစီရိသုံးထပ် အဆောက်အအုံအား ပြည်သူလူထုထံသို့ လွှဲပြောင်းပေးအပ်ပွဲ ကို မန္တလေးမြို့ ပြည်ကြီးတံခွန် တံခွန်တိုင်ရပ်ကွက်ရှိ မြင့်မြတ်မနောကျောင်းတိုက်အတွင်း၌ ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီ က ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြင့်မြတ်မနောကျောင်းတိုက် ဆရာတော်ဘန္ဒဒ္ဒပညာစိတ္တ၊ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်း၊ ပြည်ကြီးတံခွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်၊ World Vision International Korea မှ ကိုယ်စားလှယ် တစ်ဦးတို့က ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် မြင့်မြတ်မနောကျောင်းတိုက် ဆရာတော်က အဖွင့်အမှာစကားမြွက်ကြားခဲ့သည်။ ယင်းနောက် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက လူထုဖွံ့ဖြိုးရေးစင်တာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် World Vision International Myanmar မှ ဦးစိုင်းဇော်မွန်းက အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား ပြည်သူလူထုထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ အာစီသုံးထပ်အဆောက်အအုံ လူထုဖွံ့ဖြိုးရေးစင်တာ၌ ပထမထပ်တွင် ရှေးဦးကလေးသူငယ်ပြုစု စောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးရေးစင်တာ (မူကြို)၊ ဒုတိယထပ်တွင် စာကြည့်တိုက်နှင့် လူငယ်ဖွံ့ဖြိုးရေးစင်တာ၊ တတိယထပ်တွင် ဓမ္မရိပ်သာများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆောက်အအုံမှာ အလျား ပေ ၅၀၊ အနံ ၂၄ ပေ၊ အာစီရိသုံးထပ် ကုန်ကျငွေ ကျပ်သိန်း ၈၆၀ ကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့သည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ကျန်းမာရေး အသိပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်

**သရက် ဇူလိုင် ၂၉**



မကွေးတိုင်းဒေသကြီး သရက်မြို့တွင် မိခင်၊ ကလေးနှင့် ကျောင်းကျန်းမာရေးဌာနက ကျောင်းသား၊ ကျောင်းသူများ ခန္ဓာကိုယ် ကြံ့ခိုင်ဖွံ့ဖြိုးပြီး ကျန်းမာသန် စွမ်းစေရန် ရည်ရွယ်၍ ကျောင်းသား၊ ကျောင်းသူများ တစ်ကိုယ်ရေ သန့်ရှင်းရေးကို လိုက်နာဆောင်ရွက်တတ်စေရန် ကျန်းမာရေး အသိပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီ က အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဒေါက်တာလဲ့ရည်မွန်က ကျောင်းသား၊ ကျောင်းသူများ သွေးလွန်တုပ်ကွေးမဖြစ်ပွားစေရေးအတွက် ရှောင်ရန်၊ ဆောင်ရန် အချက်များကို အကျယ်တဝင့် ဟောပြောဆွေးနွေးပေးခဲ့ပြီး ဒေါက်တာစိုးလင်းနိုင်က တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်သက်၍ သိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများအား ဒေါက်တာလဲ့ရည်မွန်က အထွေထွေရောဂါများ စစ်ဆေးဆောင်ရွက်ပေးပြီး ကျောင်းကျန်းမာရေးဌာနမှ သွားဆရာဝန် ဒေါက်တာနှင်းဝေဝေလွင်နှင့် ခရိုင်ပြည်သူ့ဆေးရုံမှ သွားဆရာဝန် ဒေါက်တာစိုးလင်းနိုင်တို့က ကျောင်းသား၊ ကျောင်းသူများအား သွားများစစ်ဆေးပြီး လိုအပ်ပါက သွားများနုတ်ပေးခြင်း၊ သွားများ ဖာထေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# နွားထိုးကြီးမြို့နယ်အဆင့် စည်ပင်သာယာရေးကော်မတီ ရွေးချယ်

**နွားထိုးကြီး ဇူလိုင် ၂၉**

နွားထိုးကြီးမြို့နယ်အဆင့် စည်ပင်ကော်မတီရွေးချယ်တင်မြှောက်ပွဲကို ဇူလိုင် ၂၇ ရက်ကစ၍ အမှတ် (၁)ရပ်ကွက်တွင် မြဝဇ္ဇာရုံ၌လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အမှတ် (၂)ရပ်ကွက် သန္တိသုခမ္မောရုံ၌လည်းကောင်း ကျင်းပရာ ၁၈ နှစ်ပြည့်ပြီး အိမ်ထောင်စု ကိုယ်စားလှယ်များ တက်ရောက် မဲဆန္ဒပေးကြသည်။

မန္တလေးတိုင်းလွှတ်တော် နွားထိုးကြီးကိုယ်စားလှယ် ဒေါ်ငြိမ်းသက်နွယ်၊ ဦးစိန်ကျော်မိုးနှင့် ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ အတွင်းရေးမှူး မွေး/ကုဦးစီး ဒေါက်တာဒေါ်ခင်ဝင်းနှင့် ကော်မတီများက ဦးဆောင်ရှင်းလင်း၍ မဲဆန္ဒပေးပွဲကျင်းပသည်။

အမှတ် (၁)ရပ်ကွက်၌ ယှဉ်ပြိုင်သူ ငါးဦးတွင် နှစ်ဦးရွေးချယ်ကြပြီး အမှတ်(၂)ရပ်ကွက်၌ ယှဉ်ပြိုင်သူ လေးဦးတွင် နှစ်ဦးရွေးချယ်ကြသည်။

နွားထိုးကြီးမြို့ပေါ် (၈)ရပ်ကွက်ကို ဇူလိုင် ၃၁ ရက်ထိ ရွေးချယ်သွားမည်ဟု ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌက ပြောသည်။

**ဖွေးမြင့်မောင်**

# ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ရေဘေးကာကွယ်တားဆီးရေး လုပ်ငန်းများအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



**မိုးညို ဇူလိုင် ၂၉**
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ဦးဆောင်သောအဖွဲ့သည် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်ထားရှိသော ရေဘေးကာကွယ်တားဆီးရေးလုပ်ငန်းများအား ဇူလိုင် ၂၇ ရက် မွန်းလွဲပိုင်းတွင် ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းသို့ကြည့်ရှုစစ်ဆေးရာတွင် သာယာဝတီခရိုင် မိုးညိုမြို့နယ် တာအရှည် ၃၄ မိုင်ရှိ ဘုရားကြီးကုန်း ခအောင်းပင်တာ ဆောင်ရွက်ထားရှိမှုနှင့် မြို့နယ်အတွင်း ရေဘေးကာကွယ်ရေးအတွက် တာများ ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများ၊ မိုးညိုမြို့နယ် အင်းတော်တလုပ်ကျေးရွာအုပ်စု အင်းတော်တလုပ်ကျေးရွာ၊ မကျည်းကုန်းကျေးရွာ၊ မြစ်မခမြစ်ကမ်းပြိုမှုအခြေအနေအား ကြည့်ရှုခဲ့သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဧရာဝတီမြစ်တစ်လျှောက် မိုးညိုမှ သာရဝေါထိ စက်လှေဖြင့်သွားရောက်ကာ လက်ပံတန်းမြို့နယ်အတွင်းရှိ ရေဘေးကာကွယ်ရေးတာများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်နှင့်အတူ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်တို့က လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **သူရအောင်(ပြည်)**

---

# မိုးစပါး စုပေါင်းကောက်စိုက်ပွဲနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်

**ညောင်ရွှေ ဇူလိုင် ၂၉**
၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးစုပေါင်းကောက်စိုက်ပွဲနှင့် မိုးစပါး(ရွှေရင်အေး)မျိုးမျိုးစေ့ထုတ်စိုက်ခင်းကြီးများအတွက် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီက ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု ကွင်းအမှတ်(၅) ရှိ စိုက်ကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်နှင့် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်တို့က အမှာစကားပြောကြားပြီး မျိုးစေ့ထုတ်စိုက်ခင်းများအတွက် ယူရီးယားဓာတ်မြေဩဇာ ၂၅ အိတ်၊ ကွန်ပေါင်းဓာတ်မြေဩဇာ ၂၅ အိတ်နှင့် ကောက်စိုက်လုပ်အားခငွေကျပ်ရှစ်သိန်းတို့ကို ပေးအပ်ရာ တောင်သူများက လက်ခံခဲ့သည်။

ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု ကွင်းအမှတ်(၅)ရှိ လယ်မြေတွင် တောင်သူဦးမဲနှင့်အဖွဲ့က မိုးစပါး (ရွှေရင်အေး)မျိုး (R.S To C.S)ကို ဧက ၅၀ တစ်ကွင်းတစ်စပ်တည်းစိုက်ပျိုး၍ မျိုးစေ့ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။
**မြို့နယ်(ပြန်/ဆက်)**

---

# ရမည်းသင်းမြို့နယ် ပြန်/ဆက်ဦးစီးဌာနမှ အလယ်ကုန်းကျေးရွာ အ.လ.က (ခွဲ) ကျောင်းသို့ နယ်လှည့်ကွင်းဆင်း

**ရမည်းသင်း ဇူလိုင် ၂၉**
မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူလေးများ အတန်းပညာများ သင်ယူလေ့လာမှုအပြင် အသိပညာအထွေထွေဗဟုသုတများရရှိစေရန်၊ စာစီစာကုံး၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများ ယှဉ်ပြိုင်ရာတွင် အထောက်အကူပြုစေရန်၊ မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးများကို သိလာစေရန် ရည်ရွယ်၍ရမည်းသင်းမြို့နယ် ပြန်/ဆက်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးနေလင်းအောင်နှင့် ဝန်ထမ်းများသည် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက အလယ်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် စာဖတ်ဝိုင်းပြုလုပ်ခြင်း၊ နံရံကပ်စာစောင်ပြသခြင်း၊ Mobile Library လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

"ကျွန်မတို့ကျောင်းကို အခုလို ပြန်/ဆက်ဦးစီးဌာနမှ လာရောက်ပြီး စာဖတ်ဝိုင်းများပြုလုပ်ပေးခြင်း၊ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးတဲ့အတွက် အလွန်ကောင်းပါတယ်။ ကျောင်းမှာရှိတဲ့ ကျောင်းသား၊ ကျောင်းသူလေးများလည်း တကယ်ကိုဗဟုသုတရရှိစေပါတယ်။ နောင်လည်း မကြာမကြာပြုလုပ်ပေးပါ" ဟု အလယ်တန်းကျောင်းခွဲရှိ ကျောင်းဆရာမတစ်ဦးက ပြောသည်။

စာဖတ်ဝိုင်းပြုလုပ်ရာတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူလေးများအား မြို့နယ်ဦးစီးမှူးနှင့် ဆရာမများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **နေလင်းအောင်(ပြန်/ဆက်)**

---

# ရက် ၁၀၀ စီမံချက်ကာလအတွင်း အုပ်ဖိုကျေးရွာတွင် မြေငှားဂရန်များထုတ်ပေး

**ပဲခူး ဇူလိုင် ၂၉**
ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် အုပ်ဖိုကျေးရွာအုပ်စု အုပ်ဖိုကျေးရွာ မြေငှားဂရန်ထုတ်ပေးသည့်အခမ်းအနားကို ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က ရက် ၁၀၀ စီမံချက်ကာလအတွင်း မြေငှားဂရန်ထုတ်ပေးရခြင်းအကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် အဆိုပါကျေးရွာသည် မူလရွာမြေ ၄ ဒသမ ၁၉ ဧကနှင့် တိုးချဲ့ရွာမြေ ၂ ဒသမ ၈၀ ဧက စုစုပေါင်း ၆ ဒသမ ၉၉ ဧကရှိရာ မူလရွာမြေ ၄ ဒသမ ၁၉ ဧကရှိသည့်အနက် ၃ ဒသမ ၆၉၆ ဧကအား ကျေးရွာမြေငှားဂရန် ထုတ်ပေးခဲ့ပြီး ကျန်တိုးချဲ့ရွာမြေ ၂ ဒသမ ၈၀ ဧကသည် ဉယျာဉ်ခြံမြေဖြစ်သဖြင့် အခြားနည်းအသုံးပြုခွင့်ရရှိပြီးပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ပဲခူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေက ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်ထံသို့ ကျေးရွာမြေငှားဂရန်များပေးအပ်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးမှ အုပ်ဖိုကျေးရွာနေ ပြည်သူများကိုယ်စား ကျေးရွာသားတစ်ဦးကို မြေငှားဂရန်များ ထပ်ဆင့်လွှဲပြောင်းပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

---

# ညောင်ဦးတွင် စာသင်ကျောင်းမုန့်ဈေးတန်းများမှ အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ညောင်ဦး ဇူလိုင် ၂၉**
ကျောင်းမုန့်ဈေးတန်းများရှိ ဈေးဆိုင်များတွင် ကျောင်းသား၊ ကျောင်းသူများကို ဆွဲဆောင်ရန် ဆိုးဆေးများအလွန်အကျွံအသုံးပြုထားသော အစားအသောက်များကို အများအပြားရောင်းချလာရာ ဆိုးဆေးများ၌ ခွင့်မပြုဆိုးဆေးများ ပါဝင်လာခြင်းတို့ကြောင့် ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ခန္ဓာဖွံ့ဖြိုးကြီးထွားမှု၊ ဉာဏ်ပညာဖွံ့ဖြိုးမှုအတွက် အန္တရာယ်ရှိလာခဲ့သည်။

သို့ဖြစ်ရာ နောင်လာမည့် အနာဂတ်မျိုးဆက်သစ်များ၏ ကျန်းမာရေးထိခိုက်မှုအန္တရာယ်မှ ကင်းဝေးပြီး လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ ရောဂါဘယကင်းရှင်းရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေးဌာနခွဲတို့ပူးပေါင်း၍ ဇူလိုင် ၂၇ ရက် မွန်းလွဲ ၂ နာရီက စာသင်ကျောင်းမုန့်ဈေးတန်းများမှ အစားအသောက်များဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ပန်းမျိုးတစ်ရာခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ညောင်ဦးမြို့နယ်ပညာရေးမှူး ဦးစန်းယုက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ညောင်ဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါအခမ်းအနားသို့ ခရိုင်၊ မြို့နယ် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်မှုကော်မတီဝင်များ၊ ထက်၊ လယ်၊ မူကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ကျောင်းကျန်းမာရေး တာဝန်ခံ ဆရာ၊ ဆရာမများ၊ အကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများ၊ ကျောင်းတွင်း၊ ကျောင်းပြင်မုန့်ရောင်းချသူများ တက်ရောက်ခဲ့ကြပြီး ကျောင်းကျန်းမာရေးကိစ္စများနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ကျောင်းမုန့်ဈေးတန်းများတွင် အစားအသောက်များ၌ ခွင့်မပြုသောဆိုးဆေးများနှင့် ဓာတုပစ္စည်းများပါဝင်သည့် အစားအသောက်များ ကင်းဝေးစေရန်၊ ကျောင်းသား၊ ကျောင်းသူများ ဆိုးဆေး၏ ဘေးအန္တရာယ်များကိုသိရှိပြီး အာဟာရပြည့်ဝသော အစားအသောက်များကို ရွေးချယ်စားသောက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ ကျောင်းတွင်း အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရန် ဆောင်ရွက်နေသည့် ကျောင်းကျန်းမာရေးအဖွဲ့များ၏ လုပ်ငန်းများကို ပံ့ပိုးကူညီနိုင်ရန်ရည်ရွယ်၍ ယခုကဲ့သို့ အသိပညာပေးဟောပြောပွဲဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ရဲသူရအောင်(ညောင်ဦး)**

---

# အန္တရာယ်ရှိသော စားသောက်ကုန်များအကြောင်း အသိပညာပေးဟောပြော

**ဝါးခယ်မ ဇူလိုင် ၂၉**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ အန္တရာယ်ရှိသော စားသောက်ကုန်များအကြောင်း ဟောပြောပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီက မူလွန် သံကြိုးတိုင်တိုးချဲ့ကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မူလွန် သံကြိုးတိုင်တိုးချဲ့ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများကို စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်သန်းက ကလေးသူငယ်များ၏ ကျန်းမာရေးကို ရှေးရှုပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများ၊ ဓာတုဆေးဝါးများ၊ စားသုံးရန်မသင့်သော စားသောက်ကုန်များ၊ ဘေးထွက်ဆိုးကျိုးများကို အစားအစာများနှင့်တကွ ဥပမာပေးပြသ၍ ရှင်းလင်းပြောကြားပေးကာ ဝယ်ယူစားသုံးမှုမရှိစေရေးအတွက် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား ကြပ်မတ်ပေးသွားရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။ **လွှမ်းသီဟ(ဝါးခယ်မ)**



---

# ဆင်ပေါင်ဝဲမြို့တွင် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများအား ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**သရက် ဇူလိုင် ၂၉**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများအား ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာနှစ်ရွာဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၁ ရွာ တိုးပွားခဲ့ကြောင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ခုနစ်ရွာတိုးပွားနိုင်ခဲ့သဖြင့် စုစုပေါင်း ရွာ ၂၀ ရှိခဲ့ကြောင်း၊ အဆိုပါ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများအနေဖြင့် သုံးနှစ်သက်တမ်းပြည့်ဆောင်ရွက်ပြီး အတိုးငွေကျပ် သိန်း ၁၀၀ ရရှိပါက ငွေကျပ် သိန်း ၅၀ ကို ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မြစိမ်းရောင်စီမံကိန်းဝင် ဇိမ့်မြောင်ကြီး၊ ကန်ချောင်း၊ အင်းပက်လက်၊ ကန်လည်ကုန်း၊ ကုတင်ကြီး၊ ရွှေမောင်းစွန်း ကျေးရွာတို့အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူအသီးသီးက ရန်ပုံငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးမျိုးလေး(ဆင်ပေါင်ဝဲ)**

# မုံရွာမြို့နယ်စည်ပင်နယ်နိမိတ်အတွင်း ခေါင်းလောင်းတီးအမှိုက်သိမ်းစနစ် ဩဂုတ်၌စတင်မည်

**မုံရွာ ဇူလိုင် ၂၉**
မုံရွာမြို့သည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးစိုက်ရာမြို့ဖြစ်ပြီး မော်တော်ကားလမ်း၊ ရထားလမ်းနှင့် ရေကြောင်းလမ်းများဖြင့် ဆက်သွယ်ရေးကောင်းမွန်ပြီး ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ လူဦးရေထူထပ်သော မြို့တစ်မြို့ဖြစ်ရာ မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် အမှိုက်သရိုက်များ ကင်းရှင်းစေရန်အတွက် လက်ရှိ လုပ်ဆောင်လျက်ရှိသော အမှိုက်သိမ်းစနစ်နေရာတွင် ဩဂုတ် ၁ ရက်မှစတင်ပြီး ခေါင်းလောင်တီး အမှိုက်သိမ်းစနစ်ကို လုပ်ဆောင်သွားမည် ဖြစ်ကြောင်း တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

ယခုလက်ရှိတွင် မုံရွာမြို့ပေါ် ရပ်ကွက်များနှင့်စျေးများမှ တစ်နေ့လျှင် အမှိုက်တန်ချိန် ၉၀ ခန့် ထွက်ရှိလျက်ရှိရာ အမှိုက်များကို လမ်းဆုံလမ်းခွများ၊ အမှိုက်စွန့်ပစ်ရန်နေရာများ၊ သတ်မှတ်ပေးထားသော နေရာများတွင် စွန့်ပစ်စေပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိမ်းဆည်းပေးလျက်ရှိကြောင်း သိရသည်။

"မုံရွာမြို့မှာ အရင်က အမှိုက်သိမ်းကားရှစ်စီးနဲ့ အလုပ်သမား ၆၀ ခန့်က နေ့စဉ်လုပ်ဆောင်ပါတယ်။ အခုမြို့ကို အပိုင်းခြောက်ပိုင်းခွဲပြီးတော့ ဒီနှစ်ထဲမှာကို မုံရွာမြို့အတွက် အမှိုက်သိမ်းကား ၂၄ စီးကို ထပ်မံဖြည့်တင်းပြီး အစီး ၃၀ ကျော်နဲ့ စတင်လုပ်ဆောင်နေပါတယ်။ ရပ်ကွက်တိုင်း၊ လမ်းတိုင်းမှာ ခေါင်းလောင်းတီးစနစ်နဲ့ အမှိုက်သိမ်းနိုင်အောင်လို့ ဩဂုတ်လဆန်းပိုင်းမှာ စတင်ဆောင်ရွက်မှာပါ။ အမှိုက်သိမ်းယာဉ်တွေလည်းရောက်နေပါပြီ။ အမှိုက်သိမ်းယာဉ်တွေ တိုးလာပေမယ့်လည်း ပြည်သူတွေကိုယ်တိုင်ကလည်း ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင်မှ စည်းကမ်းတကျနဲ့ သန့်ရှင်းလာမှာပါ၊ စည်းကမ်းတကျဖြစ်ဖို့အတွက်လည်း မုံရွာမြို့ပေါ်မှာရှိတဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ တွေ့ဆုံပြီး အသိပညာပေးဆွေးနွေးပွဲတွေ၊ အမှိုက်သိမ်းဆည်းမဲ့စနစ်တွေ၊ ပြည်သူတွေအနေနဲ့ အမှိုက်စွန့်ပစ်ရမဲ့ စနစ်တွေကိုပဲ ပြောမှာပါ။ နောက်တစ်ခုက လမ်းအလိုက်အမှိုက်သိမ်းတဲ့အခါမှာ ကျန်ရှိမှု မရှိအောင်လို့ အမှိုက်သိမ်းယာဉ်တွေမှာ အသံချဲ့စက်တွေ တပ်ဆင်ပြီး နှိုးဆော်သိမ်းဆည်းသွားမှာပါ။ ရပ်ကွက်အလိုက်ကို သတ်မှတ်ရက်၊ အချိန်အလိုက် ကားတွေဝင်နိုင်အောင်လို့ ဆောင်ရွက်သွားမှာပါ။ အဲဒီလိုဆိုရင် မုံရွာမြို့ရဲ့ အဓိကလမ်းတွေဖြစ်တဲ့ ဗိုလ်ချုပ်လမ်း၊ ပြည်ထောင်စုလမ်းနဲ့ ကျောက်ကာလမ်းတွေမှာ လမ်းဘေးထွက်ပြီး အမှိုက်ပုံတဲ့ စနစ်တွေ တဖြည်းဖြည်းခြင်း ပပျောက်သွားအောင် ဆောင်ရွက်သွားမှာပါ"ဟု တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က ပြောသည်။

မုံရွာမြို့ကို သန့်ရှင်းသာယာလှပရေးအတွက် ခေါင်းလောင်းတီးအမှိုက်သိမ်းစနစ်ကို အပိုင်း(၁)အဖြစ် အလုံ၊ ဧက ၄၀ (တိုင်းဒေသကြီးလွှတ်တော်)၊ အိုးဘိုတောင်ရပ်ကွက်၊ မြို့သစ်ရပ်ကွက်၊ စစ်ပင်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း (မြောက်ဘက်) လမ်းတစ်လျှောက်ကိုလည်းကောင်း၊ အပိုင်း(၂)အဖြစ် အောင်ချမ်းသာရပ်ကွက်၊ ကွေ့ကြီးရပ်ကွက်၊ ကံသာဦးရပ်ကွက်၊ လယ်တီရပ် (ဗိုလ်ချုပ်လမ်းမြောက်ဘက်) လမ်းတစ်လျှောက်ကို လည်းကောင်း၊ အပိုင်း(၃)အဖြစ်ဘုရားကြီးရပ်ကွက်၊ ရုံးကြီးရပ်ကွက်၊ ဆူးလေကုန်းရပ်ကွက်၊ အလယ်ရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက် (ဗိုလ်ချုပ်လမ်းမြောက်ဘက်)တစ်လျှောက်၊ ကမ်းနားလမ်းနှင့် ပြည်ထောင်စုလမ်း တစ်လျှောက်ကိုလည်းကောင်း၊ အပိုင်း(၄)အဖြစ် အေးသာယာရပ်ကွက်၊ မုံရွာတောင်ရပ်ကွက်၊ နတ်လှူထိပ်ပန်ရပ်ကွက်၊ စက်မှုဇုန်ရပ်ကွက် (ဗိုလ်ချုပ်လမ်းတောင်ဘက်) တစ်လျှောက်ကိုလည်းကောင်း၊ အပိုင်း(၅)အဖြစ် ရန်ကင်းရပ်ကွက်၊ မြဝတီရပ်ကွက်၊ ထန်းတောရပ်ကွက်၊ နန္ဒဝန်ရပ်ကွက်၊ ကျောက်ကာလမ်းနှင့် အောင်မဟာလမ်းတစ်လျှောက်တွင်လည်းကောင်း၊ အပိုင်း(၆)အဖြစ် ချမ်းမြသာစည်ရပ်ကွက်၊ သလ္လာရပ်ကွက်၊ ရတနာပုံရပ်ကွက်၊ ဘုန်းစိုးရပ်ကွက်၊ ချမ်းမြဝတီရပ်ကွက်၊ သာစည်လမ်းနှင့် ကျောက်ကာလမ်းတစ်လျှောက်တွင် ယခင်အသုံးပြုလျက်ရှိသော အမှိုက်သိမ်းယာဉ်များအပြင် ထပ်မံဖြည့်တင်းထားသော အမှိုက်သိမ်းယာဉ်များ စုစုပေါင်း အစီးရေ ၃၀ ကျော်တို့ဖြင့် ဩဂုတ် ၁ ရက်မှစတင်ပြီး ခေါင်းလောင်းတီအမှိုက်သိမ်းစနစ်ဖြင့် စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

**မင်းဝေ(မုံရွာ)**

## အချုပ်သားလူနာဆောင် အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

**မြိတ် ဇူလိုင် ၂၉**
ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် မြိတ်ပြည်သူ့ဆေးရုံကြီး၌ မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်မှ ဆောက်လုပ်လှူဒါန်းသည့် အချုပ်သားလူနာဆောင် အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက် ၇ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်ကျေးရွာအုပ်စုရှိ မြိတ်ပြည်သူ့ဆေးရုံကြီးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အဖွင့်အမှာစကားပြောကြားပြီး မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်ဥက္ကဋ္ဌ ဦးလှသန်းက အချုပ်သားလူနာဆောင် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ထိုနောက် မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အချုပ်သားလူနာဆောင် အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့ရာ မြိတ်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာမျိုးဝင်းက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အချုပ်သားလူနာဆောင် အဆောက်အအုံအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ အချုပ်သားလူနာဆောင်သည် အလျား ပေ ၃၀၊ အနံ ၂၆ ပေ၊ အမြင့် ၁၁ ပေရှိ သံကူကွန်ကရစ် တစ်ထပ်၊ နှစ်ခန်းတွဲ အဆောက်အအုံတစ်လုံးကို ငွေကျပ် ၂၂၀၇၁၅၀၂ အကုန်အကျခံ၍ မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်မှ ၂၀၁၆ ခုနှစ် မေ ၁ ရက်မှ စတင်ဆောက်လုပ်ခဲ့ရာ ဇွန် ၂၈ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်ဥက္ကဋ္ဌ ဦးလှသန်းနှင့် အဖွဲ့ဝင်များ၊ မြိတ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာမျိုးဝင်းနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

## ချင်းတွင်းမြစ်ရေ ထပ်မံမြင့်တက်လာနိုင်သဖြင့် ရေယာဉ်ပြေးဆွဲခြင်း ရပ်နားထားမှု လေးရက်ထပ်မံတိုး

**မုံရွာ ဇူလိုင် ၂၉**
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက်အရချင်းတွင်းမြစ်ရေသည် ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီခွဲအချိန် မုံရွာမြို့၏ စိုးရိမ်ရေအမှတ်ဖြစ်သည့် ၁၀၀၀ စင်တီမီတာကို ကျော်လွန်ပြီး ၁၀၂၇ စင်တီမီတာကို ဆက်လက်မြင့်တက်လျက်ရှိရာအထက်ချင်းတွင်းသွား အမြန်ရေယာဉ်အသင်းများ ပြေးဆွဲမှုကို လေးရက် ယာယီထပ်မံ တိုးမြှင့်ရပ်နားလိုက်ကြောင်း ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲမှုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ သိရသည်။



"ရညန၊ ရေအရင်းအမြစ်၊ မီးသတ်၊ မိုးဇလ၊ ရေယာဉ်အသင်းမှ တာဝန်ရှိသူများ ရေယာဉ်ပိုင်ရှင်များကို ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီမှာ အစည်းအဝေးခေါ်ပြီး အားလုံးရဲ့ သဘောတူညီချက်အရ ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းရေးအတွက် ခရီးစဉ်များပြေးဆွဲမှုကို နောက်ထပ် လေးရက် ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ပါတယ်။ မူလက ဇူလိုင် ၂၅ ရက်မှ ၂၈ ရက်အထိ ယာယီပြေးဆွဲမှုကို ရပ်နားထားရာမှ ယခု အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁ ရက်အထိ လေးရက် ထပ်မံ တိုးမြှင့်လိုက်ပါတယ်" ဟု တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ရညနမှ တာဝန်ရှိသူတစ်ဦးက ဆွေးနွေးရာတွင် လက်ရှိအနေအထားမှာ အထက်ပိုင်းမြို့တွေမှာက မြစ်ရေက ကျစပြုလာပေမယ့် စိုးရိမ်ရေအမှတ် အထက်မှာပဲ အသီးသီးရှိနေကြသေးတယ်။ နောက်တစ်ခုက အမြန်ရေယာဉ်တွေ မြို့ရွာတွေမှာ ကမ်းကပ်ဖို့အတွက် ကမ်းခုံ မပေါ်သေးတဲ့ အခြေအနေတွေရှိတယ်။ ခရီးသည်တွေနဲ့ ရေယာဉ်တွေ အန္တရာယ်ကင်းရှင်းရေးအတွက် မိုးဇလဌာနတို့နဲ့ ညှိနှိုင်းချက်ရယူပြီး ယာယီထပ်မံရပ်နားလိုက်ခြင်းဖြစ်ပါတယ်။ အမြန်ရေယာဉ်မောင်းသူတွေအနေနဲ့ ရေကြီးကာလဖြစ်တဲ့အတွက် မြစ်ကြောင်းအတွင်း ခုတ်မောင်းရာမှာ မြို့ရွာ အဝင်၊ အထွက်တွေမှာ အရှိန်လျှော့ပြီး မောင်းနှင်ကြဖို့ လိုအပ်ပါတယ်။ တချို့မြို့နယ်တွေကနေ ကမ်းပါးတွေပြိုကျလို့ဆိုပြီး တိုင်ကြားလာတာတွေ ရှိတဲ့အတွက် အသင်းတာဝန်ရှိသူတွေအနေဖြင့်လည်း ရေယာဉ်အုပ်တွေကို ကြီးကြပ်ဖို့လိုအပ်ကြောင်း ဆွေးနွေးခဲ့ပြီး ရေယာဉ်အသင်းများမှ တက်ရောက်လာကြသူများက ပြန်လည်အကြံပြု ဆွေးနွေးခဲ့ကြသည်။

ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၂၈ ရက် နံနက်ပိုင်း တိုင်းထွာချက်အရ အထက်ပိုင်းမြို့များဖြစ်သည့် ခန္တီး၊ ဟုမ္မလင်း၊ မော်လိုက်၊ ဖောင်းပြင်၊ မင်းကင်းနှင့် ကနီမြို့တို့တွင် ရေအနည်းငယ် ကျစပြုသော်လည်း စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနေသည်။

**ဖိုးချမ်း(မုံရွာ)**

## ပန်းလောင်မြစ်ရေကိုအခြေပြုကာ ကြံကိုတွင်ကျယ်စွာစိုက်ပျိုးလာ

**စဉ့်ကိုင် ဇူလိုင် ၂၉**
ရာသီဥတု မမှန်သည့်ကာလတွင် တောင်သူများမှာ တွက်ခြေကိုက်မည့် သီးနှံကို ရာသီအလိုက် စိုက်ပျိုးကြရာ စဉ့်ကိုင်မြို့နယ်အတွင်း ပန်းလောင်မြစ်ဘေးရှိ ယာမြေများမှာ ကြံကို အားထားစိုက်ပျိုးလာကြောင်း သိရသည်။

ကြံစိုက်ခြင်းမှာ အရှုံးနည်းပြီး နှစ်ပြန်အထိ အတက်မွေးကာ စိုက်ပျိုးနိုင်သည့်အတွက် စိုက်ပျိုးခြင်းဖြစ်သည်။အထူးသဖြင့် ပန်းလောင်မြစ်ရေရသည့်နေရာများတွင် ကြံကို အားထား စိုက်ပျိုးကြကြောင်း ကြံစိုက်တောင်သူတစ်ဦးက ပြောသည်။

ကြံစိုက်ပျိုးခြင်းတွင် ပန်းလောင်မြစ်ရေကို တင်ကာစိုက်ပျိုးကြသည်။ ကြံစိုက်ပျိုးရန်အတွက် ထယ်ရေးပြင်ဆင်ပြီးသည်နှင့် ပေါင်ဖြစ်အောင်ပြုလုပ်ကာ ကြံအဆစ်များကို စနစ်တကျ စိုက်ပျိုးကြသည်။ ကြံတစ်ပင်နှင့်တစ်ပင် တစ်တောင်ခန့်ခွာကာ စိုက်ပျိုးကြသည်။

ရာသီခါမီရန်အတွက် ပန်းလောင်မြစ်ဘေးတွင် ကဆုန်နယုန်မှစကာ ကြံကိုစတင်စိုက်ပျိုးကြသည်။ ကဆုန်၊ နယုန်တွင် စိုက်ပျိုးသည့်ကြံများကို လာမည့်နှစ် တန်ခူးလတွင် စတင်ခုတ်လေ့ရှိသည်။ ကြံစတင်စိုက်ပျိုးပြီးသည်နှင့် ရာသီဥတုပေါ်မူတည်ကာ ၁၀ ရက်ခြားတစ်ကြိမ် ရေတင်ပေးကြရသည်။

တစ်လလျှင် အနည်းဆုံးသုံးကြိမ် ရေတင်ပေးရသည်။ ကြံစိုက်ရာတွင် တစ်ဧကလျှင် ကြံပင် ၁၁၁၀၀ ကျော်ပါဝင်သည်။ ကြံခုတ်သည့်ရာသီတွင် အအေးဆိုင်များကို လက်လီရောင်းချသကဲ့သို့ ပွဲစားများကို အခင်းပြတ်ရောင်းချသည်လည်းရှိသည်။

နှစ်စဉ်လက်လီရောင်းချမှုတွင် ကြံ ၁၀ ချောင်းပါအစည်းများပြုလုပ်ရောင်းချသည်။ ကြံများခုတ်သည့်အချိန်တွင် လမ်းပန်းဆက်သွယ်ရေးကောင်းသည့်နေရာနှင့် ဆက်သွယ်ရေးမကောင်းသည့် နေရာကွာခြားမှုအလိုက် စျေးနှုန်းကွာခြားသွားသည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်နေရာတွင် တစ်နှစ်လျှင် ငွေကျပ်သိန်း ၄၀ ကျော်အထိ ရရှိသည်။ လမ်းပန်းဆက်သွယ်ရေးမကောင်းသောနေရာများတွင် ငွေကျပ် သိန်း ၃၀ ကျော်သာရရှိကြောင်း သိရသည်။

**တိမ်တမန်**

## အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန အလုပ်သမားရေးရာပညာပေးဆွေးနွေး

**ရေး ဇူလိုင် ၂၉**
မွန်ပြည်နယ် ရေးမြို့နယ် အစင်စံပြကျေးရွာ 'သံလွင်အေး' အအေးခန်းစက်ရုံအစည်းအဝေးခန်းမ၌ ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီက အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန အလုပ်သမားရေးရာအသိပညာပေးဆွေးနွေးပွဲတွင် ပြည်နယ်ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်အေးက အလုပ်သမားရေးအသိပညာပေးသိကောင်းစရာများနှင့် ပတ်သက်၍အမှာစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး မြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတေဇာလင်းထွန်းက အလုပ်သမားဥပဒေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် အစင်စံပြကျေးရွာမှ 'သံလွင်အေး' အအေးခန်း၊ 'ပန်ဒါ' အအေးခန်း၊ 'မြန်မာရွှေယင်း' အအေးခန်းစက်ရုံများမှ မန်နေဂျာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# သာယာဝတီမြို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးတွင် ဆိုင်ကယ်မောင်းလိုင်စင်ပြုလုပ်သူများလာ



**သာယာဝတီ ဇူလိုင် ၂၉**
ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးရုံးတွင် ဇူလိုင် ၂၈ ရက်၌ ခရိုင်အတွင်း မြို့နယ်များမှ ဆိုင်ကယ်မောင်းလိုင်စင်ပြုလုပ်ကြရာ ဆိုင်ကယ်မောင်းလိုင်စင်ပြုလုပ်သူများလာကြောင်း သိရသည်။

"ခရိုင်ရုံးက ဆိုင်ကယ်မောင်းလိုင်စဉ် လုပ်ပေးရာတွင် ရက်သတ်မှတ်ပြီးပေးထားတော့ ချိန်းတဲ့ရက်မှာ ညကတည်းက ခရိုင်ရုံးကိုရောက်အောင်သွားစောင့်နေရတယ်။ မှတ်ပုံတင်မိတ္တူနဲ့ လိုင်စင်ဓာတ်ပုံတွဲပြီး ထပ်ထားရတယ်။ တချို့တွေလည်း လူတွေတအားများတာနဲ့ တစ်ညလုံး တစ်နေ့လုံးတိုးကြိတ်နေရတော့ ကျန်းမာရေးအရ မူးလဲတာတို့ဘာတို့ ရှိတယ်။ မနက်ရောက်မှ စီနီယာအလိုက်ခေါ်ပြီး ဖြေဖို့စာရွက်ပေးတယ်။ ဆိုင်ကယ်မောင်းနည်းတွေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းတွေ ဟောပြောပြီး မေးထားတဲ့မေးခွန်းတွေ ဖြေရတယ်။ ပြီးမှ လက်ခံဌာနမှာ ငွေ ၆၀၀၀ ကျပ်သွင်းပြီးဖြတ် ပိုင်းယူရတယ်။ လိုင်စင်ရမယ့်နေ့ကျတော့ တစ်ခါသွားယူရမယ်။ တော်တော်လေးဒုက္ခရောက်ကြရတယ်။ တချို့လည်း သတ်မှတ်အရေအတွက်ပြည့်သွားရင် ပြန်ရတာတွေရှိတယ်။ နောက်ရက်ချိန်းရောက်မှ ထပ်လာပေါ့။ အခုတလော ဆိုင်ကယ်လိုင်စင်၊ မောင်းလိုင်စင်၊ နံပါတ်ပြား၊ နောက်ကြည့်မှန်၊ ဦးထုပ်၊ နှစ်ယောက်ထက်ပိုမစီးရ စသည်ဖြင့်ပေါ့ဗျာ။ အမှန်တကယ်လက်တွေ့စစ်ဆေးဆောင်ရွက်နေတယ်။ တစ်နေ့ကိုလည်း စည်းကမ်းချက်နဲ့မညီညွတ်တဲ့ ဆိုင်ကယ်တွေကိုဖမ်းပြီး တရားရုံးပို့တယ်။ စစ်ဆေးဖမ်းဆီးနေတဲ့ကြားက ယနေ့ထိဆိုင်ကယ်အစီး ၇၀ ကျော် ဖမ်းဆီးအရေးယူဆောင်ရွက်ပြီးဖြစ်တယ်လို့ သိရတယ်" ဟု နတ်တလင်းမြို့နယ် ကျောင်းကုန်းကျေးရွာအုပ်စုမှ ဦးကြင်စိန်က ပြောသည်။ **(၀၇၁)**

## မန္တလေးတွင် စာအုပ်ထုတ်ဝေမှုများပြားလာ၊ စာအုပ်မိတ်ဆက်ပွဲများတွင် ကဗျာရွတ်ပွဲများပါထည့်သွင်းကျင်းပလာ

**မန္တလေး ဇူလိုင် ၂၉**
မန္တလေးမြို့တွင် ၂၀၁၅-၂၀၁၆ တွင် စာအုပ်ထုတ်ဝေမှုများပြားလာပြီး စာအုပ်မိတ်ဆက်ပွဲများစွာ ကျင်းပလျက်ရှိသည်။ အများစုသော စာအုပ်မိတ်ဆက်ပွဲများကို လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်နှင့် မီဒီယာစင်တာများတွင် ပြုလုပ်လာရာမှ ဘုန်းတော်ကြီးကျောင်းများတွင်ပါ ကျင်းပလာခဲ့သည်။ ယင်းမိတ်ဆက်ပွဲတွင် ထမင်းဖြင့် ဧည့်ခံကျွေးမွေးကာ မုဒိတာစကားပြောကြားခြင်းအပြီးတွင် ကဗျာရွတ်ပွဲကလေးများကိုပါ ထည့်သွင်းကျင်းပလာကြသည်။

စာပေရပ်ဝန်းတွင် စာအုပ်ထုတ်ဝေခြင်းကို မှတ်တိုင်စိုက်ထူခြင်းအဖြစ် ပြုလုပ်ကြသည်။ ထိုမှတ်တိုင်စိုက်ထူသည့်စာအုပ်မိတ်ဆက်ပွဲနှင့် အခြားအမှတ်တရပွဲများတွင်လည်း စုပေါင်းကာ ကဗျာရွတ်သည့်အစဉ်အလာတစ်ခု ကြီးစိုးလာခဲ့သည်။

ထို့အတူပင် စာပေဝိုင်းကလေးများ စာပေဆွေးနွေးပွဲကလေးများ အမည်အသီးသီးဖြင့် ရပ်တည်ကာ ကျင်းပလာခဲ့ကြသည်။ အချို့မှာ နှလုံးသားစွမ်းရည်ဖွံ့ဖြိုးရေးအတွက် ဆွေးနွေးကြသည်။ လက်ရှိကာလတွင် မန္တလေးမြို့ရှိ ကဗျာဆရာအများစုနှင့် ကဗျာဝါသနာရှင်များမှာ မော်ဒန်ကဗျာများကိုသာ ရေးဖွဲ့ရွတ်ဆိုမှု များပြားလာသည်။

ယခင်က ခေတ်စမ်းကဗျာများနှင့် မြန်မာ့ရိုးရာကဗျာရေးစပ်နည်းဖြင့် ရေးစပ်ထားသော ကဗျာများကိုသာ တွင်တွင်အသုံးပြုခဲ့ကြသည်။ မဂ္ဂဇင်း၊ စာစောင်များတွင်လည်း သံပေါက်၊ လေးလုံးစပ်၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ သံချို၊ တျာချင်း၊ လွမ်းချင်း၊ တေးထပ်၊ ရတု၊ အိုင်ချင်း၊ ရှစ်လုံးဖွဲ့၊ ကာချင်း၊ အဲချင်း၊ ညည်းချင်း၊ မှာတမ်းမှအစ မြန်မာ့ရိုးရာ ကဗျာစပ်နည်းစုံဖြင့် ရေးဖွဲ့ခဲ့ကြသည်။ **တိမ်တမန်**


# ဂျိုးဖြူကျေးရွာ စံပြစာကြည့်တိုက်တွင် သတင်းစာဖတ်မှတ် စွမ်းရည်ပြိုင်ပွဲကျင်းပ

**တိုက်ကြီး ဇူလိုင် ၂၉**
ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဂျိုးဖြူစံပြကျေးရွာ စံပြစာကြည့်တိုက်တွင် ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စံပြစာကြည့်တိုက်ကော်မတီနှင့် ဂျိုးဖြူ အ. ထ. က(ခွဲ) ကျောင်းတို့ ပူးပေါင်း၍ သတင်းစာဖတ်မှတ် စွမ်းရည်ပြိုင်ပွဲပြုလုပ်ခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများ စာဖတ်စွမ်းရည်မြင့်မားရေး၊ စာဖတ်သည့်အလေ့အကျင့်ရရှိရေး၊ အသိပညာဗဟုသုတတိုးပွားရေး၊ ရရှိလာသည့် အသိပညာဗဟုသုတများကို ပြန်လည်အသုံးချတတ်စေရေး ရည်ရွယ်၍ စံပြစာကြည့်တိုက်၏ ၁၁ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အတွက် ကြိုတင်ကျင်းပခြင်းဖြစ်ကြောင်း စာကြည့်တိုက်ကော်မတီဝင် ဦးစိုးဝင်းက ပြောကြားခဲ့သည်။

အဆိုပါ သတင်းစာဖတ်မှတ်စွမ်းရည်ပြိုင်ပွဲတွင် ဝင်ရောက်ဖြေဆိုပြီး ဆုရကျောင်းသား၊ ကျောင်းသူများအား ဩဂုတ် ၁ ရက်တွင် စံပြစာကြည့်တိုက် ၁၁ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်တွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **စန်းကလျာနိုင်(ပြန်/ဆက်)**

## ပုပ္ပသီရိမြို့နယ်အတွင်းရှိ ကျေးရွာများ သပြေစိုက်ပျိုးခြင်းကို စီးပွားဖြစ်လုပ်ကိုင်လာ



**နေပြည်တော် ဇူလိုင် ၂၉**
နေပြည်တော် ပုပ္ပသီရိမြို့နယ် ရွာတော်ကျေးရွာအုပ်စုအတွင်းရှိ ချောင်းစောက်၊ စက်ကုန်းနှင့် ကြံဖိုစုကျေးရွာတို့တွင် သပြေစိုက်ပျိုးခြင်းကိုစီးပွားဖြစ်လုပ်ကိုင်လာကြသည်။

သပြေပန်းပင်သည် သဲနုန်းစပ် မြေအမျိုးအစားကို ကြိုက်နှစ်သက်ပြီး စိုက်ပျိုးမည်ဆိုပါက ထွန်ရေးပြုလုပ်၍ တစ်တန်းနှင့် တစ်တန်းကို ၁၀ လက်မခြား (ပေါက်ပြားဖြင့် ပေါင်းဝင်သာရန်) အကွာအဝေး၊ တစ်ပင်နှင့်တစ်ပင်ကို ၅ လက်မခန့်ခြားပြီး စိုက်ပျိုးရမည်ဖြစ်သည်။

သပြေမျိုးများတွင် တောင်တွင်းမျိုးနှင့် ကောလင်းမျိုးဟူ၍ နှစ်မျိုးရှိရာ ပျိုးပင်တစ်ပင်ကို ငွေကျပ် ၂၀ ဝန်းကျင်ဖြင့် နေပြည်တော်အတွင်းရှိ စိုက်ပျိုးခြံများတွင် အလွယ်တကူ ဝယ်ယူစိုက်ပျိုးနိုင်သည်။ သပြေပင်ကို စိုက်ပျိုးပြီး ခြောက်လသားအရွယ်မှစ၍ ရက်သတ္တပတ် အညွန့်ဖြတ်၍ ရောင်းချနိုင်ပြီဖြစ်ရာ ယခုအချိန်တွင် ဈေးကောင်းရရှိလျက် ရှိသည်။

ယင်းအပြင် သပြေငုတ်တူး၍ ရောင်းချခြင်းကိုလည်း အချို့သပြေစိုက်တောင်သူများက တစ်နှစ်သား၊ အချို့က နှစ်နှစ်သား (သို့မဟုတ်) သုံးနှစ်သားအရွယ်တွင် သပြေပင်ကို မြေပေါ်တစ်လက်မခန့်ကဖြတ်ပြီး အစာထည့် ရေသွင်းပေးကာ အညွန့်များထွက်ရှိလာပါက သပြေငုတ်ကိုတူး၍ ရောင်းချနိုင်ကြောင်း၊ သပြေငုတ်တစ်ငုတ်လျှင် အရွယ်အစားအပေါ်မူတည်၍ အနည်းဆုံးငွေကျပ် ၅၀၀ နှင့်အထက် ဈေးကောင်းရရှိနေကြောင်း၊ သပြေမျိုးကို တောင်တွင်းမျိုးနှင့် ကောလင်းမျိုး နှစ်မျိုးရှိရာမှ တောင်တွင်းမျိုးက အညွန့်ရဲနေသဖြင့် လူကြိုက်များကြောင်း သပြေစိုက်တောင်သူများထံမှ သိရသည်။ **ရွှေကုက္ကို**

## ဖရူဆိုမြို့၌ မြေငှားဂရန်များပြည်သူ့လက်ဝယ်အရောက် ပေးအပ်

**ဖရူဆို ဇူလိုင် ၂၉**
ကယားပြည်နယ် လွိုင်ကော်ခရိုင် ဖရူဆိုမြို့နယ် ထီးပေါ်ဆိုကျေးရွာအုပ်စု ဒေါညေးခူကျေးရွာ၌ ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီက ဒေသခံပြည်သူများ လက်ဝယ်အရောက် မြေငှားဂရန်များ ပေးအပ်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဆွေဝင်း၊ လွိုင်ကော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဝင်းနှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးတို့က အမှာစကားပြောကြားခဲ့ကြသည်။

ယင်းနောက် တာဝန်ရှိသူများက ကျေးရွာမြေငှားဂရန်များကို ဒေါညေးခူကျေးရွာနေ ပြည်သူများထံသို့ ပေးအပ်ခဲ့ရာ ဒေါညေးခူကျေးရွာနေ ဦးဂျေးရယ်က ကျေးရွာမြေငှားဂရန်ပေးအပ်ခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ယင်းနေ့က ဒေါညေးခူကျေးရွာတွင် ကျေးရွာမှ အိမ်ထောင်စု ၅၂ စု၊ အိမ်ခြေ ၅၂ အိမ်အတွက် ကျေးရွာမြေငှားဂရန် ၅၂ ခုအား ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **ကိုစိုင်း(လွိုင်ကော်)**

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်းပြီး ပျိုဖြစ်သူကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြော

**တံတားဦး ဇူလိုင် ၂၉**
ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းပြီး တောင်ပြုံးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ကျင်းပသည့် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်ဓာတ်ပုံပြပွဲနှင့် ပျိုဖြစ်သူကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယမင်းအိက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဆရာမဒေါ်တင်မို့မို့က ပျိုဖြစ်သူများ ကျန်းမာရေးဆိုင်ရာများ၊ အမျိုးသမီးများသိသင့်သိထိုက်သည့်အချက်အလက်များနှင့် ဆောင်ရန် ရှောင်ရန်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ပြန်/ဆက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘိုမောင်က ကျောင်းစာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအကြောင်းအရာများ၊ ကွမ်းစားခြင်းနှင့် ခံတွင်းအန္တရာယ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကိုပေးအပ်ရာ ကျေးရွာကျောင်းအုပ်ဆရာကြီး ဦးအေးနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ အခမ်းအနားသို့တက်ရောက်လာသူများက မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ နံရံကပ်ဓာတ်ပုံများကို စိတ်ဝင်တစား လေ့လာကြကြောင်း သိရသည်။ **ရဲတင့်**

## ကွမ်းစားသုံးခြင်း၊ စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်းနှင့် ပြည်သူ့ကျန်းမာရေးအသိပညာပေးဟောပြော

**ပြည် ဇူလိုင် ၂၉**
ကွမ်းစားသုံးခြင်းနှင့် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေး၊ ကွမ်းစားသုံးမှုလျှော့နည်းပပျောက်ရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက ပြည်မြို့နယ် ဝက်ထီးကန် အမှတ်(၂)ရဲလေ့ကျင့်ရေးကျောင်း ဘုရင့်နောင်ခန်းမ၌ ပြုလုပ်ရာ အခမ်းအနားသို့ အဆိုပါရဲလေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး ဒုရဲမှူးကြီးမောင်ဝင်းနှင့် ဦးစီးအရာရှိများ၊ သင်တန်းမှူးများ၊ အရာရှိအရာခံများနှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဝက်ထီးကန် (ရွှေပြည်သာ) လူငယ်ပြုစုပျိုးထောင်ရေးစခန်းမှ ဒုတိယဌာနတာဝန်ခံ ရဲမှူးအောင်နိုင်နှင့် တပ်ဖွဲ့ဝင်သင်တန်းသားများ၊ ဝက်ထီးကန် နယ်မြေအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ဝက်ထီးကန်တိုက်နယ်ဆရာဝန် ဒေါက်တာနေဝင်းလှိုင်က ကွမ်းစားသုံးခြင်းနှင့် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်းတို့၏ ဆိုးကျိုးများနှင့် ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှုများ၊ မြွေအန္တရာယ်၊ အရက်သောက်ခြင်း၏ ဆိုးကျိုးများနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့သည်။ **မျိုးကျော်ကြီး(ပြန်/ဆက်)**

# ဆေးပညာသတင်းဆန်းများ (၁၃၇)

ဒေါက်တာကံညွန့်




ကမ္ဘာကျော် လက်ဝှေ့ချန်ပီယံကြီးတစ်ဦးဖြစ်တဲ့ Muhammad Ali ကတော့ အသက် ၇၄ နှစ်အရွယ်မှာ သေဆုံးသွားခဲ့ပါပြီ။ သူမသေဆုံးခင်မှာ Parkinson ရောဂါကို ၁၀ နှစ်ကျော် ခံစားခဲ့ရပါတယ်။ ပါကင်ဆင်ရောဂါဆိုတာ ဦးနှောက်မှာ ကိုယ်လက်လှုပ်ရှားမှုအတွက် ထိန်းပေးတဲ့ Substantia Nigra ဆိုတဲ့နေရာမှာရှိတဲ့ အာရုံခံ Cells တွေ Neurones တွေမှာ Dopamine ဓာတ်တွေနဲသွားပြီး Degeneration ကြောင့်ဖြစ်ရတဲ့ ရောဂါပါ။ ဒီရောဂါဖြစ်လာရင် ခေါင်းတုန်ခြေတုန်ဖြစ်ခြင်း၊ သတိမေ့ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုမှာ မထိန်းနိုင်ခြင်းစတဲ့ လက္ခဏာတွေ ဖြစ်ပေါ်တတ်ပါတယ်။ ဆေးပညာရှင်တွေဟာ ၁၉၂၀ ပြည့်နှစ်လောက်ကပဲ ဒီလိုလက်ဝှေ့ထိုးတဲ့ အားကစားသမားတွေမှာ အသက်ကြီးလာရင် ဒီလိုလက္ခဏာ မျိုးခံစားရတာကို ထောက်ပြခဲ့ပါတယ်။ ဒါပေမယ့် လက်ဝှေ့အားကစားကတော့ ယခုထိ ဆက်လက်ပြုလုပ်နေကြ တုန်းပါပဲ။

ယခုကမ္ဘာ့လက်ဝှေ့ကျော်ကြီး သေဆုံးရတဲ့အခါမှာလဲ သူ့မိသားစုကတော့ Parkinson ရောဂါကို သူခံစားရ တာဟာ လက်ဝှေ့ထိုးတာကြောင့် မဟုတ်ဘဲ သူရဲ့ Genes နဲ့ သူငယ်ငယ်က ထိတွေ့ခဲ့ဖူးတဲ့ ပိုးသတ်ဆေး Pesticides တွေကြောင့် ဖြစ်ရတယ်လို့ဆိုပါတယ်။ ဒါပေမယ့် ဆေးပညာရှင်တွေကတော့ ဒါကို လက်မခံနိုင်ခဲ့ကြပါဘူး။ အမေရိကန်နိုင်ငံ Boston University က ဦးနှောက်ရောဂါပါမောက္ခ ဒေါက်တာ ရောဘတ်ကင်တူးနှင့် အဖွဲ့ကတော့ သူဟာ CTE (Chronic Traumatic Ecephalopathy) ခေါ်တဲ့ ခဏခဏ ထိခိုက်ဒဏ်ရာကြောင့်ရရှိတဲ့ ဦးနှောက်ရောဂါ ဖြစ်ရခြင်းရဲ့ အကြောင်းကြောင့်ပဲလို့ ဆိုပါတယ်။

ဦးနှောက် Cells ပျက်စီးပြီး ဖြစ်ရတဲ့ Alzeima ရောဂါ၊ Dementia ရောဂါ၊ Parkanson ရောဂါတွေဟာ ဒီလိုလက်ဝှေ့ထိုးသူတွေမှာ ပိုဖြစ်နေတာတွေ့ရပေမယ့် ဒီအားကစားကတော့ ဆက်လက်ရှိနေသေးတာကို တင်ပြလိုက်ရပါတယ်။


နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အိန္ဒိယနိုင်ငံက ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေတစ်ခု အကြောင်းပါ။ အိန္ဒိယနိုင်ငံဟာ ၂၀၁၄ ခုနှစ် မတ်လကပဲ Polio ရောဂါကင်းစင်တဲ့နိုင်ငံတစ်ခုအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ကြေညာခံထားရတဲ့ နိုင်ငံတစ်ခုပါ။ နောက်ဆုံး Polio ရောဂါဖြစ်သူတစ်ဦးကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၃ ရက်က တွေ့ရှိခဲ့ပြီး နောက်ပိုင်း Polio ရောဂါဖြစ်သူမတွေ့ရတော့တာကြောင့် ဒီလိုအသိအမှတ်ပြုခြင်းခံရတာပါ။ အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ ကလေးတွေအားလုံးရဲ့ ၉၄ ရာခိုင်နှုန်းဟာ Polio ကာကွယ်ဆေး Three Doses ကို ရရှိထားကြတာလို့ ဆိုပါတယ်။

ဒါပေမယ့် အခုလောလောဆယ် အိန္ဒိယနိုင်ငံ Hydrabad မြို့ဘူတာရုံက မစင်နမူနာတစ်ခုမှာ ပုံမှန်စမ်းသပ်မှုအရ အစွမ်းထက်တဲ့ Polio Virus အားလုံးရရှိအောင် ပြန်လည်သုံးသပ်လေ့လာပြီး အန္တရာယ်ရှိပြီး ကူးစက်လွယ်တဲ့ အမျိုးဖြစ်တာကြောင့်ဆိုပါတယ်။ ဒါကတော့ အိန္ဒိယနိုင်ငံက ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေတစ်ခုကို တင်ပြလိုက်ရတာဖြစ်ပါတယ်။



နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဆေးယဉ်ပါးမှုပြဿနာပါ။ ကမ္ဘာတစ်လွှား ဆေးယဉ်ပါးလာမှုကို လေ့လာစောင့်ကြည့်နေတဲ့ အင်္ဂလန်နိုင်ငံက UK Review on Antimicrobial Resistance အဖွဲ့ကြီးက သတိပေးချက် တစ်ခုထုတ်ပြန်နေခဲ့ပါတယ်။ ယခုလောလောဆယ် ၂၀၁၅ ပြည့်နှစ်အတွင်းမှာ ခန့်မှန်းခြေလူ ခုနစ်သိန်းခန့်ဟာ ဆေးယဉ်ပါးမှုကြောင့် အသက်ဆုံးရှုံးခဲ့ရတယ်လို့ ဆိုပါတယ်။ ဒီအရေအတွက်ဟာ ၂၀၅၀ ခုနှစ်ကျရင် လူ ၁၀သန်းခန့် သေဆုံးရဖွယ်ရှိတယ်လို့ ဆိုပါတယ် ပိုးသတ်ဆေး Antibiotics တွေကို လွယ်လွယ်ကူကူ သုံးစွဲနေမှု၊ ဆေးဝါးအတုတွေပေါ် လာမှု၊ ဒီဆေးတွေကို ဆရာဝန်အညွှန်းအတိုင်း တိတိကျကျ မသုံးစွဲမှု၊ ကမ္ဘာ့လူဦးရေတိုးပွားလာပေမယ့် Antibiotics ဆေးဝါးအသစ်တွေကို ဆေးကုမ္ပဏီက မထုတ်လုပ်နိုင်မှုတွေဟာ အခုလို သေဆုံးမှုများပြားလာရတဲ့ အကြောင်းတွေလို့ ဆိုပါတယ်။ ယခုအခါ တီဘီ၊ ငှက်ဖျား၊ ဦးနှောက်အမြှေးရောင်၊ အဆုတ်ရောင်၊ ဆီးပူညောင်းကျနှင့် တခြားကာလသားရောဂါတွေမှာ ဆေးယဉ်ပါးမှုတွေရှိနေပြီး ကုသမှုတွေဟာ ထိရောက်မှု ရှိ၊ မရှိကို သုတေသနပြုလေ့လာပြီး ဆေးဝါးပြောင်းလဲသုံးစွဲရန် လိုအပ်ပါက ဆေးပညာရှင်တွေနဲ့ ဆွေးနွေးတိုင်ပင်ပြီး ကုသသင့်ကြောင်း ထောက်ပြထားတာကို တင်ပြလိုက်ရပါတယ်။

အသစ်ပေါ်လာပြီး ယခုအသုံးပြုနေတဲ့ New Immunotherapy Treatment ခေါ်တဲ့ ကင်ဆာကုထုံးဟာ Lukaemia ခေါ်တဲ့ သွေးကင်ဆာရောဂါကုသမှုမှာ အထူးအောင်မြင်နေတယ်ဆိုတဲ့သတင်းပါ။ သွေးကင်ဆာရောဂါကို ခံစားနေရပြီး တခြားကုထုံးအမျိုးမျိုးနှင့် ကုသပြီး မပျောက်နိုင်ဘဲ၊ အသက်ရှင်ဖို့ သုံးလေးလလောက်ပဲ သတ်မှတ်ခံထားရတဲ့ ဝေဒနာရှင်တွေကိုပင် ဒီကုသမှုနဲ့ အသက်ရှင်စေနိုင်ခဲ့ပြီလို့ ဆိုပါတယ်။ ဒီကုသမှုမှာ လူနာထံက သွေးရဲ့ ကိုယ်ခံအား Cell ဖြစ်တဲ့ T-Cell ကို ထုတ်ယူပြီး Genetic Engineering နည်းပညာနဲ့ ကင်ဆာ Cells တွေကို တိုက်ခိုက်နိုင်အောင် လေ့ကျင့်ပြီး လူနာရဲ့သွေးထဲကို ပြန်ထည့်ပေးလိုက်ပြီး ကုသတဲ့နည်းဖြစ်ပါတယ်။ ဒီနည်းနဲ့ လူနာ ၃၅ ဦးကို စမ်းသပ်ကြည့်တဲ့အခါ ၉၄ ရာခိုင်နှုန်းမှာ ရောဂါသက်သာသွားတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီအကြောင်းကို ယခုနှစ် ဖေဖော်ဝါရီလမှာ အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမှာ ကျင်းပခဲ့တဲ့ American Association for the Advancement of Sciences Annual Meeting မှာတင်ပြခဲ့တာကို ဖော်ပြလိုက်ရပါတယ်။




နောက်ဖော်ပြလိုတဲ့ သတင်းကတော့ ယောကျ်ားတွေမှာ ဖြစ်တတ်တဲ့ ဆီးကျိတ်ကင်ဆာရောဂါအကြောင်းပါ။ ဆီးကျိတ်ကင်ဆာဖြစ်ပေါ်လာရင် ရောဂါလက္ခဏာတွေအရ ညအခါ ဆီးသုံးကြိမ်ထက် ပိုသွားတတ်ခြင်း၊ ဆီးသွားခြင်းဟာ ပုံမှန်မဟုတ်ခြင်း၊ ဆီးကျန်ခြင်းစတဲ့ ရောဂါလက္ခဏာတွေအပြင် သွေးထဲမှာ PSA မြင့်တက်ခြင်းတို့ဖြစ်တတ်ပါတယ်။ ဒီလို PSA (Prostate Serum Antigen) မြင့်တက်ခြင်းဟာ တခြားအကြောင်းတွေကြောင့်လဲဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ ဒါတွေကတော့ ဆီးစပ်နားနေရာမှ ထိခိုက်မိခြင်း၊ ဆရာဝန်ထံမှ ဆီးကျိတ်အတွက် စမ်းသပ်မှုခံယူပြီး ၄၈ နာရီအတွင်း စမ်းသပ်ခြင်း၊ ကာမဆက်ဆံခြင်း၊ သုက်ရေထွက်ပြီး လေးနာရီအတွင်း စမ်းသပ်ခြင်းတို့ဖြစ်ပါတယ်။ ဒါကြောင့် PSA စမ်းသပ်ခြင်းကို ဒီအတောအတွင်း မလုပ်သင့်ကြောင်း ထောက်ပြထားပါတယ်။ နောက်ပြီး ဆီးကျိတ် ကင်ဆာတိုင်းဟာ အသက်ကို အန္တရာယ်ပေးလောက်အောင် မဖြစ်ဘဲ ၂၅ ရာခိုင်နှုန်းလောက်ကသာ အန္တရာယ်ရှိနိုင်တာဖြစ်ပြီး ၇၅ရာခိုင်နှုန်းဟာ စိုးရိမ်စရာအခြေအနေမရှိဘူးလို့ဆိုပါတယ်။ မိသားစုထဲမှာ အဖေသို့မဟုတ် အစ်ကိုစတဲ့ သူတစ်ဦး သို့မဟုတ် နှစ်ဦးဖြစ်ဖူးတဲ့ လူတွေဟာ ပိုသတိထားသင့်တယ်လို့ ဆိုပါတယ်။

PSA Level အနည်းငယ်မြင့်နေရုံနဲ့ အထူးစိုးရိမ်စရာမလိုဘဲ သုံးလတစ်ခါ ခြောက်လတစ်ခါ ထပ်စမ်းပြီး သိသိသာသာ တက်လာမှသာ ကုသမှုကို ခံယူသင့်ကြောင်း ဆေးပညာရှင်တွေ အကြံပြုထားတာကို တင်ပြလိုက်ရပါတယ်။




ယခုလိုဖော်ပြလိုတဲ့ သတင်းကတော့ နှလုံးရောဂါနှင့်ပတ်သက်ပါတယ်။ ပုံမှန်နှလုံးခုန်တာမဟုတ်ဘဲ Atrial Fibrillation ခေါ်တဲ့ နှလုံးအပေါ်ပိုင်းအခန်းနှစ်ခုခုန်တဲ့ ရောဂါတွေဟာ အမျိုးသမီးတွေမှာဖြစ်ခဲ့ရင် အမျိုးသားတွေထက် အသက်အန္တရာယ် ပိုစိုးရိမ်ရတယ်ဆိုတဲ့ တွေ့ရှိချက်ပါ။ ဒီတွေ့ရှိချက်က အမေရိကန်နိုင်ငံနဲ့ ဗြိတိန်နိုင်ငံက ဆရာဝန်ကြီးတွေ လေ့လာမှုပေါင်း ၃၀ပေါ်မှာ အခြေခံပြီး ထွက်ပေါ်လာတာဖြစ်ပါတယ်။

ဒီလေ့လာမှုဟာ ဒီရောဂါ ခံစားနေရသူ ၄ ဒသမ ၃သန်းပေါ်မှာ အခြေခံပြီး ထွက်ပေါ်လာတာဖြစ်ပါတယ်။ ဒီနှလုံးခုန်မှုမျိုးရှိသူ အမျိုးသမီးတွေဟာ နှလုံးလေဖြတ်ခြင်း (Stroke)၊ နှလုံးရောဂါ ပြင်းထန်စွာခံစားရခြင်း၊ Heart Failure ခေါ် နှလုံးပျက်စီးခြင်းရောဂါတို့ကိုယောကျ်ားတွေထက် နှစ်ဆပိုခံစားရတယ်လို့ ဆိုပါတယ်။ နှလုံးလေဖြတ်ရောဂါဖြစ်သူတွေဟာ သေဆုံးနိုင်ချေ ၉၃ ရာခိုင်နှုန်းရှိပြီး ကျန်တဲ့နှလုံးနဲ့ဆက်နွှယ်တဲ့ ရောဂါတွေကြောင့် ၅၅ ရာခိုင်နှုန်း သေဆုံးနိုင်ကြောင်း လေ့လာ ချက်မှာ ဖော်ပြထားပါတယ်။ ဒီလေ့လာချက်ကို အင်္ဂလန်နိုင်ငံ Oxford တက္ကသိုလ်က ဆေးပညာရှင်တွေနဲ့အမေရိကန်နိုင်ငံ New York မြို့ Lenox Hill Hospital မှနှလုံးရောဂါဆရာဝန်တွေ ပူးပေါင်းလေ့လာတွေ့ရှိခဲ့တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။


Social Pack
MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
လူကြိုက်အများဆုံး Social App တွေကို
အသက်သာဆုံး ဈေးနှုန်းနဲ့ သုံးနိုင်ပြီ။
Facebook . Viber . Line . COC*. Clash Royale*
1 Kyat/MB
LINE
၂၄ နာရီ
200MB/199Ks
*3001#
SP1 to 1332
၇ ရက်
1000MB/999Ks
*3002#
SP2 to 1332
ရက် ၃၀
4000MB/3999Ks
*3003#
SP3 to 1332
● MPT ၏ ဆွေသဟာ ဝန်ဆောင်မှု ရယူသုံးစွဲနေသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
● သတ်မှတ်ထားသော Social App များမှအပ အခြားအင်တာနက် သုံးစွဲမှုများအတွက် ပုံမှန်ဈေးနှုန်းအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
● VOIP ခေါ်ဆိုမှုအတွက် ပုံမှန်နှုန်းထားအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
● * အသေးစိတ်အချက်အလက်များကို Terms & Conditions တွင် ကြည့်ရှုနိုင်ပါသည်။
"၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်"
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline
24 hours everyday

## ကြော်ငြာ

### စက်မှုသိပ္ပံ(အင်းစိန်)ကျောင်းသား/ကျောင်းသူဟောင်းများ၊ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားခြင်း

စက်မှုသိပ္ပံ(အင်းစိန်)ကျောင်းသား/ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား/ကျောင်းသူဟောင်းများနှင့် မိသားစုများ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆရာ/ဆရာမကြီးများနှင့် ကျောင်းသား/ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်(မပျက်မကွက်)တက်ရောက်ပေးပါရန် လေးစားစွာ ထပ်မံဖိတ်ကြားအပ်ပါသည်။

အချိန် - နံနက် ၈း၀၀ နာရီမှ ၁၂း၀၀ နာရီထိ
နေရာ - ပေါက်စေတီကျောင်း၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
နေ့ရက် - ၇-၈-၂၀၁၆ ရက်(တနင်္ဂနွေနေ့)
လမ်းညွှန် - (၈)မိုင်လမ်းဆုံနှင့်မင်းဓမ္မလမ်းကြား၊ ကျိုက်ဝိုင်းဘုရားလမ်း။

စက်မှုသိပ္ပံ(အင်းစိန်)လူမှုကူညီရေးအသင်း

FORWARD CAR RENTAL
ခရီးစဉ်အမျိုးမျိုးနှင့် မြို့တွင်းမြို့ပြင် လချုပ်/နှစ်ချုပ် ကားမျိုးစုံငှားရန်ရှိသည်၊ ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်ပါသည်၊
Ph: 09 5089800
09 252522200

လေယာဉ်လက်မှတ်လုပ်ငန်းကို အရင်းအနှီးနည်းနည်းဖြင့် လုပ်ကိုင်လိုသူများ
ODYSSEY TRAVELS & TOURS
09 73070193, 09 73187799

"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။
09-73122029, 09-8615420

### စလင်းမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

စလင်းမြို့နယ်အသင်း(ရန်ကုန်)၏ (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ၁၃၇၈ခုနှစ်၊ ဝါခေါင်လဆန်း(၄)ရက်၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကြည့်မြင်တိုင်မြို့နယ်၊ ဂန္ဓကုဋီတိုက်၊ စလင်းပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ/အသင်းသားများ။ မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်လှူဒါန်းပူဇော်ကြပါရန်နှင့် သင်္ကန်း၊ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများကို ဦးဌေးကြွယ် ဖုန်း-၂၉၉၇၂၆၊ ဦးမျိုးချစ် ဖုန်း-၆၆၅၆၂၇၊ ဦးဝင်းလှိုင် ဖုန်း-၀၉-၄၃၀၂၄၉၅၈၊ ဦးစန်းညိုအောင် ဖုန်း-၀၉-၂၅၀၁၅၄၀၄၈၊ ဒေါ်ခင်မေညွန့် ဖုန်း-၀၉-၂၅၄၉၅၅၅၂၈၊ ဗိုလ်မှူးသန်းအေး ဖုန်း-၀၉-၅၀၇၉၄၇၁၊ ဦးစိုးညွန့် ဖုန်း-၀၉-၇၃၀၉၅၀၁၉၊ ဦးသိန်းထွန်း ဖုန်း-၀၉-၅၀၄၀၅၀၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့၊ ရန်ကုန်မြို့







တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

မိုးလှမောင်
အိမ်ပြောင်း/အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏အိမ်ခန်း၊ ရုံးခန်းပြောင်းရွှေ့ခြင်းများအတွက် DYNA 15', 16' ကားများနှင့်အလုပ်သမားစီစဉ်ပေးသည်။
09 5024774
09 73179228
09 49155515
09 49225338







ဇီ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

ကြော်ငြာ


## ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)

### ဆဋ္ဌမအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲ ဖိတ်ကြားလွှာ

ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)မှ ကြီးမှူး၍ ဆဋ္ဌမအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)၏အသင်းဝင်များ၊ ရန်ကုန်မြို့ရောက် ဆင်ဖြူကျွန်းဒေသသား အသင်းမဝင်ရသေးသူများအားလုံး မပျက်မကွက် ကြွရောက်ကုသိုလ်ယူကြပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၇-၈-၂၀၁၆ ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ
ကျင်းပမည့်နေရာ - ကုန်သွယ်လယ်ယာဓမ္မာရုံ၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်။

မှတ်ချက်။ ။ နံနက်စာဖြင့် ကျွေးမွေးဧည့်ခံပါမည်။

ဆင်ဖြူကျွန်းဒေသဖွားပင့်သံဃာ(၅)ပါးကို ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်း၊ နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းပူဇော်ကြပါမည်။

**ဆက်သွယ်မေးမြန်းလိုပါက**-ဦးမောင်မောင်ကြီး ၀၉-၇၃၂၃၉၇၆၀၊ ဦးပြုံး ၀၉-၅၁၀၁၈၄၀၊ ဦးမောင်မောင်လင်း ၀၉-၅၀၀၂၅၀၂၊ ဦးခင်ထွန်း ၀၉-၅၁၇၀၃၂၉၊ ဦးမြင့်ဦး ၀၉-၄၂၀၁၅၆၅၀၅၊ ဒေါက်တာသက်နိုင်ဦး ၀၉-၇၃၀၅၉၁၀၈။ ဒေါ်တင်တင်နွယ် ၀၉-၅၁၇၆၀၃၂ တို့ထံ ဆက်သွယ်နိုင်ပါသည်။

**အမှုဆောင်အဖွဲ့၊ ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)**



**The Embassy of the Republic of Turkey**
**Vacancy Notice**

**Post Title**
1) Secretary- 1post (Male / Female)
- University Graduate
- Minimum 3 years experience in related field
- Age between 25-40.
- Good command of English and Myanmar
- Good computer skills
- Good secretarial skills

**Qualified and interested candidates should submit CV & copies of educational certificate to 19(AB), Kan Yeik Thar Street, Mayangone Tsp. Yangon before August 20, 2016.**
**Tel : 01 662992**



## သဗ္ဗညု ပုထိုးတော်ကြီး(ရန်ကုန်)အလှူရှင်များအား ဖိတ်ခေါ်ခြင်း



ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကျောက်ရေတွင်းတောင်ပိုင်း၊ သုခလမ်းနှင့် ဓမ္မပါလလမ်းပေါ်တွင်ရှိသော တန်ခိုးကြီး သဗ္ဗညုပုထိုးတော်ကြီး၏ (၁၈)ကြိမ်မြောက် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဓမ္မသကစာသင်တိုက်နှင့် သဗ္ဗညုပုထိုးတော်ကြီးကို တည်ထားကိုးကွယ်တော်မူသော အဘွားလေးဒေါ်ဓမ္မေသီ၏တပည့် ဒါယကာ၊ ဒါယိကာမများဖြစ်ကြသော သဗ္ဗညုယောဂီအဖွဲ့နှင့် ညီမရင်း ဒေါက်တာဒေါ်ပညာသိရီက အောက်ပါလုပ်ငန်းစဉ်များကို စီစဉ်ဆောင်ရွက် ဆက်လက်အကောင်အထည်ဖော်လျက်ရှိပါကြောင်း –

၁။ သဗ္ဗညုပုထိုးတော်ကြီးအား (လုံးတော်ပြည့်)အချောသတ်ခြင်းနှင့် ဆေးဖြူသင်္ကန်း ဆက်ကပ်ပူဇော်ရန် = (၁၀)ပေပတ်လည်တကွက်ကို ကျပ်(၁)သိန်း။
၂။ အထက်ပစ္စယံစေတီတော်အတွင်း ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ကျပ်(၅)သိန်းနှင့် ထီးတော်တစ်ဆူကို ကျပ်(၁၀)သိန်းတင်ရန်။
၃။ အထက်ပစ္စယံ လျှပ်စစ်ဆလိုက်မီးတစ်လုံးကို ကျပ်(၁)သိန်းနှင့် LED မီးချောင်းတစ်စုံကို ကျပ်(၁)သောင်း။ နေ့စဉ် လျှပ်စစ်မီးထွန်းညှိပူဇော်နိုင်ရန် ကျပ်(၁)သောင်း။
၄။ ဂန္ဓကုဋီတိုက်အတွင်း သစ္စာမဏ္ဍိုင်တိုင် ဗုဒ္ဓရုပ်ပွားတစ်ဆူကို ကျပ်(၁)သိန်းနှင့် ကျောက်ပြားခင်းတစ်ချပ်ကို ကျပ်(၁)သောင်း ပူဇော်ရန်။
၅။ အဝင်/အထွက် သဗ္ဗညုပုထိုးတော်ကြီး ကမ္ပည်းတင် မုခ်ဦးကြီးပြုလုပ်ရန်နှင့် ကွန်ကရစ်ကားလမ်း/တံတားတည်ဆောက်ရန် (၁၀)ပေပတ်လည် တကွက်ကို ကျပ်(၁)သိန်း။
၆။ ဘုရားပရိဝုဏ် မဟာရံ အုတ်တံတိုင်းတစ်ခန်းကို ကျပ်(၁၀)သိန်းနှင့် ကမ္ဗဋ္ဌာန်းခန်းတစ်ခန်းကို ကျပ်သိန်း(၃၀) ကမ္ပည်းထိုးလှူဒါန်းရန်။
၇။ ရင်ပြင်တော် နေပူခံကျောက်ပြားတစ်ချပ်ကို ကျပ်(၁)သောင်းခင်းရန်နှင့် သောက်တော်ရေအိုးစင် ကျပ်သိန်း(၃၀) ကမ္ပည်းထိုး၍ တည်ဆောက်ရန်။
၈။ မုခ်လေးဖက်တွင် တန်ဆောင်းပြသာဒ်နတ်လမ်း ကျပ်သိန်း(၃၀) ကမ္ပည်းထိုး၍ တည်ဆောက်ရန်။
၉။ နဂါးရုံဘုရားကြီးဂြိုဟ်ပြေနာမ်ပြေအာရုံခံတန်ဆောင်း ကျပ်သိန်း(၃၀)၊ နေ့နံအလိုက် ရေသပ္ပါယ်ဂြိုဟ်တိုင်နှင့် မြတ်စွာဘုရား ကျပ်(၁၁)သိန်း၊ နံ့သာတိုင်အိုး ကျပ်(၃)သိန်း တည်ဆောက်ရန်။
၁၀။ အုတ်တစ်ချပ် (၉၀)ကျပ်၊ ဘိလပ်မြေတစ်အိတ်ကျပ်(၅၀၀၀)၊ သဲကားတစ်စီး ကျပ်(၁၅၀၀၀)၊ မိမိဆန္ဒအလျောက်လှူနိုင်သည်။
၁၁။ သဗ္ဗညုပုထိုးတော်ကြီးအနီး၌ **သဗ္ဗညုရတနာ** အမည်တွင်သော သိမ်သမုတ်အောင်ပြီးပါပြီ။ သိမ်ဆောက်လုပ်လှူဒါန်းရန်။
၁၂။ ဘုရားကျောင်းတော်ကြီးတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်ကြီးများ ပြုပြင်မွမ်းမံရွှေသင်္ကန်း ဆက်ကပ်ပူဇော်ရန်ဖိတ်ခေါ်ခြင်း၊ အလောင်းစည်သူမင်းကြီးကောင်းမှု စည်သူပန်မြတ်စွာ ဘုရားကြီး၊ အနော်ရထာမင်းကြီးကောင်းမှုဘုရားကြီး၊ တန်ခိုးတော်အဖုံဖုံ၊အရွယ်တော်အစုံ မြတ်စွာဘုရားရှင်များ ပြုပြင်မွမ်းမံ ရွှေသင်္ကန်းဆက်ကပ်ကမ္ပည်းထိုးပူဇော်ရန်၊ ရွှေအစစ်သင်္ကန်း ၂လက်မပတ်လည် တစ်ချပ်ကို (၃၆၀)ကျပ်၊ အချပ်ရေပေါင်း (၃၀၀၀၀)ပူဇော်ရမည်ဖြစ်ပါကြောင်း၊ မိမိဆန္ဒအလျောက် လှူနိုင်ပါသည်။ စသည်လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါကြောင်း သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်းတို့အား ဘုရားဖူးကြွလာ ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

အထက်ဖော်ပြပါ ကုသိုလ်ရှင်များအား(August 6, 2016) နံနက်(၉)နာရီတွင် အလှူတော်ငွေပေးအပ်ပွဲ၊ ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်းနှင့် ကုသိုလ်ကောင်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေကြမည်ဖြစ်ပါကြောင်း ကိုယ်တိုင်ကြွရောက် ရွှေးချယ်မှတ်တမ်းတင် ကမ္ပည်းထိုးလှူဒါန်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်း အပ်ပါသည်။

**ဆက်သွယ်နိုင်သောဖုန်းနံပါတ် – ဒေါက်တာ ဒေါ်ပညာသိရီ – ၀၉ ၇၃၁ ၅၂၁၁၂၊ ၀၉ ၈၆၂ ၁၁၃၀၊ ၀၉ ၄၅၀၀၄၆၂၉၀**

**မြောက်ဥက္ကလာ ကမ္ဘောဇဘဏ်PINNYA SIRI – KBZ Bank (Account No.070-301-07000085501, 070-501-07000085501) ဘဏ်စာရင်းသို့ နီးစပ်ရာဘဏ်၌ ထည့်သွင်းလှူဒါန်းနိုင်ပါသည်။**




## ကြော်ငြာ

# ဇီးကုန်းမြို့နယ်အသင်း (ရန်ကုန်)

## ပဥ္စမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ကန်တော့ပွဲ ဖိတ်ကြားလွှာ

ဇီးကုန်းမြို့နယ်အသင်း (ရန်ကုန်) ၏ ပဥ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲကို ၇-၈-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ စမ်းချောင်းမြို့နယ်၊ နေနတ်သားစာသင်တိုက် (ကိုးထပ်ကြီးဘုရားရှေ့) တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဇီးကုန်းမြို့နယ်သူ၊ မြို့နယ်သားများအားလုံး (အသင်းဝင်ဖြစ်စေ၊ မဝင်ရသေးသူဖြစ်စေ) ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဝါဆိုသင်္ကန်းနှင့် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းလိုသူများ ဦးအေးသောင်း (ဥက္ကဋ္ဌ) ဖုန်း-၀၅၆-၂၂၁၃၅၊ ဦးမြင့်ဆွေ (အတွင်းရေးမှူး) ၀၉ ၂၅၄၅၄၁၇၈၈၊ ဦးမြင့်ထွန်း (ဘဏ္ဍာရေးမှူး) ၀၉ ၂၅၄၅၄၇၁၆၉ တို့ထံသို့ ကြိုတင်ပေးပို့ကာ လှူဒါန်းနိုင်ပါသည်။

(နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးပါမည်။)

အမှုဆောင်အဖွဲ့
ဇီးကုန်းမြို့နယ်အသင်း (ရန်ကုန်)

---

✧ မေလျှော့ခံ သတင်းသမားတစ်ဦးရဲ့ ရှစ်လေးလုံးအရေးအခင်းကာလ ရင်ဖွင့်သံ
✧ ဘီဘီစီသတင်းထောက် ခရစ္စတိုဖာဂန်းနက်၏ အမှာစာနှင့်အတူ

# ဘက်လိုက်သတင်းသမားရဲ့ အာဏာရှင်နိုင်ငံတော်ကို ဖြိုလှဲခြင်း

## နေမင်း (သရက်)

တန်ဖိုး ၅၀၀၀ ကျပ်

နိုင်ငံရေးစာပေပွဲတော်ရှိ လွင်ဦးစာပေ (လှည်းတန်း) ၀၉-၇၃၀၆၀၁၇၆ ၀၉-၃၁၀၂၉၆၂၃ အရောင်းဆိုင်တွင် ၁၀ ရာခိုင်နှုန်းလျှော့ဈေးဖြင့် ဝယ်ယူနိုင်ပြီး အနယ်နယ်အရပ်ရပ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူနိုင်ပါပြီ။

---

### ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးကျော်ကျော်လွင်[၁၂/ဥကတ(နိုင်)၀၉၁၁၁၆]၏ သင်္ဘောသားစာအုပ် CDC-67791၊ PP-MB-434380စာအုပ်နှင့် ALL in one Certificates စာအုပ် (3DK-၀၀၄၂၀၅)ပါပိုင်တွဲများ (၂၇-၇-၂၀၁၆)ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၉-၂၅၂၅၈၇၅၂၇၊ ၀၉-၂၀၀၂၉၅၆**

### ပျောက်ဆုံးခြင်း

Apollo Towers Myanmar Ltd ၏ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အမှတ်-၃၃၁၄၆(၁၉-၃-၂၀၁၄) ကတ်ပြားမူရင်းမှာ (၂၅-၇ -၂၀၁၆)ရက်တွင် ပျောက်ဆုံး၍ တွေ့ရှိပါက ပေးပို့ပါရန်။ ဖုန်းနံပါတ်-၀၉-၄၃၀၉၈၉၂၀















# ပထမအကြိမ် နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲကျင်းပ


မိုးရာသီစာအုပ်ဈေးရောင်းပွဲတွင်
ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာဝယ်ယူကြစဉ်။ (ဓာတ်ပုံ-ဇော်မင်းလတ်)

**ရန်ကုန် ဇူလိုင် ၂၉**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ပထမအကြိမ် နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)နှင့် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း ဘဏ္ဍာရေးမှူး ဒေါ်နန်းအိအိဇာတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် မိုးရာသီ စာအုပ်ဈေးရောင်းပွဲရှိ စာအုပ်အရောင်းဆိုင်များကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲကို ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာ၌ ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များထဲတွင် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးကို အရေးကြီးသည့် လုပ်ငန်းတာဝန်တစ်ရပ်အဖြစ် ခံယူထားကြောင်း၊ ထို့ကြောင့် စာပေသမားများ၊ စာအုပ်ထုတ်ဝေသူများ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းတိုင်ပင်၍ သုံး၊ လေးလတစ်ကြိမ် စာပေဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများနှင့် စာအုပ်ဈေးရောင်းပွဲများ ပူးတွဲကျင်းပသည့် အစီအစဉ်တစ်ရပ် ပုံမှန်အကောင်အထည်ဖော်ရန် ညှိနှိုင်းတိုင်ပင်ခဲ့ကြောင်း၊ ပွဲဦးထွက်အဖြစ် ယနေ့ နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း၊ ယခင်အစဉ်အဆက် စာတမ်းဖတ်ပွဲများကျင်းပခဲ့ပါကြောင်း။

ခေါင်းစဉ်အမျိုးမျိုးနှင့် စုံစုံလင်လင်လုပ်ခဲ့သည်ကို တွေ့ရကြောင်း၊ ဘာသာပြန်စာတမ်းဖတ်ပွဲ၊ သိပ္ပံစာပေ နှီးနှောဖလှယ်ပွဲစသည်ဖြင့် ဝတ္ထုတို၊ ဝတ္ထုရှည်၊ သုတစာပေ စသည်ဖြင့် ကဏ္ဍစုံလင်စွာ စာတမ်းဖတ်ပွဲများ ကျင်းပခဲ့ပါကြောင်း၊ ယနေ့ကျင်းပသည့် စာတမ်းဖတ်ပွဲ၊ စာပေဆွေးနွေးပွဲသည် နိုင်ငံရေးအရ ပိုပြီးပွင့်လင်းမှု လွတ်လပ်မှုရှိလာသည့် အနေအထားကို ထင်ဟပ်ပေါ်လွင်စေသောသဘောဖြင့် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❐

# မလေးရှားကို ခက်ခက်ခဲခဲကစားပြီး မြန်မာအမျိုးသမီးဘောလုံးအသင်း ဆီမီးတက်


မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၆ အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲအုပ်စု(ခ) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ကျင်းပသည်။

**မြန်မာ -နှစ်ဂိုး**

**မလေးရှား - တစ်ဂိုး**

မြန်မာအသင်း အလွယ်တကူအနိုင်ရရှိမည်ဟု ထင်မှတ်ထားသော်လည်း မလေးရှားအသင်း၏ ရုန်းကန်မှုကြောင့် နိုင်ပွဲရရှိရန် ခက်ခက်ခဲခဲကစားခဲ့ရသည်။ မြန်မာအသင်းသည် မလေးရှားအသင်းကို နောက်ကျဂိုးဖြင့် အနိုင်ရခဲ့သော်လည်း နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် ဩစတြေးလျအသင်းနှင့် ဆီမီးဖိုင်နယ်တက်ရောက်သွားပြီဖြစ်သည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲလုပ်ခဲ့ပြီး ပထမပွဲတွင် ကစားခွင့်မရခဲ့သည့် စန်းစန်းမော်၊ ခင်မိုးဝေ၊ နော်အားလိုဝါးဖောတို့ကို ပွဲစကတည်းက အသုံးပြုခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့သော်လည်း ဂိုးရလိုစိတ်များနေ၍ ထင်တိုင်းမပေါက်ခဲ့ပေ။ မလေးရှားအသင်းကလည်း ခပ်မာမာတုံ့ပြန်ကစားခဲ့ရာ မြန်မာအသင်း ရုန်းကန်ခဲ့ရပြီး ၁၈ မိနစ်တွင် မထင်မှတ်ဘဲ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖


မြန်မာနှင့်မလေးရှား အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။


ဖလားနှစ်လုံးရရှိရေးကြိုးပမ်းမည့် ရတနာပုံအသင်း။

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှီးထွက် ဆီမီးပြိုင်ပွဲ ရန်ကုန်-ရတနာပုံ၊ မကွေး-ဇွဲကပင် တွေ့ဆုံ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှီးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၃၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ထိပ်သီးအသင်းများဖြစ်သည့် ရန်ကုန်နှင့် ရတနာပုံအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေသလို ခြေစွမ်းမကွာသည့် မကွေးနှင့် ဇွဲကပင်အသင်းလည်း တွေ့ဆုံလျက်ရှိသည်။

ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်များအဖြစ် ဇူလိုင် ၃၀ ရက်တွင် သုဝဏ္ဏကွင်း၌ ရန်ကုန်အသင်းနှင့် ရတနာပုံအသင်း၊ ဇူလိုင် ၃၁ ရက်တွင် သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဒုတိယအကျော့ပွဲစဉ်များကို ဩဂုတ်လ ဒုတိယပတ်တွင်ကျင်းမည်ဖြစ်ပြီး ဩဂုတ် ၁၀ ရက်တွင် မန္တလာသီရိကွင်း၌ **စာမျက်နှာ ၁၀ ကော်လံ ၅ သို့** ❍

## မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ရောက်ရှိနေသော မြန်မာအလုပ်သမား ၂၂၉ ဦးအား ပြန်လည်ခေါ်ယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်

သတင်း စာမျက်နှာ - ၉

